ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

**ချမ်းသာခြင်းအကြောင်းတရား**

သီလရှိခြင်းသည် အိုသည့်တိုင်အောင် ချမ်းသာ၏၊ အခိုင်အမြဲတည်သော သဒ္ဓါတရားရှိခြင်းသည် ချမ်းသာ၏၊ အသိဉာဏ်ပညာကို ရခြင်းသည် ချမ်းသာ၏၊ မကောင်းမှုကို မပြုခြင်းသည် ချမ်းသာ၏။

နာဂဝဂ်(ဓမ္မပဒ-၃၃၃)

၁၃၈၅ ခုနှစ်၊ ဝါခေါင်လဆန်း ၁ ရက်၊ ကြာသပတေးနေ့။ Thursday, 17 August 2023 ၁၁၁၉၀

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# (၁၁)ကြိမ်မြောက် နိုင်ငံတကာလုံခြုံရေးညီလာခံ (MCIS – 2023) ကျင်းပပြုလုပ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မိန့်ခွန်း Video Message ပေးပို့၍ ပါဝင်တက်ရောက်

**နေပြည်တော် ဩဂုတ် ၁၆**

(၁၁)ကြိမ်မြောက် နိုင်ငံတကာလုံခြုံရေးညီလာခံ (MCIS – 2023)ကို ရုရှားနိုင်ငံ မော်စကိုမြို့ရှိ ရုရှားတပ်မတော်မျိုးချစ်ပန်းခြံတွင် ဩဂုတ် ၁၅ ရက်က ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မိန့်ခွန်း Video Message ပေးပို့၍ ပါဝင်တက်ရောက်သည်။

**စတင်ကျင်းပ**

ညီလာခံကို ဒေသစံတော်ချိန် နံနက် ၁၀ နာရီတွင် စတင်ကျင်းပပြုလုပ်ပြီး ရုရှားသမ္မတ ဗလာဒီမာပူတင်က Video Message ဖြင့် မိန့်ခွန်းပြောကြား၍ ဖွင့်လှစ်ပေးသည်။ ထို့နောက် ဒေသစံတော်ချိန် မွန်းလွဲ ၁၂ နာရီ မိနစ် ၂၀ မှ ၂ နာရီအထိ

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် (၁၁)ကြိမ်မြောက် နိုင်ငံတကာလုံခြုံရေးညီလာခံ(MCIS–2023)တွင် Video Message ဖြင့် မိန့်ခွန်းပြောကြားစဉ်။



ကြေးမုံ

# အသေးစားစက်မှုကဏ္ဍမြှင့်တင် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုထောက်ကူ

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် အသေးစား၊ အလတ်စား၊ အကြီးစားစက်မှုလုပ်ငန်းများသည် အရေးပါသည့်ကဏ္ဍများဖြစ်သည်။ “စက်မှုစွမ်းအား ခေတ်ကျော်လွှား”ဆိုသည့်အတိုင်း စက်မှုကဏ္ဍတိုးတက်မှသာ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံ တည်ဆောက်နိုင်မည်ဖြစ်သည်။ စက်မှုလုပ်ငန်းများမှ ပြည်တွင်း၌ လိုအပ်သည့်ကုန်ပစ္စည်းများကို ထုတ်လုပ်နိုင်ခြင်းကြောင့် ပြည်ပသွင်းကုန်များလျှော့ချနိုင်ကာ နိုင်ငံခြားငွေသုံးစွဲမှုများ လျော့နည်းသက်သာပြီး တိုင်းပြည်စီးပွားရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုမည်ဖြစ်သည်။

မြန်မာနိုင်ငံတစ်ဝန်းတွင် အသေးစား၊ အလတ်စားစက်မှုလုပ်ငန်းများ အမြောက်အမြားရှိသည်။ အငယ်စားနမူနာလေးများအဖြစ် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ရွာသစ်ကိုင်းတာကျေးရွာ၌ သံရည်ကျိုလုပ်ငန်း ၁၈ ခုမှ ပြည်တွင်းသုံးသံ၊ သတ္တုကုန်ကြမ်းများနှင့် ပြည်ပပို့ကုန်များထုတ်လုပ်လျက်ရှိသည်။ ကဝမြို့နယ် သပြုစုံပြကျေးရွာတွင် သံရည်ကျို၊ ဒန်၊ သတ္တုလုပ်ငန်းများ လုပ်ကိုင်လျက်ရှိသည်။ ကဝမြို့နယ် သပြုစုံပြကျေးရွာနှင့် ရွာသစ်ကျေးရွာတို့တွင် မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်သုံးစက်ပစ္စည်းများ၊ အီလက်ထရွန်နစ်စက်ပစ္စည်းများ၊ ရေယာဉ်ပန်ကာ၊ အပ်ချုပ်စက်နှင့် လူသုံးကုန်ပစ္စည်းများကို ထုတ်လုပ်လျက်ရှိသည်။

သပြုကျေးရွာ MSME လုပ်ငန်းရှင်များနှင့် သံရည်ကျိုပုံလောင်းလုပ်ငန်းရှင်များ လိုအပ်ချက်ဖြစ်သည့် စွန့်ပစ်သတ္တုဘူးခွံများ၊ ကားနံပါတ်ပြား စွန့်ပစ်သတ္တုများ၊ သတ္တုတွင်းစာ၊ သတ္တုချော်ချေးနှင့် အခြားစွန့်ပစ် သံ၊ သတ္တု စသည့်ကုန်ကြမ်းပစ္စည်းများနှင့် လုပ်ငန်းကြီးများမှထွက်ရှိသည့် သံ၊ သတ္တုစွန့်ပစ်အစိတ်အပိုင်းများကို ပံ့ပိုးပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများ၊ အသင်းအဖွဲ့များနှင့်ချိတ်ဆက်၍ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ စွန့်ပစ်ပစ္စည်းများကို ကုန်ကြမ်းအဖြစ်အသုံးပြုသဖြင့် Reduce၊ Reuse၊ Recycle နှင့် Recover ဆိုသည့် 4R Principle နှင့်အညီ ထုတ်ကုန်ပစ္စည်းများအဖြစ် ပြန်လည်ရောင်းချနိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံရှိ သံရည်ကျိုလုပ်ငန်းအများစုအနေဖြင့် မိရိုးဖလာနည်းစဉ်အတိုင်း သဲကြမ်းကို အသုံးပြုသဖြင့် ကုန်ပစ္စည်းအရည်အသွေးကျဆင်းပြီး ဈေးကွက်တွင် အားနည်းချက်များရှိခဲ့သည်။ ယခုအခါ သံရည်ကျိုခြင်း၊ ပုံလောင်းခြင်းများကို ခေတ်မီနည်းစနစ်များဖြင့် လုပ်ကိုင်ဆောင်ရွက်နိုင်စေရေး သင်တန်းများပို့ချပေးခြင်း၊ နည်းပညာများ မျှဝေပေးနိုင်ခြင်းကြောင့် သံ၊ သတ္တုလုပ်ငန်းများကို အဆင့်မြင့်နည်းပညာများဖြင့် လုပ်ကိုင်သွားနိုင်မည်ဖြစ်ရာ ပြည်ပပို့ကုန်များကို အရည်အသွေးပြည့်မီစွာထုတ်လုပ်နိုင်ခြင်း၊ တီထွင်ဆန်းသစ်မှုများ အဆက်မပြတ်ပြုလုပ်လာနိုင်မည့်အပြင် ဒေသတွင်းရှိ လူငယ်များအား နည်းပညာများ ပြန်လည်မျှဝေပေးနိုင်မည်ဖြစ်၍ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ဖွံ့ဖြိုးလာမည်ဖြစ်သည်။

မြန်မာနိုင်ငံအတွင်း ဖြစ်ထွန်းနေသည့် စီးပွားရေးလုပ်ငန်းများအားလုံး၏ ၉၀ ရာခိုင်နှုန်းကျော်သည် အသေးစား၊ အငယ်စားနှင့် အလတ်စား (MSME) လုပ်ငန်းများဖြစ်သည်။ အဆိုပါလုပ်ငန်းများ၌ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် အရေးပါသည့် သံနှင့်သတ္တု အသေးစား၊ အလတ်စားလုပ်ငန်းများလည်းပါဝင်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် MSME လုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာစေရန် ဒေသအလိုက် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီများကိုဖွဲ့စည်း၍ ကဏ္ဍအလိုက်လိုအပ်ချက်များကို အနီးကပ်ဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိသည်။ MSME လုပ်ငန်းရှင်များအား နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ထောက်ပံ့ကူညီပေးလျက်ရှိသည်။ ထို့အပြင် အတတ်ပညာ၊ နည်းပညာတတ်မြောက်ရေးအတွက်လည်း စက်မှုနည်းပညာရပ်များကို ဒေသအလိုက် သင်ကြားပေးလျက်ရှိသည်။

မြန်မာနိုင်ငံ၏ စက်မှုကဏ္ဍတွင် အချို့စက်ရုံ၊ အလုပ်ရုံများမှာ နည်းပညာ၊ အရင်းအနှီး၊ ကုန်ကြမ်းလိုအပ်ချက်များကြောင့် ရပ်ဆိုင်းထားခြင်း၊ ပိတ်သိမ်းထားခြင်းများရှိသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရလက်ထက်တွင် နိုင်ငံအတွင်းရှိပြီးဖြစ်သည့် စက်ရုံ၊ အလုပ်ရုံများအား ပြည်တွင်းမှထွက်ရှိသည့်ကုန်ကြမ်းများကို အသုံးပြု၍ ပြန်လည်လည်ပတ်ထုတ်လုပ်နိုင်အောင် ဆောင်ရွက်နိုင်ခဲ့သည်။ အခြားစက်ရုံ၊ အလုပ်ရုံများကိုလည်း လည်ပတ်နိုင်အောင် ဆောင်ရွက်လျက်ရှိပြီး ပုဂ္ဂလိကကဏ္ဍမှ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာအောင်လည်း လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး မြှင့်တင်ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ရာ MSME ကဏ္ဍမှ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြခြင်းအားဖြင့် နိုင်ငံ၏ လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာပြီး ဒေသတွင်းအလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်လာမည့်အပြင် နိုင်ငံ့စီးပွား မြင့်မားတိုးတက်ရေးကို အထောက်အကူဖြစ်စေမည်ဖြစ်ပါကြောင်း။ ။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ပြောင်းရွှေ့ခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို ယင်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများသို့ တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်-

| | အမည်၊ လက်ရှိရာထူး၊ ဌာန | ပြောင်းရွှေ့ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (၁) | ဦးကျော်တင်ရှိန်<br>ညွှန်ကြားရေးမှူးချုပ်<br>ကောင်စစ်ရေးရာနှင့်ဥပဒေရေးရာဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>စီမံကိန်းနှင့်စီမံရေးရာဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန |
| (၂) | ဦးအောင်ကျော်ဦး<br>ညွှန်ကြားရေးမှူးချုပ်<br>စီမံကိန်းနှင့်စီမံရေးရာဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>ကောင်စစ်ရေးရာနှင့်ဥပဒေရေးရာဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန |

## ကျောင်းသား ကျောင်းသူ လူငယ်လေးများ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရန် လူငယ်စကားဝိုင်း ကျင်းပ

ရန်ကုန် ဩဂုတ် ၁၆

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်စကားဝိုင်းဆွေးနွေးပွဲကို ဩဂုတ် ၁၅ ရက် နံနက် ၁၀ နာရီက ရန်ကုန်မြို့ သဃ်္ဃန်းကျွန်းမြို့နယ်ရှိ အခြေခံပညာ အထက်တန်းကျောင်း (သုဝဏ္ဏ)၌ ကျင်းပသည်။

အခမ်းအနားတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်အရှေ့ပိုင်းခရိုင်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှလှနွယ်က လူငယ်စကားဝိုင်းကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။



ထို့နောက် လူငယ်စကားဝိုင်းကို ဆက်လက်ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်အရှေ့ပိုင်းခရိုင်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူးနှင့် သဃ်္ဃန်းကျွန်းမြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်း(သုဝဏ္ဏ)မှ ဆရာမ ဒေါ်သူဇာတို့က ဦးဆောင်ဆွေးနွေးသူအဖြစ် ပါဝင်ဆောင်ရွက်ခဲ့ပြီး အခြေခံပညာအထက်တန်းကျောင်း (သုဝဏ္ဏ)မှ ကျောင်းသားကျောင်းသူလေးများက လူငယ်နှင့်အားကစား၊ လူငယ်နှင့်ယဉ်ကျေးမှု၊ လူငယ်နှင့်စာရိတ္တ၊ လူငယ်နှင့်စာပေ၊ လူငယ်နှင့်ကျန်းမာရေး၊ လူငယ်နှင့်နည်းပညာ စသည့်ခေါင်းစဉ်များဖြင့် ပါဝင်ရှင်းလင်း ဆွေးနွေးခဲ့ကြသည်။

ကြေးမုံ

### ဘင်္ဂလားပင်လယ်အော် အခြေအနေ

နေပြည်တော် ဩဂုတ် ၁၆

ယနေ့မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းတွင် ဩဂုတ် ၁၈ ရက်၌ လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရသည်။ မိုး/ဇလ

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၁၆ - ၈ -၂၀၂၃

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၈၀၀ | ၈,၉၀၀ | ၈၃ | ၇၃၇,၇၀၀ |
| MTSH | ၃,၁၀၀ | ၃,၁၅၀ | ၃,၉၅၆ | ၁၂,၃၉၂,၃၀၀ |
| MCB | ၇,၇၀၀ | ၇,၈၀၀ | ၆၃ | ၄၈၅,၄၀၀ |
| FPB | ၁,၆၅၀ | ၁,၇၀၀ | ၄,၀၁၂ | ၆,၆၄၅,၄၀၀ |
| TMH | ၂,၃၅၀ | ၂,၃၀၀ | ၄၀ | ၉၃,၇၅၀ |
| EFR | ၂,၃၅၀ | ၂,၃၀၀ | ၃,၀၄၂ | ၆,၉၉၆,၇၀၀ |
| AMATA | ၅,၀၀၀ | ၄,၉၀၀ | ၂၆ | ၁၂၇,၉၀၀ |
| MAEX | ၁,၉၅၀ | ၁,၉၅၀ | ၁၄၈ | ၂၈၈,၆၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်သက်မွန်နှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်စွာလင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# အာဆီယံ၏ စည်းလုံးညီညွတ်မှုသည် အာရှ-ပစိဖိတ်ဒေသ၏ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် သာယာဝပြောရေးတို့ကို ဖော်ဆောင်ရာတွင် မရှိမဖြစ် အထူးအရေးပါနေသည်ကို တွေ့ရှိရမည်



ရုရှားနိုင်ငံသမ္မတ ဗလာဒီမာပူတင် (၁၁)ကြိမ်မြောက် နိုင်ငံတကာလုံခြုံရေးညီလာခံ(MCIS–2023)ကို Video Message ဖြင့် မိန့်ခွန်းပြောကြား၍ ဖွင့်လှစ်ပေးစဉ်။

☆ ရှေ့ဖုံးမှ

"အရှေ့အလယ်ပိုင်းနှင့် အာဖရိကတိုက်ရှိ လုံခြုံရေးဆိုင်ရာ စစ်ဘက်အမြင်များ" ခေါင်းစဉ်ဖြင့် မျက်နှာစုံညီ အစည်းအဝေး အစီအစဉ်ပထမပိုင်းကိုလည်းကောင်း၊ မွန်းလွဲ ၃ နာရီ မိနစ် ၂၀ မှ ၄ နာရီ မိနစ် ၅၀ အထိ "အာရှ-ပစိဖိတ်ဒေသတွင်း လုံခြုံရေး" ခေါင်းစဉ်ဖြင့်အစည်းအဝေး ဒုတိယပိုင်းကိုလည်းကောင်း၊ ညနေ ၅ နာရီ မိနစ် ၂၀ မှ ၇ နာရီအထိ "စစ်ဘက်ဆိုင်ရာဌာနများ၏ အပြန်အလှန်ဆက်ဆံရေး-အခြေအနေများနှင့် မျှော်မှန်းချက်များ" ခေါင်းစဉ်ဖြင့် အစည်းအဝေးတတိယပိုင်းကိုလည်းကောင်း ကျင်းပပြုလုပ်ခဲ့သည်။ အစည်းအဝေးအစီအစဉ် ဒုတိယပိုင်းပြုလုပ်နေစဉ် မွန်းလွဲ ၃ နာရီ ၅၂ မိနစ်မှ ၄ နာရီ ၈ မိနစ်အထိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ မိန့်ခွန်း Video Message ကို ပြသသည်။

### သုံးသပ်ဆွေးနွေးသွားမည်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ မိန့်ခွန်းအပြည့်အစုံမှာ မိမိအနေဖြင့် ယနေ့ကျင်းပပြုလုပ်သည့် ညီလာခံကို လူကိုယ်တိုင် ပါဝင်တက်ရောက်လိုပါသော်လည်း လုပ်ငန်းတာဝန်များဖြင့် မအားလပ်ခြင်းကြောင့် ယခုကဲ့သို့ ဆွေးနွေးချက် ဗီဒီယိုဖိုင်ဖြင့်သာပေးပို့၍ ပါဝင်ဆောင်ရွက်ရခြင်း ဖြစ်ပါကြောင်း၊ ယနေ့ကျင်းပပြုလုပ်သော ညီလာခံတွင် **"အာရှ-ပစိဖိတ်ဒေသတွင်း တည်ငြိမ်အေးချမ်းရေးအတွက် အရေးပါသော အာဆီယံအဖွဲ့၏ စည်းလုံးညီညွတ်မှု"**နှင့် ပတ်သက်ပြီး သုံးသပ်ဆွေးနွေးသွားမည် ဖြစ်ပါကြောင်း။

အာရှ-ပစိဖိတ်ဒေသတွင် အာရှကုန်းမြေဒေသ၊ ပစိဖိတ်နှင့် အိန္ဒိယသမုဒ္ဒရာတို့ အကျုံးဝင်နေပါကြောင်း၊ အာရှ-ပစိဖိတ်ဒေသတွင်ကမ္ဘာ့လူဦးရေ၏ထက်ဝက်ကျော် ဖြစ်သည့် ၄ ဒသမ ၃ ဘီလီယံကျော် နေထိုင်လျက်ရှိပြီး ကမ္ဘာ့လူဦးရေ အများဆုံးနိုင်ငံများဖြစ်သော တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့ ပါဝင်တည်ရှိနေပါကြောင်း။

ကမ္ဘာ့လူဦးရေ စုစုပေါင်း၏ ၆၀ ရာခိုင်နှုန်းကျော် နေထိုင်လျက်ရှိသော အာရှ-ပစိဖိတ်ဒေသအတွက် စားနပ်ရိက္ခာလုံခြုံမှုရှိရေးသည် အခြေခံအကျဆုံးနှင့် အဓိကအကျဆုံး လိုအပ်ချက်တစ်ခု ဖြစ်လာပါကြောင်း၊ စားနပ်ရိက္ခာလုံခြုံမှုရှိရေးတွင် အဓိကကျသော စိုက်ပျိုးရေးအတွက် လိုအပ်သည့် လောင်စာဆီ၊ ဓာတ်မြေဩဇာများအပါအဝင် အထောက်အကူပြုပစ္စည်းများ ရောင်းဝယ်ရာ၌ အချို့နိုင်ငံများသည် ဘဏ္ဍာရေးလုံခြုံမှုနှင့် ယှဉ်တွဲပြီးဖြစ်လာသော ဒေါ်လာငွေကြေးကို လက်နက်သဖွယ် အသုံးချလျက်ရှိကြောင်း။

၂၀၂၂ ခုနှစ်တွင် အာရှ-ပစိဖိတ်ဒေသ၏ ရောင်းကုန်ကုန်သွယ်ခြင်းအနေဖြင့် အမေရိကန်ဒေါ်လာ ၁၉ ထရီလီယံခန့်ရှိခဲ့ပြီး စီးပွားရေးဆိုင်ရာ ဝန်ဆောင်မှုကုန်သွယ်ခြင်းအနေဖြင့် အမေရိကန်ဒေါ်လာ ၃ ဒသမ ၅ ထရီလီယံခန့်ရှိခဲ့ပါကြောင်း၊ ကမ္ဘာ့ပင်လယ်ရေကြောင်း ကုန်သွယ်မှုသည် အာရှ-ပစိဖိတ်ဒေသတွင် အများဆုံးဆောင်ရွက်လျက်ရှိပြီး ကမ္ဘာ့နိုင်ငံများအချင်းချင်း ကုန်သွယ်မှုပြုရာတွင် အာရှ-ပစိဖိတ်ဒေသ၌ ၅၉ ရာခိုင်နှုန်းခန့်ကုန်ချပြီး ၄၀ ရာခိုင် နှုန်းခန့် ကုန်တင်မှုများရှိပါကြောင်း၊ ထို့ပြင် ကမ္ဘာ့ထိပ်တန်း ကွန်တိန်နာဆိပ်ကမ်း ၃၀ အနက် ၂၀ မှာ အာရှ-ပစိဖိတ်ဒေသတွင် တည်ရှိပြီး ကမ္ဘာ့ပင်လယ်ရေကြောင်း ကွန်တိန်နာ ပို့ဆောင်ရေးလမ်းကြောင်း၏ ၅၆ ရာခိုင်နှုန်းကိုလည်း ပိုင်ဆိုင်ထားပါကြောင်း။

### ရေနံလိုအပ်ချက် မြင့်တက်လာနိုင်

အာရှ-ပစိဖိတ်ဒေသ၏ ရေနံထုတ်လုပ်မှုတွင် တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့က ဦးဆောင်လျက်ရှိပြီး တရုတ်နိုင်ငံသည် ရေနံထုတ်လုပ်သည့် ထိပ်တန်းနိုင်ငံဖြစ်သော်လည်း ပြည်တွင်းသုံးစွဲမှုလိုအပ်ချက်အရ ပြည်ပနိုင်ငံများမှ ရေနံများ တင်သွင်းရလျက်ရှိပါကြောင်း၊ အမေရိကန်နိုင်ငံနှင့် တရုတ်နိုင်ငံပြီးလျှင် အိန္ဒိယနိုင်ငံသည် ကမ္ဘာ့တတိယရေနံသုံးစွဲမှုအများဆုံးနိုင်ငံ ဖြစ်ပါကြောင်း၊ အာရှ-ပစိဖိတ်ဒေသသည် ၂၀၂၂ ခုနှစ်တွင် ကမ္ဘာ့ရေနံထုတ်လုပ်မှု၏ ၈ ဒသမ ၃ ရာခိုင်နှုန်းကို ထုတ်လုပ်ထားပြီး ဒေသတွင်းလိုအပ်ချက်အား ပြည့်မီနိုင်ရန် ကမ္ဘာ့ရေနံထုတ်လုပ်မှု၏ ၃၈ ရာခိုင်နှုန်းကို အာရှ-ပစိဖိတ်ဒေသတွင် သုံးစွဲလျက်ရှိပါကြောင်း၊ နိုင်ငံတကာ စွမ်းအင်အေဂျင်စီ၏ အချက်အလက်များအရ အာရှ-ပစိဖိတ်ဒေသ၏ ရေနံလိုအပ်ချက်မှာ လက်ရှိကာလတွင် တစ်ရက်လျှင်ရေနံစည် ၃၀ ဒသမ ၈ သန်းဖြစ်ပြီး ၂၀၃၀ ပြည့်နှစ်တွင် တစ်ရက်လျှင် ရေနံစည် ၃၈ ဒသမ ၅ သန်းအထိ မြင့်တက်လာနိုင်သည့်အတွက် အာရှ-ပစိဖိတ်ဒေသတွင် ရေနံနှင့်သဘာဝဓာတ်ငွေ့ဈေးကွက် ကြီးမားစွာဖြစ်ပေါ်နေပါကြောင်း။

အာရှ-ပစိဖိတ်ဒေသသည် လူဦးရေများပြားခြင်းနှင့် ကမ္ဘာ့ကုန်သွယ်ရေးတွင် အချက်အချာကျနေခြင်းတို့အပြင် လုံခြုံရေးအပါအဝင် ကဏ္ဍမျိုးစုံ၌ အရေးပါသည့် ဒေသဖြစ်လာသည့်အတွက် အမေရိကန်နိုင်ငံအပါအဝင် ဥရောပသမဂ္ဂနှင့် NATO အဖွဲ့ဝင်နိုင်ငံများကလည်း ၎င်းတို့၏ အကျိုးစီးပွားအတွက် အာရှ-ပစိဖိတ်ဒေသအပေါ် စိတ်ဝင်စားမှု မြင့်တက်လာပြီး ဒေသတွင်းနိုင်ငံများနှင့် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ထိတွေ့ဆက်ဆံမှုများ တိုးမြှင့်ဆောင်ရွက်လာသည်ကို တွေ့ရှိရပါကြောင်း။

ကပ်ရောဂါဖြစ်ပွားမှု၊ အင်အားကြီးနိုင်ငံများ၏ အားပြိုင်မှုများ၊ မဖြေရှင်းနိုင်သေးသည့် နယ်မြေပိုင်ဆိုင်ခွင့် အငြင်းပွားမှုများနှင့် လတ်တလော ပေါ်ပေါက်နေသော အရေးအခင်းများ၏ ပေါင်းစပ်သက်ရောက်မှုများကြောင့် မျက်မှောက်ကာလတွင် ကမ္ဘာကြီး၏ အနေအထားသည် ကြီးမားစွာ ကွဲပြားကွာဟမှုများနှင့် တွေ့ကြုံနေရပြီး လုံခြုံရေးကဏ္ဍတွင်လည်း အပြိုင်အဆိုင် လွှမ်းမိုးနိုင်ရန် အပြင်းအထန် အားထုတ်မှုများနှင့်အတူ ကြီးမားသည့် အင်အားချိန်ခွင်လျှာ အပြောင်းအလဲများ ဖြစ်ပေါ်လျက်ရှိပါကြောင်း၊ ထိုကဲ့သို့ တည်ငြိမ်လုံခြုံမှုပိုမိုလျော့နည်းလာသည့် ကမ္ဘာ့အနေအထားသည် အာရှ-ပစိဖိတ်ဒေသကြီး၏ လုံခြုံရေးနှင့် စီးပွားရေးကဏ္ဍများ၌ သိသာထင်ရှားသည့် သက်ရောက်မှုများ ဖြစ်ပေါ်လျက်ရှိပါကြောင်း။

ကမ္ဘာ့အနေအထား မတည်ငြိမ်မှုနှင့် မလုံခြုံမှုတို့မှတစ်ဆင့် ဖြစ်ပေါ်လာသော ထိခိုက်မှုများကို လျော့ပါးသွားစေရန် လုပ်ဆောင်ရာ၌ အာဆီယံကဲ့သို့သော ဒေသတွင်း ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့အစည်းများသည် အထူးအရေးကြီးသည့် ကဏ္ဍမှ ပါဝင်လျက်ရှိပါကြောင်း၊ အပြန်အလှန်ဆွေးနွေးမှုများကို မြှင့်တင်ခြင်း၊ ပဋိပက္ခဖြေရှင်းရေး လုပ်ငန်းစဉ်များကို ဖော်ဆောင်ပေးခြင်း၊ စီးပွားရေး ပေါင်းစည်းဆောင်ရွက်မှုများကို တိုးမြှင့်စေခြင်းနှင့် နိုင်ငံအများပူးပေါင်းပါဝင်ဆောင်ရွက်မှုကို အားပေးကျင့်သုံးခြင်းများသည် အာရှ-ပစိဖိတ်ဒေသအတွက် စိန်ခေါ်မှုများအား ရင်ဆိုင်ရာ၌ အထောက်အကူဖြစ်စေသည့်အပြင် မရေရာမတည်ငြိမ်သည့် ကမ္ဘာ့ပတ်ဝန်းကျင် အနေအထားအား တည်ငြိမ်အေးချမ်းပြီး သာယာဝပြောမှုတို့ကို ပြန်လည်ဖော်ဆောင်နိုင်ရန်အတွက်လည်း ကူညီပံ့ပိုးပေးနိုင်မည်ဖြစ်ပါကြောင်း။

### စည်းလုံးညီညွတ်စွာ ဖော်ဆောင်နိုင်ခဲ့

အာဆီယံအဖွဲ့အား ၁၉၆၇ ခုနှစ်တွင် ကနဦးအဖွဲ့ဝင်နိုင်ငံများဖြစ်သော အင်ဒိုနီးရှားနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ စင်ကာပူနိုင်ငံနှင့် ထိုင်းနိုင်ငံတို့က အာဆီယံကြေညာချက်ကို လက်မှတ်ရေးထိုး၍ ဖွဲ့စည်းခဲ့ပါကြောင်း၊ ထို့နောက် ၁၉၈၄ ခုနှစ်တွင် ဘရူနိုင်းနိုင်ငံ၊ ၁၉၉၅ ခုနှစ်တွင် ဗီယက်နမ်နိုင်ငံ၊ ၁၉၉၇ ခုနှစ်တွင် မြန်မာနိုင်ငံနှင့် လာအိုနိုင်ငံ၊ ၁၉၉၉ ခုနှစ်တွင် ကမ္ဘောဒီးယားနိုင်ငံတို့က အာဆီယံအဖွဲ့ဝင်နိုင်ငံများအဖြစ် ဝင်ရောက်လာခဲ့ပါကြောင်း၊ ဘာသာရေးအရ ကွဲပြားခြားနားမှုရှိသည့် အာဆီယံနိုင်ငံများသည် စတင်ဖွဲ့စည်းခဲ့စဉ် ချမှတ်ခဲ့သော အာဆီယံပဋိညာဉ်စာတမ်းပါ အခြေခံမူဝါဒများဖြစ်သည့် အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးကို မစွက်ဖက်ရေးနှင့် အဖွဲ့ဝင်နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူများအား ၎င်း၏နှစ်ပေါင်း ၅၆ နှစ်တာသက်တမ်းတစ်လျှောက်လုံး ခိုင်ခိုင်မာမာ စွဲကိုင်ရပ်တည်လာခဲ့ပြီး အဖွဲ့ဝင်နိုင်ငံများ၏ အကျိုးစီးပွားကို စည်းလုံးညီညွတ်စွာဖြင့် ဖော်ဆောင်နိုင်ခဲ့ပါကြောင်း။

လက်ရှိကာလတွင် လူဦးရေ ၆၈၇ သန်းကျော်ရှိပြီး စီးပွားရေးအရလည်း GDP ဒေါ်လာ ၃ ဒသမ ၆၆ ထရီလီယံကျော်ရှိသော အာဆီယံသည် ၎င်း၏ ခိုင်မာတောင့်တင်းသော အင်အားနှင့် စွမ်းပကားကိုအသုံးပြု၍ ဒေသတွင်းနှင့် ဒေသပြင်ပနိုင်ငံများစွာ၏ အကျိုးစီးပွားအတွက်လည်း ထမ်းရွက်ပံ့ပိုးပေးနိုင်သည့်အခြေအနေကို ရောက်ရှိနေပြီဖြစ်ပါကြောင်း၊ ထို့ပြင် အာဆီယံအဖွဲ့ဝင်နိုင်ငံများသည် မြေပေါ်၊ မြေအောက်နှင့် ရေသယံဇာတများထုတ်ယူပြီး ကမ္ဘာကြီး၏ စွမ်းအင်လိုအပ်ချက်နှင့် စားနပ်ရိက္ခာလိုအပ်ချက်များအား တစ်ဖက်တစ်လမ်းမှ ပံ့ပိုးပေးနေလျက်ရှိပါကြောင်း၊ အာရှ-ပစိဖိတ်ဒေသရှိ အာဆီယံအဖွဲ့သည် ဒေသတွင်း ပေါင်းစည်းညီညွတ်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအတွက် မောင်းနှင်အားတစ်ခု ဖြစ်လာခဲ့ပါကြောင်း၊ အာဆီယံစီးပွားရေး အသိုက်အဝန်း၊ နိုင်ငံရေးနှင့် လုံခြုံရေးအသိုက်အဝန်း၊ လူမှုရေးနှင့် ယဉ်ကျေးမှုအသိုက်အဝန်း အစရှိသည့် စုဖွဲ့မှုများနှင့် အာဆီယံအဖွဲ့ဝင်များအကြား စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုကဏ္ဍများ၌ ပေါင်းစည်းညီညွတ်မှုကို ဖော်ဆောင်နိုင်ခဲ့ပါကြောင်း။

**စာမျက်နှာ ၄ သို့** ☆

☆ **ကမ္ဘာ့အနေအထား မတည်ငြိမ်မှုနှင့် မလုံခြုံမှုတို့မှတစ်ဆင့် ဖြစ်ပေါ်လာသော ထိခိုက်မှုများကို လျော့ပါးသွားစေရန် လုပ်ဆောင်ရာ၌ အာဆီယံကဲ့သို့သော ဒေသတွင်း ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့အစည်းများသည် အထူးအရေးကြီးသည့်ကဏ္ဍမှ ပါဝင်လျက်ရှိ**

☆ **အပြန်အလှန်ဆွေးနွေးမှုများကို မြှင့်တင်ခြင်း၊ ပဋိပက္ခဖြေရှင်းရေးလုပ်ငန်းစဉ်များကို ဖော်ဆောင်ပေးခြင်း၊ စီးပွားရေးပေါင်းစည်းဆောင်ရွက်မှုများကို တိုးမြှင့်စေခြင်းနှင့် နိုင်ငံအများ ပူးပေါင်းပါဝင်ဆောင်ရွက်မှုကို အားပေးကျင့်သုံးခြင်းများသည် အာရှ- ပစိဖိတ်ဒေသအတွက် စိန်ခေါ်မှုများအား ရင်ဆိုင်ရာ၌ အထောက်အကူဖြစ်စေသည့်အပြင် မရေရာမတည်ငြိမ်သည့် ကမ္ဘာ့ပတ်ဝန်းကျင်အနေအထားအား တည်ငြိမ်အေးချမ်းပြီး သာယာဝပြောမှုတို့ကို ပြန်လည်ဖော်ဆောင်နိုင်ရန်အတွက်လည်း ကူညီပံ့ပိုးပေးနိုင်မည်**

☆ စာမျက်နှာ ၃ မှ

အာဆီယံအဖွဲ့သည် စစ်ရေးမဟာမိတ်အုပ်စု မဟုတ်သော်လည်း အဖွဲ့ဝင်နိုင်ငံများ၏ ကာကွယ်ရေးပေါင်းစည်းအင်အားမှာ ကြီးမားလှပါကြောင်း၊ စစ်ရေးအတွေ့အကြုံရှိသည့် ဗီယက်နမ်၊ မြန်မာနှင့် စွမ်းပကားထက်မြက်သော လက်နက်များ ပိုင်ဆိုင်ထားသည့် အာဆီယံနိုင်ငံများ၏ ပေါင်းစည်းအင်အားသည် ကမ္ဘာကြီးအတွက် အသင့်အတင့်အားထားနိုင်သော အခြေအနေတွင်ရှိပါကြောင်း၊ အာဆီယံအဖွဲ့သည် အာရှ-ပစိဖိတ်ဒေသအတွင်း ပြင်ပအင်အားကြီးနိုင်ငံများနှင့် ထိတွေ့ဆက်ဆံရာတွင် အရှေ့အာရှထိပ်သီးဆွေးနွေးပွဲ၊ အာဆီယံအပေါင်းသုံး အစရှိသည့် အာဆီယံနှင့် ပြင်ပမိတ်ဖက်နိုင်ငံများအကြား ဆွေးနွေးပွဲ ယန္တရားများတွင် အာဆီယံသည် အဓိကအချက်အချာကျသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည့်အပြင် ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုများအပေါ် ဩဇာသက်ရောက်လျက်ရှိပြီး ငြိမ်းချမ်းသော ဆက်ဆံရေးလမ်းကြောင်းများကို အားပေးမြှင့်တင်ကာ အကျိုးတူကိစ္စရပ်များအတွက် ပူးပေါင်းဆောင်ရွက်မှုများကိုလည်း အားကောင်းစေလျက်ရှိပါကြောင်း။

ထို့ကြောင့် အာဆီယံ၏ စည်းလုံးညီညွတ်မှုသည် အာရှ-ပစိဖိတ်ဒေသ၏ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် သာယာဝပြောရေးတို့ကို ဖော်ဆောင်ရာတွင် မရှိမဖြစ် အထူးအရေးပါနေသည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ အာဆီယံ၏ စည်းလုံးညီညွတ်မှု ခိုင်မြဲနေသမျှ အာဆီယံသည် အာရှ-ပစိဖိတ်ဒေသအတွက် အရေးပါသည့် အင်အားအဖြစ် ရှိနေမည်ဖြစ်ပါကြောင်း၊ အာဆီယံအဖွဲ့ကြီးအနေဖြင့် အဖွဲ့ဝင်နိုင်ငံများအကြား စည်းလုံးညီညွတ်မှုကို အားကြိုးမာန်တက် ဖော်ဆောင်လျက်ရှိချိန်တွင် တစ်ဖက်တွင်လည်း အဆိုပါစည်းလုံးညီညွတ်မှုကို စိန်ခေါ်နေသော ခြိမ်းခြောက်မှုများလည်း ရှိနေပါကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း (၁၁)ကြိမ်မြောက် နိုင်ငံတကာလုံခြုံရေးညီလာခံ (MCIS – 2023) တက်ရောက်စဉ်။

### ကြိုးပမ်းအားထုတ် ဆောင်ရွက်လျက်ရှိ

မိမိတို့ မြန်မာနိုင်ငံနှင့်ပတ်သက်၍ လက်ရှိကာလတွင် မြန်မာနိုင်ငံ၏ အချို့ဒေသများမှအပ နေရာဒေသအများစုတွင် နိုင်ငံရေး၊ စီးပွားရေး၊ လုံခြုံရေးအရ တည်ငြိမ်မှုရှိအောင် ဆောင်ရွက်ထားနိုင်ပြီဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် လွတ်လပ်၍ တရားမျှတသောပါတီစုံဒီမိုကရေစီရွေးကောက်ပွဲတစ်ရပ်ကို ကျင်းပပြီး အနိုင်ရရှိသော နိုင်ငံရေးပါတီအား ဒီမိုကရေစီစံနှုန်းနှင့်အညီ နိုင်ငံတော်အာဏာကို ပြန်လည်အပ်နှင်းနိုင်ရေးအတွက် နိုင်ငံတစ်ဝန်းလုံခြုံမှုရှိစေရေး၊ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ကြိုးပမ်းအားထုတ် ဆောင်ရွက်လျက်ရှိသည်ကို ပြောကြားလိုပါကြောင်း။

အာဆီယံဒေသသည် အိန္ဒိယသမုဒ္ဒရာနှင့် ပစိဖိတ်သမုဒ္ဒရာတို့ကို ပေါင်းကူးပေးသည့်နေရာတွင်ရှိပြီး အာရှ-ပစိဖိတ်ဒေသ၏ ဗဟိုချက်အဖြစ် တည်ရှိလျက်ရှိပါကြောင်း၊ အာဆီယံ၏စည်းလုံးညီညွတ်မှုသည် အာရှ-ပစိဖိတ်ဒေသကြီးတစ်ခုလုံး၏ တည်ငြိမ်အေးချမ်းရေးအတွက် များစွာအရေးပါလျက်ရှိသဖြင့် အနာဂတ်တွင် အာရှ-ပစိဖိတ် ဒေသတွင်း နက်နဲရှုပ်ထွေးသောစိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းရာတွင် အာဆီယံအပါအဝင် ဒေသတွင်းနိုင်ငံများအားလုံး၏ စည်းလုံးညီညွတ်မှု၊ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုခိုင်မာအောင်ဆောင်ရွက်ကာ ကျော်လွှားတုံ့ပြန်သွားကြရမည် ဖြစ်ပါကြောင်း၊ ဒေသတွင်းနိုင်ငံများအကြား အငြင်းပွားမှုများနှင့် ပြဿနာများအား ငြိမ်းချမ်းသော နည်းလမ်းဖြင့် ဆွေးနွေးညှိနှိုင်းအဖြေရှာသွားရမည်ဖြစ်ပြီး ရရှိလာသော အခွင့်အလမ်းများကို အမိအရအသုံးချ၍ ဒေသတွင်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက်(၁၁)ကြိမ်မြောက် နိုင်ငံတကာလုံခြုံရေးညီလာခံ (MCIS – 2023) ကို ဒေသစံတော်ချိန် ည ၆ နာရီခွဲတွင် ရုပ်သိမ်းလိုက်သည်။

### ပါဝင်တက်ရောက်

အဆိုပါ (၁၁)ကြိမ်မြောက် နိုင်ငံတကာလုံခြုံရေးညီလာခံ (MCIS – 2023) သို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အပါအဝင် နိုင်ငံငါးနိုင်ငံမှ အကြီးအကဲများက ဗီဒီယိုမှတ်တမ်းပေးပို့၍ ပါဝင်တက်ရောက်ခဲ့ပြီး မြန်မာနိုင်ငံမှ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း အပါအဝင် နိုင်ငံပေါင်း ၂၀ မှ ကာကွယ်ရေးဝန်ကြီးအဆင့်ပုဂ္ဂိုလ် ၂၀၊ နိုင်ငံ ၁၆ နိုင်ငံမှ ဒုတိယ ကာကွယ်ရေးဝန်ကြီးအဆင့် ပုဂ္ဂိုလ် ၁၆ ဦး၊ နိုင်ငံ ၁၂ နိုင်ငံမှ ညွှန်ကြားရေးမှူးအဆင့် ပုဂ္ဂိုလ် ၁၂ ဦး အပါအဝင် စုစုပေါင်း ၈၀၀ ကျော် ပါဝင်တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

❖ **အာဆီယံဒေသသည် အိန္ဒိယသမုဒ္ဒရာနှင့် ပစိဖိတ်သမုဒ္ဒရာတို့ကို ပေါင်းကူးပေးသည့်နေရာတွင်ရှိပြီး အာရှ-ပစိဖိတ်ဒေသ၏ ဗဟိုချက်အဖြစ် တည်ရှိလျက်ရှိ**

❖ **အာဆီယံ၏စည်းလုံးညီညွတ်မှုသည် အာရှ-ပစိဖိတ်ဒေသကြီးတစ်ခုလုံး၏ တည်ငြိမ်အေးချမ်းရေးအတွက် များစွာအရေးပါလျက်ရှိသဖြင့် အနာဂတ်တွင် အာရှ-ပစိဖိတ်ဒေသတွင်း နက်နဲရှုပ်ထွေးသော စိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းရာတွင် အာဆီယံအပါအဝင် ဒေသတွင်းနိုင်ငံများအားလုံး၏ စည်းလုံးညီညွတ်မှု၊ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုခိုင်မာအောင်ဆောင်ရွက်ကာ ကျော်လွှားတုံ့ပြန်သွားကြရမည်**

❖ **ဒေသတွင်းနိုင်ငံများအကြား အငြင်းပွားမှုများနှင့် ပြဿနာများအား ငြိမ်းချမ်းသောနည်းလမ်းဖြင့် ဆွေးနွေးညှိနှိုင်းအဖြေရှာသွားရမည်ဖြစ်ပြီး ရရှိလာသော အခွင့်အလမ်းများကို အမိအရအသုံးချ၍ ဒေသတွင်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်**

## ပြင်ဆင်ဖတ်ရှုပါရန်

ဩဂုတ် ၁၆ ရက် ကြေးမုံသတင်းစာပါ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် သတင်း စာမျက်နှာ ၃ ကော်လံ ၄ တွင် ပါရှိသည့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင် အစား အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**သတင်းစဉ်၊ စာတည်းအဖွဲ့**

# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး ဝန်ထမ်းများအတွက် ၂၀၂၃ ခုနှစ် အခြေခံရုံးလုပ်ငန်းသင်တန်း(ပထမအကြိမ်) ဖွင့်လှစ်

**နေပြည်တော် ဩဂုတ် ၁၆**

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး အရာထမ်း/အမှုထမ်းများအတွက် ၂၀၂၃ ခုနှစ် အခြေခံရုံးလုပ်ငန်းသင်တန်း (ပထမအကြိမ်) ဖွင့်ပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ကော်မရှင်ရုံး Conference Room ၌ ကိုဗစ်-၁၉ ရောဂါကာလအတွင်း လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ ကျင်းပသည်။




အခမ်းအနားသို့ ကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ကော်မရှင်အဖွဲ့ဝင်များ၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးများ၊ သင်တန်းတက်ရောက်ရမည့် အရာထမ်း/အမှုထမ်းများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်က ယခုသင်တန်းသည် ကော်မရှင်ရုံးဝန်ထမ်းများ အမှန်တကယ် တတ်မြောက်ရန် လိုအပ်သည့် အခြေခံ ရုံးလုပ်ငန်းဘာသာရပ်များဖြစ်သည့်အတွက် သင်တန်းသားများအနေဖြင့် ဂရုတစိုက် သင်ကြားစေလိုကြောင်း၊ သင်တန်းဖွင့်လှစ်ရခြင်းသည် အသစ်ခန့်အပ်ထားသည့် ဝန်ထမ်းများ အနေဖြင့် အခြေခံရုံးလုပ်ငန်းကို သိရှိနားလည်ရန် လိုအပ်သည့်အတွက် သင်တန်းဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ကော်မရှင်ဒုတိယဥက္ကဋ္ဌက အမှာစကားပြောကြားပြီး ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ်က အခြေခံရုံးလုပ်ငန်းသင်တန်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

အဆိုပါ သင်တန်းအား ကော်မရှင်ရုံး ရုံးချုပ်နှင့် ရုံးခွဲများ အပါအဝင် သင်တန်းသားဦးရေ ၁၉ ဦးဖြင့် (ပထမအကြိမ်) ဖွင့်လှစ်သွားမည်ဖြစ်ပြီး သင်တန်းကာလ ၁၀ ရက် ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# (၇)ကြိမ်မြောက် တရုတ်–တောင်အာရှ ကုန်စည်ပြပွဲနှင့် (၂၇)ကြိမ်မြောက် တရုတ် (ကူမင်း) ပို့ကုန်/သွင်းကုန် ကုန်စည်ပြပွဲသို့ ပြည်ထောင်စုဝန်ကြီးများ တက်ရောက်

**ကူမင်း ဩဂုတ် ၁၆**

တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့ Kunming Dianchi Lake International Convention and Exhibition Centre ၌ ယနေ့တွင် ကျင်းပသည့် (၇) ကြိမ်မြောက် တရုတ်– တောင်အာရှ ကုန်စည်ပြပွဲနှင့် (၂၇)ကြိမ်မြောက် တရုတ် (ကူမင်း) ပို့ကုန်/သွင်းကုန် ကုန်စည်ပြပွဲ (7th China–South Asia Exposition and the 27th China Kumming Export and Import Fair) သို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာကံဇော်၊ ဦးမောင်မောင်အုန်းနှင့် ဦးအောင်နိုင်ဦးတို့ တက်ရောက်ကြသည်။

**တက်ရောက်**

ဖွင့်ပွဲအခမ်းအနားသို့ တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး နိုင်ငံခြားရေးရာ ဗဟိုကော်မရှင်ညွှန်ကြားရေးမှူးနှင့် CPC ဗဟိုကော်မတီ နိုင်ငံရေးဗျူရိုအဖွဲ့ဝင် မစ္စတာ ဝမ်ယိ၊ သီရိလင်္ကာ ဒီမိုကရက်တစ်ဆိုရှယ်လစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် H.E Dinesh Gunawardena၊ နီပေါနိုင်ငံ ဒုတိယသမ္မတ H.E Ran Sahay Prasad Yadav၊ CPC ယူနန်ပြည်နယ်ကော်မတီ အတွင်းရေးမှူး H.E Wang Ning၊ ယူနန်ပြည်နယ် အုပ်ချုပ်ရေးမှူး မစ္စတာ ဝမ်ယွီပေါ်၊ လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယသမ္မတ H.E Pany Yatho Tou၊ ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E Tran Luu Quang၊ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ စီးပွားရေးရာ ဒုတိယဝန်ကြီး H.E Li Fei ၊ CPC ဗဟိုကော်မတီ နိုင်ငံတကာရေးရာဌာန ဒုတိယဝန်ကြီး H.E Sun Haiyan၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး၊ ဘူတန်ဘုရင်နိုင်ငံ စက်မှု၊ စီးပွားရေးနှင့် အလုပ်ခန့်ထားရေးဝန်ကြီး H.E Karma Dorji၊ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ လက်ထောက်ဝန်ကြီး H.E Nong Rong၊ မော်ဒိုက် သမ္မတနိုင်ငံ နိုင်ငံခြားရေးရာ ဝန်ကြီး H.E Ahmed Kahaleel၊ နီကာရာဂွါ သမ္မတနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေး၊ စက်မှုနှင့် စီးပွားရေးရာဝန်ကြီး H.E Jesu’s Bermudez၊ ပြင်သစ်လွှတ်တော် အမတ် H.E Philippe Folliot တို့ တက်ရောက်ကြသည်။

အခမ်းအနားမစတင်မီ ပြပွဲ၏ ဂုဏ်ထူးဆောင်နိုင်ငံ ပြခန်းဖွင့်ပွဲ အခမ်းအနားကို ကျင်းပရာ ယဉ်ကျေးမှုဝန်ကြီးဌာနမှ အနုပညာရှင်များက မြန်မာ့ယဉ်ကျေးမှုအကဖြင့် တင်ဆက်ကပြကြပြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက နှုတ်ခွန်းဆက်စကားပြောကြား၍ အာဆီယံနှင့် တောင်အာရှ နိုင်ငံအချို့မှ နိုင်ငံတော်အဆင့် ပုဂ္ဂိုလ်များနှင့် အကြီးအကဲများ၊ ပြည်ထောင်စုဝန်ကြီးနှင့် ယူနန်ပြည်နယ် အုပ်ချုပ်ရေးမှူး မစ္စတာ ဝမ်ယွီပေါ်တို့က ပြခန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကာ ဧည့်သည်တော်များနှင့်အတူ လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ (၇)ကြိမ်မြောက် တရုတ်–တောင်အာရှ ကုန်စည်ပြပွဲကို ကျင်းပရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက တရုတ်ပြည်သူ့ သမ္မတနိုင်ငံ အာဆီယံနှင့် တောင်အာရှနိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်များနှင့်အတူ တက်ရောက် အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက မြန်မာနိုင်ငံသည် တရုတ်နိုင်ငံနှင့် တောင်အာရှနိုင်ငံများ အကြား ပေါင်းကူးသဖွယ် တည်ရှိနေကြောင်း၊ ထို့ကြောင့် ဒေသတွင်း စီးပွားရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုများမှတစ်ဆင့် တိုးတက်မှုအလျင်မြန်ဆုံး ဒေသအဖြစ် ပြည်သူများ၏ သာယာဝပြောရေးကို ဖော်ဆောင်ပေးနိုင်ရေး ခိုင်မာသော ပူးပေါင်းဆက်သွယ်မှုများ အလေးထား ဆောင်ရွက်သွားလိုကြောင်း၊ ဒေသတွင်း စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက်များအနေဖြင့် အာဆီယံ–တရုတ် လွတ်လပ်သော ကုန်သွယ်မှုသဘောတူညီချက် ASEAN China Free Trade Agreement ACFTA 3.0 အဆင့်မြှင့်တင်ရေး ညှိနှိုင်းဆွေးနွေးရေး တတိယ အကျော့ကို ၂၀၂၃ ခုနှစ် ဇွန်လတွင် ကူမင်းမြို့၌ ကျင်းပခဲ့ကြောင်း၊ နောက်တစ်ကြိမ်တွင် ကျင်းပမည့် ညှိနှိုင်းဆွေးနွေးပွဲတွင် ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ဝန်ဆောင်မှုကဏ္ဍများသာမက ကဏ္ဍအားလုံး ပါဝင်သော လွတ်လပ်သော ကုန်သွယ်မှုဒေသ ဖန်တီးတည်ဆောက်နိုင်ရန် ဒစ်ဂျစ်တယ် စီးပွားရေး၊ အစိမ်းရောင် စီးပွားရေး ကဏ္ဍများကိုလည်း ဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ ဒေသတွင်း ကုန်သွယ်ရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု ဖွံ့ဖြိုးတိုးတက်စေရန်၊ တရုတ်နိုင်ငံနှင့် တောင်အာရှ အရှေ့တောင်အာရှ နိုင်ငံများမှ ပြည်သူများ စည်းလုံးညီညွတ်ရေး၊ သာယာဝပြောရေးနှင့် ကုန်စည်ပြပွဲ အောင်မြင်စေရန် ဆုမွန်ကောင်း တောင်းပါကြောင်း ပြောကြားသည်။

ကုန်စည်ပြပွဲတွင် မြန်မာနိုင်ငံမှ ကုန်သည်နှင့် လုပ်ငန်းရှင်ပေါင်း ၁၀၀ ကျော်တို့က နိုင်ငံ၏ လယ်ယာထွက်ကုန်များ၊ လက်မှုပစ္စည်းများနှင့် အဖိုးတန် ကျောက်မျက်ရတနာများကို ခင်းကျင်းပြသမည်ဖြစ်ပြီး ဆက်စပ်စီးပွားရေး ဖိုရမ်များသို့လည်း တက်ရောက်ကြမည်ဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် ယခုကဲ့သို့ ပါဝင်ပြသခြင်းသည် ဒုတိယအကြိမ်ဖြစ်ပြီး ပထမအကြိမ်အဖြစ် ၂၀၁၈ ခုနှစ် ဇွန်လတွင် ကျင်းပသည့် (၅) ကြိမ်မြောက် တရုတ်–တောင်အာရှ ကုန်စည်ပြပွဲတွင်လည်း ပါဝင်ပြသခဲ့ကြောင်း၊ ပြပွဲခေါင်းစဉ်မှာ Solidarity and Coordination for Common Development ဖြစ်ကြောင်း သိရသည်။

ပြပွဲသို့ နိုင်ငံပေါင်း ၈၄ နိုင်ငံမှ အဆင့်မြင့် ကိုယ်စားလှယ်တော်များ တက်ရောက်ကြသည်။

အဆိုပါ ကုန်စည်ပြပွဲသို့ မြန်မာနိုင်ငံမှ ပြခန်းပေါင်း ၃၆ ခန်း ပြသခဲ့ကာ အာဆီယံနှင့် တောင်အာရှနိုင်ငံများ၊ ကမ္ဘာတစ်ဝန်းရှိ နိုင်ငံများနှင့် ဒေသပေါင်း ၈၀ ကျော်မှ ကုန်စည်ပြခန်းများပါဝင်ပြီး စက်မှုကဏ္ဍ၊ လယ်ယာကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ ဇီဝဆေးနှင့် အထွေထွေပစ္စည်းများ၊ နိုင်ငံတကာ လူသိများသော စီးပွားရေးလုပ်ငန်းများနှင့် ထုတ်ကုန်များ၊ တောင်အာရှ၏ ကုန်စည်ပြခန်းများ၊ အဆင့်မြင့် ကုန်ထုတ်လုပ်ငန်းပြခန်းများနှင့် အခြားပြခန်း အမျိုးအစားပေါင်း ၁၅ ခုပါဝင်ကြောင်း သိရသည်။

**သတင်းစဉ်**









# မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်းမှ ကြည်ညိုဖွယ်ရာများ

ကမ္ဘာပေါ်ရှိစကျင်ကျောက်ထွင်း ဗုဒ္ဓရုပ်ပွားတော် များတွင် ဥဇ္ဇာတော်အမြင့်ဆုံး ဖြစ်သည့် မာရဝိဇယဗုဒ္ဓပရိဝုဏ်သို့ ရောက်ရှိလာကြသော ဘုရားဖူးဓမ္မပရိသတ်အတွက် လောကီလောကုတ္တရာ နှစ်ဖြာအကျိုးဖြင့် ယှဉ်၍ ကြည်ညိုဖွယ်ရာများကို မြန်မာနိုင်ငံအရပ်ရပ်မှ ဘုရားဖူးပရိသတ်များအကျိုးငှာ လက်လှမ်းမီသမျှ တင်ပြအပ်ပါသည်။



မာရဝိဇယစကျင်ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး

**မာရဝိဇယစကျင်ကျောက်ဆစ် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး**

မာရဝိဇယ စကျင်ကျောက်ဆစ်ရုပ်ပွားတော်မြတ်ကြီးသည် ကမ္ဘာပေါ်၌ စကျင်ကျောက်ဆစ်ထိုင်တော်မူ ရုပ်ပွားတော်များအနက် ဥဇ္ဇာတော်အမြင့်ဆုံး ဖြစ်သည်။ မာရဝိဇယဘွဲ့တော်သည် မာရ်နတ်၏ရန်စွယ်အန္တရာယ်အဖုံဖုံကို အလုံးစုံအောင်မြင်တော်မူသော မြတ်စွာဘုရားဟု အဓိပ္ပာယ်ရသည်။ ရုပ်ပွားတော်မြတ်ကြီးကို ဘုရားရှင်တို့၏ လက္ခဏာတော်ကြီးငယ် အသွယ်သွယ်တို့ဖြင့် ပြည့်စုံကိုက်ညီအောင် နိုင်ငံတော် ဩဝါဒါစရိယ ဆရာတော်ကြီးများ၏ လမ်းညွှန်မှုဖြင့် တင့်တယ်သပ္ပာယ်သော ဘူမိဖဿမုဒြာဖြင့် ထုလုပ်ပူဇော်ထားရှိသည်။

**နဂါးရုံဘုရား**

မြတ်စွာဘုရားရှင်သည် အဇပါလ(ဆိတ်ကျောင်း) ညောင်ပင်ရင်း၌ သီတင်းသုံးတော်မူလျက် တရားတော်မြတ်ကို ဆင်ခြင်ခြင်းအားဖြင့် ခုနစ်ရက်တာ ကုန်လွန်စေပြီးလျှင် ထိုအဇပါလညောင်ပင်ရင်းမှ ဖယ်ခွာ၍ မဟာဗောဓိပင်မှ အရှေ့တောင်ဘက်အရပ် မုစလိန္ဒအိုင်အနီးရှိ ကျည်းပင်ရင်း၌ အရဟတ္တဖိုလ်ချမ်းသာကို ခံစားလျက် ခုနစ်ရက်ပတ်လုံး ကုန်လွန်စေခဲ့သည်။ ထိုအချိန်တွင် မြတ်စွာဘုရားပွင့်တော်မူချိန် စကြာမင်းတို့ ပေါ်ထွန်းချိန်တို့တွင် ရွာသွန်းလေ့ရှိသော အခါမဲ့မိုးကြီးသည် ခုနစ်ရက်ပတ်လုံး ရွာသွန်းလေရာ မုစလိန္ဒနဂါးမင်းသည် ဘုရားရှင်တော်မြတ်အား မိုးစက်မိုးမှုန်တို့ မထိမခရလေအောင် ကြီးစွာသော သဒ္ဓါဇောဖြင့် ဘုရားရှင်တော်မြတ်၏ ခန္ဓာကိုယ်အား မိမိကိုယ်ဖြင့် ခုနစ်ပတ် ရစ်ပတ်ကာရန်၍ အထက်မှလည်း ပါးပျဉ်းဖြင့် အုပ်မိုးကာကွယ်လျက် ပူဇော်သက္ကာမှုပြုခဲ့သည်။ မြတ်စွာဘုရား၏ ဂုဏ်တော်နှင့် နဂါးမင်း၏ ကြည်ညိုသဒ္ဓါ တရားတို့ကို ဖော်ကျူးသော မုစလိန္ဒသတ္တာဟ (နဂါးရုံဘုရား)ကို ဖူးမြော်ကြည်ညို၍ ကုသိုလ်ပွားများ နိုင်ပါသည်။



နဂါးရုံဘုရား

**ကျောက်စာရုံ စေတီများ**

မြတ်စွာဘုရားရှင် ဟောကြားတော်မူခဲ့သော ဝိနည်း၊ သုတ္တံ၊ အဘိဓမ္မာ အစရှိသော ပိဋကတ်များကို မင်းတုန်းမင်းလက်ထက်က ပူဇော်ကျင်းပခဲ့သော ဆဋ္ဌသင်္ဂါယနာ မူအတိုင်း ထွင်းထုလျက် ကျောက်ထက်အက္ခရာ တင်လှူပူဇော်ထားရှိပါသည်။ ကျောက်စာချပ်ရေ ၁၄၄၀ ကို ကျောက်စာရုံစေတီပေါင်း ၇၂၀ တွင် တည်ထားပူဇော်ပြီး လက်ရှိပစ္စုပ္ပန်သာမက အနာဂတ်သာသနာတော်အတွက်ပါ ရည်မှန်းတည်ထားခဲ့ရာ စာသင်သံဃာတော်များ၊ သုတေသီများနှင့် ဗဟုသုတရှာမှီးသူများအနေဖြင့် ကုသိုလ်ပညာနှစ်ဖြာရစေနိုင်သော သာသနိက အဆောက်အအုံ ဓမ္မစေတီများဖြစ်ပါသည်။



ကျောက်စာရုံစေတီများ

**အောင်မြေ**

မာရဝိဇယရုပ်ပွားတော်မြတ်ကြီး စံပယ်တော်မူရာ ရင်ပြင်တော်ပေါ်တွင် အောင်မြေအမှတ်အသားဖြင့် ဝတ်ပြုဖူးမြော်ရာ နေရာရှိသည်။ မဇ္ဈိမဒေသ ဗုဒ္ဓဂယာသတ္တဋ္ဌာန ခုနစ်နေရာမှ အောင်မြေများနှင့် မြန်မာနိုင်ငံတော် တစ်ဝန်းတည်ရှိနေသော တန်ခိုးကြီးမား ဘုရားစေတီများရှိ အောင်မြေဌာန ၃၅ ခုတို့မှ အောင်မြေများဖြင့် ပေါင်းစု၍ အောင်မြေအဖြစ် တည်ထားခဲ့သည်။ ကျောက်မျက်ရတနာများ ခင်းကျင်းဖြန့်ကျဲလျက် ပူဇော်ခဲ့ပြီး မင်္ဂလာအခါတော်တွင် ပထဝီဇယဂါထာမန္တန်တော်ကို ရွတ်ဆိုတည်ထားခဲ့သော ရင်ပြင်တော်ပေါ်ရှိ အောင်မြေဌာနမှနေ၍ ရုပ်ပွားတော်မြတ်ကို ကြည်ညိုဘာဝနာပွားခြင်းဖြင့် လောကီလောကုတ္တရာ အကျိုးဖြစ်ထွန်းစေနိုင်မည်ဖြစ်သည်။

စာမျက်နှာ ၇ သို့ ❂



ဗောဓိညောင်ပင်



အောင်မြေအမှတ်အသားဖြင့် ဝတ်ပြုဖူးမြော်ရာနေရာ

# ဘုရားကြီးကို ဖူးမြော်ရတဲ့အခါ ဘုရားကြီးရဲ့ တန်ခိုးတော်ကြောင့် ရင်ထဲနှလုံးသားထဲမှာ ကြည်လင်အေးမြသွားပါတယ်

ဦးညီလှ

ကမ္ဘာပေါ်တွင် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား အများပြည်သူဖူးမြော်နိုင်ရေး ခွင့်ပြုပေးခဲ့သည့် ကိုးရက်မြောက်နေ့ဖြစ်သော ဩဂုတ် ၁၆ ရက်တွင်လည်း အနယ်နယ် အရပ်ရပ်မှ ဘုရားဖူးလာ ရဟန်းရှင်လူ၊ ပြည်သူများဖြင့် စည်ကားလျက်ရှိကာ ယင်းသို့လာရောက်သည့် ဘုရားဖူးပြည်သူများအနက်မှ တချို့အား တန်ခိုးတော်ကြီးမားသည့် ရုပ်ပွားတော်မြတ်ကြီး ဖူးမြော်ကြည်ညိုရခြင်းကြောင့် ရရှိလာသော ဝမ်းသာကြည်နူးပီတိဖြစ်မှုများအား တွေ့ဆုံမေးမြန်းထားသည်များကို ပြန်လည်ဖော်ပြလိုက်ပါသည် -


ဦးညီလှ


ဒေါ်ကုလာရီ


ဒေါ်ခင်မြတ်သွယ်


ဒေါ်တုတ်


ဦးစံညွန့်

**ဦးညီလှ (မြို့သစ်မြို့နယ်)**

ကျွန်တော်က မကွေးတိုင်းဒေသကြီး မြို့သစ်မြို့ ရွှေလရောင်ကွက်သစ်ရပ်ကွက်ကပါ။ ကျွန်တော်တို့ မနက် ၅ နာရီလောက်က ထွက်လာတာပါ။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးက အင်မတန်မှကြည်ညိုစရာ ကောင်းပါတယ်။ ပြီးတော့ ဗုဒ္ဓသာသနာရဲ့ အထွတ်အမြတ်ဖြစ်တဲ့အတွက်ကြောင့် ဖူးချင်စိတ်တွေ ပြင်းပြစွာနဲ့ လာရောက်ဖူးမြော်ရခြင်း ဖြစ်ပါတယ်။ အခုဘုရားကြီးမှာ ဓာတ်ပုံတွေလည်း ရိုက်ပြီးသွားပြီ၊ မှတ်တမ်းတွေလည်း ယူပြီးသွားပါပြီ။ ကျွန်တော်တို့ဆီက လာရောက်မဖူးမြော်ရသေးတဲ့ ဗုဒ္ဓဘာသာဝင်မိတ်ဆွေအပေါင်းကို ပြန်လည်ပြီးတော့ မျှဝေဖို့ပါ။ ဘုရားကြီးကို ဖူးမြော်ရတဲ့အခါ ဘုရားကြီးရဲ့ တန်ခိုးတော်ကြောင့် ရင်ထဲနှလုံးသားထဲမှာ ကြည်လင်အေးမြသွားပါတယ်။ ကျောက်စာရုံစေတီတွေထဲမှာ ကျောက်စာတွေက အများကြီးဆိုတော့ ရောက်တုန်းရောက်ခိုက်လေးမှာ နေရာအနှံ့လည်ပတ်ပြီး လေ့လာဖတ်ရှုရဦးမှာပါ။ ဗုဒ္ဓသာသနာရဲ့ အထွတ်အမြတ်ဖြစ်တဲ့ ပိဋကတ်သုံးပုံတော်မှာပါတဲ့ ဝိနည်းတွေ၊ အဘိဓမ္မာတွေကို လေ့လာမှာဆိုတော့ နေရာစုံအောင်တော့ သွားရောက်လေ့လာဖတ်ရှုမှာပါ။ ဒီဘုရားကြီးကို တည်ထားပေးတဲ့ ဦးဆောင်ဦးရွက်ပြုသူတွေ အားလုံးကို ကျေးဇူးတင်ပါတယ်။ ထူးထူးခြားခြားကတော့ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးရဲ့ မျက်နှာတော်က ကြည်လင်ပြီးတော့ မေတ္တာဓာတ် အပြည့်အဝပေးတယ်လို့ ခံစားရပါတယ်။ ဒါကိုက အင်မတန် ထူးခြားတယ်လို့ မြင်ပါတယ်။ ဗုဒ္ဓဘာသာဝင်အားလုံး ဖူးမြော်သင့်တဲ့ ဘုရားကြီးတစ်ဆူဖြစ်သလို လူသားအားလုံးအတွက်လည်း အေးချမ်းသာယာပြီး အနားယူခိုလှုံရာ နေရာတစ်ခုဖြစ်တဲ့အတွက် လာရောက်ဖူးမြော်ကြပါလို့ နှိုးဆော်ချင်ပါတယ်။

**ဒေါ်ကုလာရီ (မိတ္ထီလာမြို့)**

ကမ္ဘာပေါ်မှာရှိတဲ့ ထိုင်တော်မူဗုဒ္ဓရုပ်ပွားတော်တွေထဲမှာ အကြီးဆုံးဖြစ်သလို ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတည်ခါစဆိုတော့ ကြည်ညိုလွန်းလို့၊ ဖူးချင်လွန်းလို့ လာရောက်ဖူးမြော်တာပါ။ အခုမှရောက်တာဆိုတော့ အခြားနေရာတွေ မဖူးရသေးဘူး။ ဘုရားကြီးပဲ ဖူးရသေးတယ်။ သတင်းစာတွေနဲ့ ရုပ်မြင်သံကြားတွေမှာ ဖူးရတယ်။ ကိုယ်တိုင်လက်တွေ့လာရောက်ဖူးမြော်လိုက်တော့ ကြည်နူးရတယ်၊ အံ့ဩရတယ်၊ ဝမ်းသာပီတိဖြစ်ရပါတယ်။ ကမ္ဘာပေါ်မှာ ဉာဏ်တော်အမြင့်ဆုံးဆိုတော့ ထူးထူးခြားခြား ဖူးမြော်ရပါတယ်။ လာရောက်မဖူးမြော်ရသေးတဲ့သူတွေအနေနဲ့ လာရောက်ဖူးမြော်သင့်ပါတယ်။ ထူးဆန်းအံ့ဩဖွယ်၊ ကြည်ညိုဖွယ်ကောင်းတဲ့အတွက် လာရောက်ဖူးမြော်ကြပါလို့ ပြောချင်ပါတယ်။

**ဒေါ်ခင်မြတ်သွယ် (ဇေယျာသီရိမြို့နယ်)**

ကျွန်မကတော့ အထက (၁) ဇေယျာသီရိမြို့နယ်က မူလတန်းပြဆရာမပါ။ ဘုရားကြီးနဲ့ ကျောက်စာရုံစေတီတွေကို ဖူးပြီးသွားပါပြီ။ ကျောင်းသား ကျောင်းသူတွေကို ကျောက်စာရုံစေတီတွေမှာရှိတဲ့ ကျောက်စာတွေနဲ့ပတ်သက်ပြီး ရှင်းလင်းပြောကြားပေးပါတယ်။ ပြီးတော့ ဂန္ဓကုဋိတိုက်တွေထဲမှာရှိတဲ့ ဗုဒ္ဓဝင်ဇာတ်တော်တွေကို ရေးဆွဲထားတဲ့ ပန်းချီကားချပ်တွေအကြောင်း ရှင်းပြတယ်။ ကလေးတွေသိချင်တာကို ကိုယ်သိသလောက်၊ မှတ်သလောက်လေး ရှင်းပြရတာပေါ့။ ကျောင်းသား ကျောင်းသူလေးတွေကို ကျောင်းအစီအစဉ်နဲ့ပို့တာ နှစ်ခေါက်ရှိပါပြီ။ ဒီနေ့ သုံးခေါက်မြောက်အနေနဲ့ Grade-4 နဲ့ Grade-5 ဆိုတော့ လူဦးရေ ငါးရာလောက်တော့ရှိမယ်။ ကားဆယ်စီးနဲ့လာရောက်ဖူးမြော်တာပါ။ ပြီးခဲ့တဲ့နေ့တွေကတော့ ခုနစ်ရာ၊ ရှစ်ရာ ရှိတယ်။ ကားကတော့ ပိုများတယ်။ ဒီလိုလိုက်ပို့ပေးတဲ့အတွက် ကျောင်းသား ကျောင်းသူလေးတွေရဲ့ ရင်ထဲမှာ ကောင်းတဲ့အရာလေးတွေ တစ်ခုခုရသွားမယ်၊ မသိသေးတာလေးတွေ တစ်ခုလောက်သိသွားမယ်ဆိုရင်ပဲ လိုက်ပို့ရကျိုးနပ်ပါတယ်။

**ဒေါ်တုတ် (ရေးဦးမြို့နယ်)**

ဒီဘုရားကြီးကို ဖူးမြော်ခွင့်ရတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ပြီးတော့ ဘုရားကြီးဝင်းအတွင်းမှာ စကျင်ကျောက်တွေ ခင်းထားတဲ့အတွက်လည်း ပိုပြီးအေးချမ်းတယ်လို့ ခံစားရပါတယ်။ ဘုရားကြီးကလည်း သပ္ပာယ်ပြီး ကြည်ညိုစရာကောင်းပါတယ်။ နောက်ပြီး အခုလိုပေါများလှတဲ့ ဘုရားဖူးလာဧည့်ပရိသတ်တွေကိုလည်း တစ်ခါမှုမမြင်ဖူးပါဘူး။ ဒီလိုဖူးမြော်ခွင့်ရအောင် ဆောင်ရွက်ပေးတဲ့ ဦးဆောင်ဘုရားဒါယကာကြီးနဲ့ အလှူရှင်အပေါင်းကိုလည်း ကျေးဇူးတင်ပါတယ်။

**ဦးစံညွန့် (လယ်ဝေးမြို့နယ်)**

ကျွန်တော်ကတော့ လယ်ဝေးမြို့နယ် ပင်ငါးမြောင် ကျေးရွာကပါ။ ဘုရားကြီးက ကမ္ဘာပေါ်မှာရှိတဲ့ ထိုင်တော်မူ ဗုဒ္ဓရုပ်ပွားတော်တွေထဲမှာ အကြီးဆုံးဆိုတော့ လာပြီးဖူးမြော်လိုက်တာ။ တကယ်လည်း ကြီးကျယ်ခမ်းနားလှပါတယ်။ ကျောက်စာတွေမှာ ပါဠိနဲ့ရိုမန် နှစ်ဘာသာနဲ့ ရေးထားတာဆိုတော့ လေ့လာဖတ်ရှုမယ်ဆိုပြီး ဒီကျောက်စာရုံစေတီဘက်ကို လာခဲ့လိုက်တာ။ ပါဠိနဲ့ ရေးထွင်းထားတာတော့ ကောင်းပါတယ်။ ပါဠိနဲ့ရေးထားတော့ ကျွန်တော်တို့ကိုယ်တိုင်က ဗုဒ္ဓဘာသာဝင်တွေဆိုတော့ နားလည်တယ်။ အမှန်အတိုင်းပြောရရင် ရိုမန်နဲ့ရေးထားတာကတော့ ကျွန်တော်တို့လည်း မဖတ်တတ်ဘူး။ နိုင်ငံတကာက လာရင်တော့ ဖတ်လို့ အဆင်ပြေတာပေါ့။ အခုလာရောက်ဖူးမြော်ရတာလည်း ရွာကဆရာတော်ဘုရားရဲ့ကျေးဇူးကြောင့်ပါ။ ဆရာတော်က လိုက်ပို့လို့ ဖူးရတာပါ။


ဦးသောင်းမြင့်


ဦးကျော်တင့်

**ဦးသောင်းမြင့် (ကညွတ်ကွင်းမြို့)**

ကျွန်တော်က ပဲခူးတိုင်းဒေသကြီး ကညွတ်ကွင်းမြို့ကပါ။ နိဗ္ဗာန်ကိုမျှော်မှန်းပြီး ဘုရားကြီးကို လာရောက်ဖူးမြော်တာပါ။ ကျွန်တော်က ရောဂါလည်းစုံတယ်။ အဲဒါကြောင့် တစ်သက်မှာတစ်ခါ လာရောက်ဖူးမြော်တာပါ။ ည ၇ နာရီလောက်မှပဲ ပြန်မှာပါ။ ကိုယ်တိုင်လက်တွေ့ လာရောက်ဖူးမြော်လိုက်တော့ ဗုဒ္ဓဘုရားစင်စစ်ကို ဖူးမြော်ရသလို ခံစားရပါတယ်။ လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါအားလုံး ဘုရားရဲ့ အဆုံးအမတွေကို လိုက်နာကျင့်ကြံအားထုတ်မယ်ဆိုရင် ကျန်းမာ၊ ချမ်းသာတဲ့ဘဝတွေ ပိုင်ဆိုင်ကြမှာပါ။ ကျွန်တော်လည်း အဲဒီလိုပါ။ ဘုရားရိပ်၊ တရားရိပ်အောက်မှာ ခိုလှုံဖို့ရောက်လာခဲ့တာပါ။အခုလည်း ဒီဘုရားကြီးကိုရောက်တော့ အေးချမ်းသလို ခံစားရပါတယ်။ အသက်က ၇၇ နှစ်ရှိပြီး။ နှလုံးတို့၊ ကျောက်ကပ်တို့က မကောင်းဘူး။ ဒါပေမယ့် အသက်ရှိနေစဉ်မှာ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို ဖူးမြော်ချင်တဲ့ ဆန္ဒရှိတာကြောင့် လာရောက်ဖူးမြော်တာပါ။

**ဦးကျော်တင့် (ပျဉ်းမနားမြို့နယ်)**

ကျွန်တော်က ပျဉ်းမနားမြို့နယ် မီးလောင်ကုန်း ရွာသစ်အုပ်စုကပါ။ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို ဖူးချင်တဲ့စိတ်က အာသီသများနေတဲ့အတွက် လာရောက်ဖူးမြော်ရခြင်း ဖြစ်ပါတယ်။ ဘုရားကြီးက သပ္ပာယ်ပြီး ကြည်ညိုစရာကောင်းပါတယ်။ ဂန္ဓကုဋိတိုက်ထဲမှာ ဗုဒ္ဓဝင်ဇာတ်တော်လာတွေကို ပန်းချီကားနဲ့ ရေးဆွဲသရုပ်ဖော်ထားတာကို လေ့လာဖတ်ရှုရပါတယ်။ ဒါတွေကို ဖတ်ရှုရခြင်းအားဖြင့် သံဝေဂရစရာတွေလည်း တွေ့ရပါတယ်။ ကျွန်တော့်အနေနဲ့ ဒီလိုကြီးတဲ့ ဘုရားကြီးကို ဖူးမြော်ရတဲ့အတွက် အတိုင်းမသိ ဝမ်းသာပီတိဖြစ်ရပါတယ်။ စကျင်ကျောက်တွေပေါ်မှာ ထွင်းထုထားတဲ့ ဗိသုကာလက်ရာတွေကလည်း အင်မတန်ကောင်းမွန်တဲ့ လက်ရာတွေပါ။ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနဲ့ အတူ ထူးခြားကောင်းမွန်တဲ့ ဗိသုကာလက်ရာတွေ၊ စကျင်ကျောက်စာတွေကို ကမ္ဘာကိုချပြခွင့်ရတော့ ဗုဒ္ဓဘာသာဝင်တစ်ယောက်အနေနဲ့ ဝမ်းသာပီတိဖြစ်ရပါတယ်။

**တွေ့ဆုံမေးမြန်း - အလင်းသစ်၊ သန်းတင်အောင်**

**ဓာတ်ပုံ - နေမျိုး**

---

❂ စာမျက်နှာ ၆ မှ

**မဟာဗောဓိညောင်ပင်**

(ကာဠူ၊ ယသော်၊ ညီတော်၊ ဆန္ဒ၊ ကဏ္ဍက၊ သောဏ၊ ဗုဒ္ဓဟော၊ ဖွားဖက်တော်မြတ် ခုနစ်ရပ် မှတ်ကြ မျိုးလေးဆွေ) မြတ်စွာဘုရားအလောင်းတော် ဖွားမြင်တော်မူစဉ် တစ်ချိန်တည်း ပေါ်ထွန်းခဲ့သော မဟာဗောဓိ ညောင်ပင်သည် ဘုရားအဖြစ်သို့ ရောက်တော်မူမည့် အချိန်တွင် ဘုရားရှင်သည် အဆိုပါ မဟာဗောဓိညောင်ပင်ကိုကျောထောက် နောက်ခံထား၍ အင်္ဂါလေးပါး ရှိသော ဝီရိယဖြင့် ဆောက်တည်လျက် သမ္မာသမ္ဗုဒ္ဓမြတ်စွာဘုရား အဖြစ်သို့ ရောက်ရှိတော်မူခဲ့ရာ ပရိဘောဂစေတီ ထိုက်ပေသည်။ မဟာဗောဓိပင်ကို မာရဝိဇယ ဗုဒ္ဓဥယျာဉ်တော်အတွင်း စိုက်ပျိုးထားရှိသည်။ ဗောဓိပင်ပတ်လည် ပလ္လင်ခုံတွင် ခုနစ်ရက်သားသမီးများအတွက် အရပ်ရှစ်မျက်နှာ တည်ထားသော ဆင်းတုတော်များ ရှိသည်။ ဆင်းတုတော်များ ရေသပ္ပာယ်ရန်နှင့် ဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်းနိုင်ရန် လှပသောကျောက်ထွင်းရေအိုးကြီးများနှင့် အလျဉ်မပြတ်သော ရေများလည်း ရှိနေသည်။

မာရဝိဇယ စကျင်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးရှိရာ ဗုဒ္ဓဥယျာဉ်တော်သို့ ဖူးမြော်ကြည်ညိုရန် ရောက်ရှိလာကြသော ကျောင်းသားလူငယ်များနှင့် အနယ်နယ်အရပ်ရပ်မှ လာရောက်ဖူးမြော်ကြည်ညိုကြသူ လူငယ်မောင်မယ်လေးများ ဖြန့်ကြက်တွေးတောဆင်ခြင်၍ ကုသိုလ်ပညာ ရရှိကြပါစေကြောင်း ရည်ရွယ်တင်ပြလိုက်ရပါသည်။ **အလင်းသစ်၊ နေမျိုး၊ သန်းတင်အောင်**

# အကြမ်းဖက်မှုဟူသမျှ ညီညီညွတ်ညွတ်တိုက်ဖျက်ကြ

အကြမ်းဖက်အဖွဲ့အစည်းတွေဟာ အချိန် နေရာ ဒေသမရွေး အပြစ်မဲ့ပြည်သူလူထုကို ခြိမ်းခြောက်သတ်ဖြတ်လေ့ရှိကြလို့ ကမ္ဘာပေါ်မှာရှိတဲ့ လူ့အဖွဲ့အစည်းတိုင်းဟာ အကြမ်းဖက်ဝါဒရဲ့ခြိမ်းခြောက်မှုကို ခံနေရပါတယ်။ စစ်ရေးဆိုင်ရာပစ်မှတ်မဟုတ်တဲ့ အရပ်သားတွေ၊ အရပ်ဘက်အခြေခံအဆောက်အအုံတွေ၊ နိုင်ငံရဲ့အထင်ကရ အရေးပါတဲ့နေရာတွေကို တိုက်ခိုက်ဖျက်ဆီးလေ့ရှိကြတဲ့ အကြမ်းဖက်အဖွဲ့အစည်းတွေရဲ့ အကြမ်းဖက်လုပ်ရပ်တွေကို ကမ္ဘာ့နိုင်ငံအသီးသီးက လက်မခံဘဲ အမြဲတမ်းသတိကြီးစွာထားပြီး ကာကွယ်နေကြရတာကို မြင်တွေ့ရမှာဖြစ်ပါတယ်။

**မင်းခန့်**

ဒီလို အကြမ်းဖက်အဖွဲ့အစည်းတွေရဲ့ အန္တရာယ်ကို ကာကွယ်ရာမှာ နိုင်ငံနယ်နိမိတ်၊ မတူကွဲပြားတဲ့ ဘာသာစကား၊ ကမ္ဘာ့နိုင်ငံအားလုံး လက်ခံထားတဲ့ အကြမ်းဖက်ဝါဒအဓိပ္ပာယ်၊ အကြမ်းဖက်မှုနဲ့ ပတ်သက်တဲ့ ဥပဒေစည်းမျဉ်းတွေအပေါ် အငြင်းပွားနေကြဖို့မလိုဘဲ ကမ္ဘာ့နိုင်ငံအသီးသီးပူးပေါင်းပြီး စုပေါင်းကာကွယ်ကြရမှာ ဖြစ်ပါတယ်။

ယနေ့ နိုင်ငံတကာမှာဖြစ်ပေါ်နေတဲ့ အကြမ်းဖက်အဖွဲ့အစည်းတွေရဲ့ အန္တရာယ်ကို ခြုံငုံသုံးသပ်ကြည့်လိုက်ရင် နိုင်ငံတစ်ခုမှာ အကြမ်းဖက်မှုတွေ ကြီးစိုးလာပြီဆိုရင် သက်ဆိုင်ရာနိုင်ငံအတွက် ဆိုးကျိုးဖြစ်စေရုံသာမက အကြမ်းဖက်သမားတွေရဲ့ အယူဝါဒတွေဟာ အခြားဒေသတွင်းနိုင်ငံတွေကိုပါ ရိုက်ခတ်လာပြီး ကမ္ဘာ့အကြမ်းဖက်အဖွဲ့တွေနဲ့ ချိတ်ဆက်သွားကြတာကို တွေ့ရပါတယ်။ ဒါကြောင့် အကြမ်းဖက်သမားတွေရဲ့ ဆင်ခြင်တုံတရားမဲ့စွာ အပြစ်မဲ့ပြည်သူတွေအပေါ် ဥပဒေမဲ့ကျူးလွန်နေတဲ့ အကြမ်းဖက်လုပ်ရပ်တွေကို နိုင်ငံရေးအရ အကာအကွယ်ပေးမှုတွေရှိနေကြရင် အကြမ်းဖက်ဝါဒနဲ့ အကြမ်းဖက်အဖွဲ့အစည်းတွေ အင်အားကြီးထွားလာဖို့ အခွင့်အရေးပေးသလိုဖြစ်မယ်ဆိုတာကိုလည်း သတိချပ်ရမှာဖြစ်ပါတယ်။



ဩဂုတ် ၂ ရက်မှ ၄ ရက်အထိ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် အာဆီယံအပေါင်း အကြမ်းဖက်မှုတန်ပြန်တိုက်ဖျက်ရေးဆိုင်ရာ ကျွမ်းကျင်လုပ်ငန်းအဖွဲ့၏ အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ ပူးပေါင်းစားပွဲတင်လေ့ကျင့်ခန်း (Table Top Exercise) ဆွေးနွေးပွဲကျင်းပစဉ်။

**ဥပဒေစည်းမျဉ်းများအရ ကာကွယ်တားဆီး**

ဒါကြောင့်လည်း အကြမ်းဖက်ဝါဒနဲ့ အကြမ်းဖက်အဖွဲ့အစည်းတွေ အင်အားမကြီးထွားလာစေဖို့နဲ့ အပြစ်မဲ့ပြည်သူတွေကို ကာကွယ်နိုင်ဖို့အတွက် အကြမ်းဖက်မှု တန်ပြန်တိုက်ဖျက်ရေးလုပ်ငန်းစဉ်တွေကို တစ်နိုင်ငံချင်းအလိုက် သက်ဆိုင်ရာနိုင်ငံရဲ့ ဥပဒေစည်းမျဉ်းတွေအရ ကာကွယ်တားဆီးနေကြသလို နိုင်ငံတကာနဲ့လည်း ပူးပေါင်းဆောင်ရွက်တိုက်ဖျက်ကြရမှာဖြစ်ပါတယ်။

ဒီလို ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစဉ်တွေထဲက တစ်ခုဖြစ်တဲ့ အာဆီယံအပေါင်း အကြမ်းဖက်မှုတန်ပြန်တိုက်ဖျက်ရေးဆိုင်ရာ ကျွမ်းကျင်လုပ်ငန်းအဖွဲ့ရဲ့ အကြမ်းဖက်မှုတန်ပြန်တိုက်ဖျက်ရေးဆိုင်ရာ ပူးပေါင်းစားပွဲတင်လေ့ကျင့်ခန်း (Table Top Exercise–TTX) ကို ဩဂုတ်လ ၂ ရက်နေ့မှ ၄ ရက်နေ့အထိ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့တာကို တွေ့ရပါတယ်။

စားပွဲတင်လေ့ကျင့်ခန်းကို အာဆီယံအပေါင်း အကြမ်းဖက်မှု တန်ပြန်တိုက်ဖျက်ရေးဆိုင်ရာ ကျွမ်းကျင်လုပ်ငန်းအဖွဲ့ ပူးတွဲဥက္ကဋ္ဌ တာဝန်ယူထားတဲ့ မြန်မာ၊ ရုရှားနိုင်ငံတို့အပြင် ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ တရုတ်၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ ဖိလစ်ပိုင်၊ ထိုင်း၊ ဗီယက်နမ်နိုင်ငံတို့မှ တပ်မတော်အရာရှိကြီးတွေ ပါဝင်တက်ရောက်ခဲ့ကြပါတယ်။

လေ့ကျင့်ခန်းဒုတိယနေ့ ဩဂုတ်လ ၃ ရက်နေ့မှာ အမိန့်အဖွဲ့စီမံချက်ရေးဆွဲခြင်း (Command Post Exercise) လေ့ကျင့်ခန်းကို ဆောင်ရွက်ခဲ့ကြပြီး လေ့ကျင့်ခန်းပါ စစ်ဆင်ရေးစီမံချက်ကြီးတစ်ခုလုံးကို မြန်မာနိုင်ငံနဲ့ ရုရှားနိုင်ငံတို့မှ ကိုယ်စားလှယ်အရာရှိကြီးတွေရဲ့ ဦးဆောင်ဆွေးနွေးမှုတွေကို အခြားနိုင်ငံများမှ ကိုယ်စားလှယ်တွေက သူတို့ရဲ့ အမြင်တွေ၊ အတွေ့အကြုံတွေနဲ့ ပေါင်းစပ်ဆွေးနွေးကြပြီး ကောင်းမွန်ပြည့်စုံတဲ့ စီမံချက်ကြီးတစ်ခုဖြစ်လာအောင် တက်တက်ကြွကြွနဲ့ နိုင်ငံအလိုက် အလှည့်ကျပါဝင်ဆွေးနွေးကြပါတယ်။

လေ့ကျင့်ခန်းတတိယနေ့ နံနက်ပိုင်းမှာတော့ နယ်မြေခံသင်တန်းကျောင်းမှာ မြန်မာ့တပ်မတော် အထူးတာဝန်တပ်ဖွဲ့ဝင်တွေရဲ့ စွမ်းရည်သရုပ်ပြသမှုကိုလည်း တက်ရောက်ကြည့်ရှုခဲ့ကြပြီး အထူးတာဝန်တပ်ဖွဲ့ဝင် အမျိုးသား၊ အမျိုးသမီးတွေရဲ့ ကိုယ်ခန္ဓာကြံ့ခိုင်သန်စွမ်းမှု၊ စိတ်ဓာတ်ကြံ့ခိုင်မာကျောမှု၊ စစ်စည်းကမ်းကောင်းမွန်မှုနဲ့ လေ့ကျင့်သားပြည့်ဝမှုတွေကို နိုင်ငံအသီးသီးမှ ကိုယ်စားလှယ်တော်တွေ အသိအမှတ်ပြုခဲ့ကြပါတယ်။ နေ့လယ်ပိုင်းမှာ စားပွဲတင်လေ့ကျင့်ခန်းကို တက်တက်ကြွကြွ ဆက်လက်ဆောင်ရွက်ကြပြီး စီမံချက်အတွက် နောက်ဆုံးအတည်ပြုချက် ရယူနိုင်ခဲ့ကြပါတယ်။ ညပိုင်းမှာတော့ ညစာစားပွဲကျင်းပခဲ့ကြပြီး ကိုယ်စားလှယ်တွေအားလုံးရဲ့ သာမန်ထက်ပိုတဲ့ နားလည်ယုံကြည်မှု၊ ချစ်ကြည်ရင်းနှီးမှုတွေကို တည်ဆောက်နိုင်ခဲ့ကြပါတယ်။

> ❛ လေ့ကျင့်ခန်းကို ပါဝင်ဆောင်ရွက်နေတဲ့နိုင်ငံတွေကို ကြည့်လိုက်ရင် ပိုင်နက်နယ်မြေ၊ ဘာသာစကား၊ ယဉ်ကျေးမှုဓလေ့ထုံးတမ်းစဉ်လာတွေ မတူကွဲပြားနေပေမယ့် တူညီတဲ့ဘုံရည်မှန်းချက်ကတော့ ကမ္ဘာ့ မည်သည့်နေရာမှာမဆို အကြမ်းဖက်သမားတွေကို လက်မခံဘဲ ဝိုင်းဝန်းတိုက်ဖျက်ကြမယ်ဆိုတဲ့ သဘောထားဖြစ်ပါတယ်။ ဒါကြောင့်လည်း အကြမ်းဖက်မှုတန်ပြန်တိုက်ဖျက်ရေးဆိုင်ရာလုပ်ငန်းစဉ်တွေမှာ အခုလို တက်တက်ကြွကြွ၊ ညီညီညွတ်ညွတ်နဲ့ ဝိုင်းဝန်းဆွေးနွေးလုပ်ဆောင်နေခြင်းဖြစ် ❜

**အတွေ့အကြုံကောင်းများရရှိ**

ဒီလို အာဆီယံနိုင်ငံတွေအပါအဝင် အခြားသောဆွေးနွေးဖက်နိုင်ငံကြီးတွေနဲ့ အကြမ်းဖက်မှုတိုက်ဖျက်ရေး စားပွဲတင်လေ့ကျင့်ခန်းတစ်ခုကို ဦးဆောင်ပြီး အောင်အောင်မြင်မြင် ကျင်းပနိုင်တာဟာ မြန်မာနိုင်ငံအတွက် ဂုဏ်ယူဖွယ်ရာတစ်ခုဖြစ်ပါတယ်။ ဒါ့အပြင် လတ်တလော နိုင်ငံရေးအခြေအနေတွေအရ NUG၊ PDF အကြမ်းဖက်သမားတွေရဲ့ အကြမ်းဖက်တိုက်ခိုက်မှုတွေ ဖြစ်ပေါ်နေတဲ့ မြန်မာနိုင်ငံအနေနဲ့ အကြမ်းဖက်မှု တန်ပြန်တိုက်ဖျက်ရေးလုပ်ငန်းတွေကို နိုင်ငံတကာနဲ့ ရင်ပေါင်တန်းပြီး ပူးပေါင်းဆောင်ရွက်ခွင့်ရရှိခဲ့တာကလည်း တန်ဖိုးမဖြတ်နိုင်တဲ့ အတွေ့အကြုံကောင်းတွေ ရရှိစေခဲ့ပါတယ်။

လေ့ကျင့်ခန်း ဆောင်ရွက်စဉ်ကာလအတွင်း လေ့ကျင့်ခန်းတွင် ပါဝင်ဆောင်ရွက်ခဲ့တဲ့ နိုင်ငံတွေက တပ်မတော်အရာရှိကြီးတွေ စိတ်အပန်းပြေစေဖို့နဲ့ မြန်မာနိုင်ငံအကြောင်း ပိုမိုသိရှိနိုင်စေဖို့ လေ့လာရေးအစီအစဉ်တွေ စီစဉ်ပေးခဲ့ရာ တပ်မတော်စစ်သမိုင်းပြတိုက်မှာ ပြသထားတဲ့ လွတ်လပ်ရေးနဲ့အတူ ပေါက်ဖွားလာတဲ့ မြန်မာ့တပ်မတော်ရဲ့ သမိုင်းကြောင်းနဲ့ ခေတ်အဆက်ဆက် ပြည်သူတွေရဲ့ အသက်အိုးအိမ်ကို ကာကွယ်စောင့်ရှောက်ပြီး ပြည်သူ့အကျိုးပြုလုပ်ငန်း ဆောင်ရွက်ချက်တွေ၊ အမျိုးသားပြတိုက်မှာ ပြသထားတဲ့ သမိုင်းမတင်မီကာလ (Prehistoric Period) ကတည်းက တည်ရှိခဲ့တဲ့ မြန်မာတို့ရဲ့ မြို့ပြယဉ်ကျေးမှုထွန်းကားခဲ့တဲ့ အထောက်အထားတွေ၊ ရှေးမြန်မာတို့ရဲ့ သမိုင်းဝင် (Historic Period) စာပေ၊ ပန်းချီ၊ ဗိသုကာနဲ့ ဘာသာရေးဆိုင်ရာ အထောက်အထားတွေ၊ ကိုယ့်ထီးကိုယ့်နန်းနဲ့ အချုပ်အခြာအာဏာပိုင်ဆိုင်မှုကို ဖော်ညွှန်းခဲ့တဲ့ ရှေးမြန်မာမင်းတို့ရဲ့ သီဟာသနပလ္လင်ရဲ့ ခမ်းနားထည်ဝါမှုတွေ၊ ကျောက်မျက်ရတနာပြတိုက်မှာ ပြသထားတဲ့ မြန်မာ့တွင်းထွက် အဖိုးတန်သယံဇာတကျောက်မျက်ရတနာတွေကို လေ့လာခဲ့ကြပါတယ်။

**ဗုဒ္ဓဘာသာတိုင်းပြည်တစ်ခုရဲ့ အငွေ့အသက်**

ဒါ့အပြင် နေပြည်တော်ရဲ့အထင်ကရဥပ္ပါတသန္တိစေတီတော်ကြီးနဲ့ ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ် ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်တဲ့ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကိုလည်း သွားရောက်ဖူးမြော်ခဲ့ကြပြီး ထေရဝါဒဗုဒ္ဓဘာသာတိုင်းပြည်တစ်ခုရဲ့ အငွေ့အသက်တွေကို အပြည့်အဝခံစားနိုင်ခဲ့ကြပါတယ်။ အထူးသဖြင့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်ကြီးအနေကဇာတင်အခမ်းအနား ပြုလုပ်ပြီးနောက် ပထမဆုံး နိုင်ငံ ၁၁ နိုင်ငံမှ နိုင်ငံခြားသားများ လာရောက်ဖူးမြော်ခဲ့တဲ့ နိုင်ငံခြားသားဘုရားဖူးများအဖြစ် မှတ်တမ်းဝင်ခဲ့ပြီး ဧည့်သည်တော်ကိုယ်စားလှယ်ကြီးတွေအနေနဲ့ တာဝန်ရှိသူတွေရဲ့ ရှင်းလင်းပြောကြားချက်တွေအရ ကမ္ဘာမှာအလေးချိန် အကြီးမားဆုံး၊ ထုထည်အကြီးဆုံး ကျောက်တုံးတော်ကြီးတွေကို အဝေးဆုံး ရေလမ်း၊ ကုန်းလမ်း သယ်ဆောင်မှုမှတ်တမ်းနဲ့ ဘုရားကြီးအဆင့်ဆင့်ထုဆစ်မှုနဲ့ ဗုဒ္ဓဥယျာဉ်တော်အတွင်း တည်ထားကိုးကွယ်ထားရှိတဲ့ ဘုရားစေတီတွေ၊ သာသနိကအဆောက်အအုံတွေကို ဆောက်လုပ်ခဲ့တဲ့ မြန်မာအင်ဂျင်နီယာတွေရဲ့ စွမ်းပကားတွေကို ဂုဏ်ယူဝင့်ကြွားစွာ ပြသနိုင်ခဲ့ပါတယ်။

ယခုပြုလုပ်တဲ့ အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ ပူးပေါင်းစားပွဲတင်လေ့ကျင့်ခန်းဟာ အာဆီယံနိုင်ငံတွေနဲ့ ဆွေးနွေးဖက်နိုင်ငံတွေအကြား ကာကွယ်ရေးနဲ့လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုနယ်ပယ် ခုနစ်ခုရှိတဲ့အနက် အကြမ်းဖက်မှုတန်ပြန်တိုက်ဖျက်ရေး (Counter Terrorism) နယ်ပယ်အတွက်ဖြစ်ပါတယ်။ **စာမျက်နှာ ၉ သို့ ✣**

> ❛ အာဆီယံအပေါင်း အကြမ်းဖက်မှုတန်ပြန်တိုက်ဖျက်ရေးနယ်ပယ်မှာ ပူးပေါင်းလေ့ကျင့်ခန်းတွေကို ပြုလုပ်တာဟာ အာဆီယံနဲ့ ဆွေးနွေးဖက်နိုင်ငံတွေရဲ့ တပ်ဖွဲ့ဝင်တွေကြားမှာ ထိတွေ့ဆက်ဆံမှု၊ နားလည်မှု၊ ယုံကြည်မှု၊ ချစ်ကြည်ရင်းနှီးမှု၊ ပူးပေါင်းဆောင်ရွက်မှုတွေ ပိုမိုတိုးတက်လာစေဖို့ ရည်ရွယ်ပါတယ်။ အဲဒီလို တစ်ဦးနဲ့တစ်ဦး အပြန်အလှန်နားလည်ယုံကြည်မှုတွေကတစ်ဆင့် ဒေသတွင်းမှာ အကြမ်းဖက်ဝါဒနဲ့ အကြမ်းဖက်လုပ်ရပ်တွေကို တိုက်ဖျက်ရာမှာ ပိုမိုအားကောင်းစွာ ပူးပေါင်းဆောင်ရွက်နိုင်မှာပဲဖြစ် ❜

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ် စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရ အရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG၊ CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များတီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ် အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့်(သို့မဟုတ်) မလိုမုန်းထားမှုကို ဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကိုဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့် တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကား ဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

✣ စာမျက်နှာ ၈ မှ

ဒီလေ့ကျင့်ခန်းကို မြန်မာနိုင်ငံနဲ့ ရုရှားနိုင်ငံတို့က ပူးတွဲဥက္ကဋ္ဌတွေအဖြစ် တာဝန်ယူပြီး စားပွဲတင်လေ့ကျင့်ခန်း (TTX) ကို မြန်မာနိုင်ငံက ဦးဆောင်ပြီး ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။

**နယ်ပယ် ခုနစ်ခုမှာ ပူးပေါင်းဆောင်ရွက်**

နယ်ပယ် ခုနစ်ခုမှာ ပူးပေါင်းဆောင်ရွက်မှုတွေကို ၂၀၁၁ ခုနှစ်ကတည်းကစပြီး သုံးနှစ်တစ်ကြိမ် အလှည့်ကျပူးတွဲဥက္ကဋ္ဌတွေအဖြစ် အာဆီယံနိုင်ငံတွေထဲမှ တစ်နိုင်ငံနဲ့ အပေါင်းနိုင်ငံတွေထဲမှ တစ်နိုင်ငံက တာဝန်ယူဆောင်ရွက်ကြရတာဖြစ်ပါတယ်။ အာဆီယံအပေါင်း အကြမ်းဖက်မှုတန်ပြန်တိုက်ဖျက်ရေးဆိုင်ရာ ကျွမ်းကျင်လုပ်ငန်းအဖွဲ့ရဲ့ ပထမသက်တမ်းဖြစ်တဲ့ ၂၀၁၁ ခုနှစ်မှ ၂၀၁၃ ခုနှစ်အထိ အင်ဒိုနီးရှားနိုင်ငံနဲ့ အမေရိကန်နိုင်ငံ၊ ဒုတိယသက်တမ်းဖြစ်တဲ့ ၂၀၁၄ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ စင်ကာပူနိုင်ငံနဲ့ ဩစတြေးလျနိုင်ငံ၊ တတိယသက်တမ်းဖြစ်တဲ့ ၂၀၁၇ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ ထိုင်းနိုင်ငံနဲ့ တရုတ်နိုင်ငံတို့က ပူးတွဲဥက္ကဋ္ဌတွေအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့ကြပြီးဖြစ်ပါတယ်။ ယခုစတုတ္ထသက်တမ်းကိုတော့ ၂၀၂၀ ပြည့်နှစ်မှာ ကမ္ဘာ့ကပ်ရောဂါဖြစ်တဲ့ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် တစ်နှစ်ရပ်နားခဲ့ပြီး ၂၀၂၁ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ မြန်မာနိုင်ငံနဲ့ ရုရှားနိုင်ငံတို့က ပူးတွဲဥက္ကဋ္ဌတွေအဖြစ် ဆက်လက်တာဝန်ယူဆောင်ရွက်နေတာပဲဖြစ်ပါတယ်။

ယခုလို **အာဆီယံအပေါင်း အကြမ်းဖက်မှုတန်ပြန်တိုက်ဖျက်ရေးနယ်ပယ်မှာ ပူးပေါင်းလေ့ကျင့်ခန်းတွေကို ပြုလုပ်တာဟာ အာဆီယံနဲ့ ဆွေးနွေးဖက်နိုင်ငံတွေရဲ့ တပ်ဖွဲ့ဝင်တွေအကြားမှာ ထိတွေ့ဆက်ဆံမှု၊ နားလည်မှု၊ ယုံကြည်မှု၊ ချစ်ကြည်ရင်းနှီးမှု၊ ပူးပေါင်းဆောင်ရွက်မှုတွေ ပိုမိုတိုးတက်လာစေဖို့ ရည်ရွယ်ပါတယ်။ အဲဒီလို တစ်ဦးနဲ့တစ်ဦး အပြန်အလှန်နားလည်ယုံကြည်မှုတွေကတစ်ဆင့် ဒေသတွင်းမှာ အကြမ်းဖက်ဝါဒနဲ့ အကြမ်းဖက်လုပ်ရပ်တွေကို တိုက်ဖျက်ရာမှာ ပိုမိုအားကောင်းစွာ ပူးပေါင်းဆောင်ရွက်နိုင်မှာပဲ ဖြစ်ပါတယ်။**



ဩဂုတ် ၂ ရက်မှ ၄ ရက်အထိ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် အာဆီယံအပေါင်း အကြမ်းဖက်မှုတန်ပြန်တိုက်ဖျက်ရေးဆိုင်ရာ ကျွမ်းကျင်လုပ်ငန်းအဖွဲ့၏ အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ ပူးပေါင်းစားပွဲတင်လေ့ကျင့်ခန်း (Table Top Exercise) ဆွေးနွေးပွဲ ကျင်းပစဉ်။

အခုပြုလုပ်ခဲ့တဲ့ စားပွဲတင်လေ့ကျင့်ခန်း ပုံသဏ္ဌာန်ကတော့ တည်ငြိမ်အေးချမ်းနေတဲ့ နိုင်ငံတစ်နိုင်ငံကို ခြိမ်းခြောက်နေတဲ့ အကြမ်းဖက်သမားတွေကို နိုင်ငံပေါင်းစုံ တပ်ဖွဲ့တွေနဲ့ ဝိုင်းဝန်းတိုက်ခိုက်ဖို့အတွက် လုပ်ငန်းစီမံချက်ရေးဆွဲတဲ့ လေ့ကျင့်ခန်းဖြစ်ပါတယ်။ စားပွဲတင်လေ့ကျင့်ခန်း သတ်မှတ်အဆင့်တွေဖြစ်တဲ့ စစ်ဦးစီးလေ့ကျင့်ခန်း (Staff Exercise)၊ အမိန့်အဖွဲ့စီမံချက်ရေးဆွဲခြင်း (Command Post Exercise) တွေကို မြန်မာနဲ့ ရုရှားတပ်မတော်အရာရှိကြီးတွေက ဦးဆောင်ဆွေးနွေးခဲ့ကြပြီး အခြားနိုင်ငံတွေကလည်း တက်ကြွစွာ ပါဝင်ဆောင်ရွက်ခဲ့ကြတာ မြင်တွေ့ခဲ့ရပါတယ်။

**တူညီတဲ့ ဘုံရည်မှန်းချက်**

လေ့ကျင့်ခန်းကို ပါဝင်ဆောင်ရွက်နေတဲ့ နိုင်ငံ**တွေကို ကြည့်လိုက်ရင် ပိုင်နက်နယ်မြေ၊ ဘာသာစကား၊ ယဉ်ကျေးမှု ဓလေ့ထုံးတမ်းစဉ်လာတွေ မတူကွဲပြားနေပေမယ့် တူညီတဲ့ ဘုံရည်မှန်းချက်ကတော့ ကမ္ဘာ့မည်သည့်နေရာမှာမဆို အကြမ်းဖက်သမားတွေကို လက်မခံဘဲ ဝိုင်းဝန်းတိုက်ဖျက်ကြမယ်ဆိုတဲ့ သဘောထားဖြစ်ပါတယ်။ ဒါကြောင့်လည်း အကြမ်းဖက်မှုတန်ပြန်တိုက်ဖျက်ရေးဆိုင်ရာလုပ်ငန်းစဉ်တွေမှာ အခုလို တက်တက်ကြွကြွ၊ ညီညီညွတ်ညွတ်နဲ့ ဝိုင်းဝန်းဆွေးနွေးလုပ်ဆောင်နေခြင်းဖြစ်ပါတယ်။**

အမှန်တကယ်တော့ အာဆီယံနဲ့ အပေါင်းနိုင်ငံတွေရဲ့ ကာကွယ်ရေးနဲ့ လုံခြုံရေးဆိုင်ရာ လက်တွေ့ပူးပေါင်းဆောင်ရွက်မှုတွေပြုလုပ်ဖို့ ဖွဲ့စည်းထားတဲ့ ဒီယန္တရားဟာ အဖွဲ့ဝင်နိုင်ငံတွေရဲ့ နိုင်ငံရေး၊ ပြည်တွင်းရေးအခြေအနေတွေနဲ့ ပတ်သက်မှုမရှိပါဘူး။ အကြမ်းဖက်ဝါဒနဲ့ အကြမ်းဖက်လုပ်ရပ်ဆိုတာ ကမ္ဘာပေါ်မှာ ဘယ်နိုင်ငံမှ လက်မခံနိုင်သလို ဒေသတွင်းမှာဖြစ်ပေါ်လာနိုင်တဲ့ အကြမ်းဖက်မှုတွေကို ဒေသတွင်းနိုင်ငံတွေ လက်တွေ့ကျကျပူးပေါင်းပြီး တိုက်ဖျက်ဖို့ ဒီလိုယန္တရားတွေကို ဖွဲ့စည်းထားတာပဲ ဖြစ်ပါတယ်။ သက်ဆိုင်ရာနိုင်ငံတွေရဲ့ နိုင်ငံရေးအခြေအနေတွေ၊ အုပ်ချုပ်ရေးစနစ်တွေထက် ကာကွယ်ရေးတပ်ဖွဲ့ဝင်တွေရဲ့ ပူးပေါင်းဆောင်ရွက်မှုကိုသာ အလေးထားလုပ်ဆောင်ကြရမှာ ဖြစ်ပါတယ်။

မိမိတို့ အာဆီယံနိုင်ငံတွေအကြားမှာလည်း တစ်နိုင်ငံနဲ့တစ်နိုင်ငံ မတူညီတဲ့ သမိုင်းကြောင်းအစဉ်အလာ၊ ယဉ်ကျေးမှု၊ လူမျိုး၊ ကိုးကွယ်ယုံကြည်မှုစတာတွေကနေ မတူညီတဲ့ နိုင်ငံရေးစနစ်တွေ၊ မတူညီတဲ့ အုပ်ချုပ်ရေးစနစ်တွေ ရှိနေကြတာဖြစ်ပါတယ်။ အဲဒီလို မတူညီတဲ့ အခြေအနေတွေကနေ တူညီတဲ့ ဘုံရည်မှန်းချက်ဖြစ်တဲ့ အာဆီယံဗဟိုပြုမှုနဲ့ အရေးပါမှုကို အကောင်အထည်ဖော်ဖို့ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နဲ့ ပူးပေါင်းဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။

**စည်းလုံးညီညွတ်မှုရဲ့ရလဒ်**

**နိုင်ငံရေးနဲ့ အုပ်ချုပ်ရေးစနစ်တွေကို အကြောင်းပြုပြီး ဒီလိုအကြမ်းဖက်မှု တိုက်ဖျက်ရေးလေ့ကျင့်ခန်းတွေကို ပူးပေါင်းဆောင်ရွက်မှုမရှိတာဟာ အကြမ်းဖက်ဝါဒနဲ့ အကြမ်းဖက်လုပ်ရပ်တွေကို ပိုမိုအားပေးအားမြှောက်ပြုတယ်ဆိုတဲ့အဓိပ္ပာယ် သက်ရောက်စေပါတယ်။ ဒီလေ့ကျင့်ခန်းပြုလုပ်တာနဲ့ ပတ်သက်ပြီး မလိုလားတဲ့သူတွေရဲ့ အနှောင့်အယှက်အမျိုးမျိုး ရှိနေခဲ့ပေမယ့် အောင်အောင်မြင်မြင်နဲ့ ကျင်းပနိုင်ခဲ့တာဟာ စည်းလုံးညီညွတ်မှုရဲ့ ရလဒ်ပဲဖြစ်ပါတယ်။ ဒါကြောင့်လည်း လေ့ကျင့်ခန်းရဲ့ ဆောင်ပုဒ်ဖြစ်တဲ့ “လုံခြုံမှုကို တည်ဆောက်ဖို့၊ ညီညီညွတ်ညွတ် ဆောင်ရွက်စို့” (Working in Unity, Building the Security) ဆိုတဲ့ အနှစ်သာရကို အပြည့်အဝအကောင်အထည်ဖော်နိုင်ခဲ့တယ်လို့ဆိုရမှာ ဖြစ်ပါတယ်။** ပါဝင်ဆောင်ရွက်ကြတဲ့ နိုင်ငံတွေအလိုက် ကိုယ်စားလှယ်တွေရဲ့ အတွေ့အကြုံတွေ၊ အကြံပေးမှုတွေကလည်း လေ့ကျင့်ခန်းကြီး ပြည့်စုံအောင်မြင်ဖို့အတွက် အထောက်အပံ့ကောင်းတွေ ဖြစ်စေခဲ့ပါတယ်။

ဒါကြောင့် ဒီလိုလေ့ကျင့်ခန်းတွေကို စဉ်ဆက်မပြတ်ပြုလုပ်ခြင်းအားဖြင့် တပ်ဖွဲ့ဝင်တွေအကြားမှာ တစ်ဦးနဲ့တစ်ဦး နားလည်ယုံကြည်မှုတွေ ပိုမိုတိုးတက်လာပြီး ကမ္ဘာ့လူ့အဖွဲ့အစည်းတစ်ရပ်လုံးကို ခြိမ်းခြောက်နေတဲ့ အကြမ်းဖက်ဝါဒနဲ့ အကြမ်းဖက်လုပ်ရပ်တွေကို တိုက်ဖျက်တဲ့နေရာမှာ လက်တွေ့ကျတဲ့ အထောက်အပံ့ကောင်းတစ်ရပ် ဖြစ်လာမယ်ဆိုတာ အပြည့်အဝယုံကြည်ကြောင်း အသိပေးလိုက်ရပါတယ်။ ။

■

> **“နိုင်ငံရေးနဲ့ အုပ်ချုပ်ရေးစနစ်တွေကို အကြောင်းပြုပြီး ဒီလိုအကြမ်းဖက်မှု တိုက်ဖျက်ရေးလေ့ကျင့်ခန်းတွေကို ပူးပေါင်းဆောင်ရွက်မှုမရှိတာဟာ အကြမ်းဖက်ဝါဒနဲ့ အကြမ်းဖက်လုပ်ရပ်တွေကို ပိုမိုအားပေးအားမြှောက်ပြုတယ်ဆိုတဲ့အဓိပ္ပာယ် သက်ရောက်စေပါတယ်။ ဒီလေ့ကျင့်ခန်းပြုလုပ်တာနဲ့ပတ်သက်ပြီး မလိုလားတဲ့သူတွေရဲ့ အနှောင့်အယှက်အမျိုးမျိုးရှိနေခဲ့ပေမယ့် အောင်အောင်မြင်မြင်နဲ့ ကျင်းပနိုင်ခဲ့တာဟာ စည်းလုံးညီညွတ်မှုရဲ့ရလဒ်ပဲ ဖြစ်ပါတယ်။ ဒါကြောင့်လည်း လေ့ကျင့်ခန်းရဲ့ ဆောင်ပုဒ်ဖြစ်တဲ့ “လုံခြုံမှုကို တည်ဆောက်ဖို့၊ ညီညီညွတ်ညွတ် ဆောင်ရွက်စို့” (Working in Unity, Building the Security)ဆိုတဲ့ အနှစ်သာရကို အပြည့်အဝအကောင်အထည်ဖော်နိုင်ခဲ့တယ်လို့ ဆိုရမှာဖြစ်”**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က မြန်မာအီလက်ထရောနစ် မဲပေးစက်နှင့်စပ်လျဉ်းပြီး ဝန်ကြီးဌာနများ ရှင်းလင်းပြသခြင်းနှင့် လက်တွေ့သရုပ်ပြ စမ်းသပ်မဲပေးခြင်းများ ဆောင်ရွက်



**နေပြည်တော် ဩဂုတ် ၁၆**

မြန်မာအီလက်ထရောနစ် မဲပေးစက်နှင့် စပ်လျဉ်းပြီး ရှင်းလင်းပြသခြင်းနှင့် လက်တွေ့ သရုပ်ပြ စမ်းသပ်မဲပေးခြင်းကို ယနေ့နံနက်ပိုင်းတွင် အလုပ်သမားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြီး အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးမြင့်နောင်နှင့် ဒုတိယဝန်ကြီး ဦးဝင်းရှိန်၊ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

**တက်ရောက်**

မွန်းလွဲပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းနှင့် ဒုတိယဝန်ကြီး ဦးစိုးကြည်၊ အရာထမ်း၊ အမှုထမ်းများ တက်ရောက်၍ လက်တွေ့မဲပေးခြင်းများ ဆောင်ရွက်ကြသည်။

ဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်လွင်ဦးနှင့် ဦးကိုကိုလွင်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး တာဝန်ရှိသူများက မြန်မာအီလက်ထရောနစ် မဲပေးစက်နှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပြီး စမ်းသပ်မဲပေးခြင်းများကို ဆောင်ရွက်ကြသည်။

ရှင်းလင်းဆွေးနွေးခြင်းနှင့် သရုပ်ပြပွဲများသို့ အလုပ်သမားဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်း ၁၂၇ ဦး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်း ၂၁၀ တက်ရောက်ကြပြီး မဲပေးစက်ဖြင့် လက်တွေ့ ဆန္ဒမဲပေးကြသည်။

ယင်းမဲပေးစက်ကို အသုံးပြုမဲပေးခြင်းဖြင့် မဲပေးရာတွင် မဲဆန္ဒရှင်ပြည်သူများအတွက် ပိုမိုရှင်းလင်းလွယ်ကူပြီး မဲရလဒ်များကိုလည်း တိကျမှန်ကန်စွာဖြင့် ရေတွက်နိုင်မည် ဖြစ်သည်။ စက်ဖြင့် မဲပေးခြင်းဖြင့် မဲလက်မှတ်များ ရိုက်နှိပ်ဖြန့်ဝေဆောင်ရွက်ရာတွင် ဖြစ်ပေါ်ခဲ့ရသော မဲမသမာမှုများ မဖြစ်ပေါ်နိုင်သည့်အပြင် ပယ်မဲများ မရှိတော့သည့်အတွက် မဲဆန္ဒရှင်များ၏ မဲများ ပယ်မဲကြောင့် အဟောသိကံဖြစ်ခဲ့ရခြင်းမျိုးလည်း မရှိနိုင်တော့သည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးအေးထွန်း နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်(ရန်ကုန်) သာသနိကအဆောက်အအုံများ ပြင်ဆင်မွမ်းမံခြင်းလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဩဂုတ် ၁၆**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်းသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) ဘွဲ့နှင်းသဘင်ခန်းမ ဟံသာသီရိကုန်းမြေရှိ ဆရာတော်ကြီးများ၏ သီတင်းသုံးတည်းခိုဆောင်များ ပြင်ဆင်မွမ်းမံဆောင်ရွက်နေမှုများ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) စာကြည့်တိုက်နှင့် ဓရာရွှေဝါ ဓမ္မဘဏ္ဍာဂါရ ပိဋကတ်တိုက်ကျောင်းဆောင်အတွင်းရှိ ဘွဲ့အတွက် တင်သွင်းသော ကျမ်းများ၊ ပိဋကတ်ဆိုင်ရာပါဠိစာပေများ ထိန်းသိမ်းထားမှုကို ကြည့်ရှုစစ်ဆေးသည်။



ဦးစွာ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်) ဝင်းအတွင်း ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ငွေလုံးငွေရင်း အသုံးစရိတ်ဖြင့် ဆောင်ရွက်နေသည့် ဘွဲ့နှင်းသဘင်ခန်းမ အမိုး၊ မျက်နှာကြက်အသစ် လဲလှယ်ခြင်း၊ အတွင်းအပြင် ဆေးသုတ်ခြင်း၊ လျှပ်စစ်မီးကြိုးများ အသစ်တပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်ရေး၊ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး၊ သာသနိကအဆောက်အအုံများ ဖြစ်သည့်အတွက် ဆရာတော်ကြီးများ၏ ဩဝါဒ မိန့်ကြားချက်များနှင့်အညီ ရှေးမူမပျက် ဆောင်ရွက်ရေးမှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက်အဦဦးစီးဌာန အဆောက်အဦ အထူးအဖွဲ့(၂)မှ တာဝန်ယူဆောင်ရွက်နေသည့် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) ဌာနခွဲဝင်းအတွင်း ဟံသာသီရိကုန်းမြေရှိ ဆရာတော်ကြီးများ သီတင်းသုံးတည်းခိုဆောင်များဖြစ်သည့် ရွှေဟင်္သာကျောင်းဆောင်၊ ဦးထွန်းကြည်ကျောင်းဆောင်၊ စိန်ရတုကျောင်းဆောင်၊ မင်းလှကျောင်းဆောင်၊ သူရဦးထွန်းတင်ကျောင်းဆောင်၊ ကပ္ပိယကျောင်းဆောင်တို့ကို ကြည့်ရှုစစ်ဆေးသည်။

၁၉၈၆ ခုနှစ် ဩဂုတ် ၂၁ ရက်တွင် မင်းကွန်းဆရာတော်ဘုရားကြီး စတင်တည်ထောင်ခဲ့သည့် နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်(ရန်ကုန်)၌ ၁၉၉၄ ခုနှစ်မှစတင်ကာ သာသနာတက္ကသီလ ဓမ္မာစရိယ B.A (Buddhism)၊ သာသနာတက္ကသီလ မဟာဓမ္မစရိယ M.A(Buddhism)နှင့် သာသနာတက္ကသီလ ဓမ္မပါရဂူ (Ph.D)ဘွဲ့များ ဆက်ကပ်လျက်ရှိသည်။ ထို့ပြင် ၂၀၁၆ ခုနှစ်တွင် ဂုဏ်ထူးဆောင်ဓမ္မပါရဂူ D.Litt ဘွဲ့ကို ဆက်ကပ်ခဲ့သည်။

ယခုမွမ်းမံပြင်ဆင်လျက်ရှိသည့် ဘွဲ့နှင်းသိမ်ဓမ္မာရုံကြီး၌ ယနေ့အထိ သာသနာတက္ကသီလ ဓမ္မာစရိယ B.A (Buddhism) ၁၄၁၄ ပါး၊ သာသနာတက္ကသီလ မဟာဓမ္မစရိယ M.A(Buddhism) ၂၇၈ ပါး၊ သာသနာတက္ကသီလ ဓမ္မပါရဂူ ( Ph.D )ခြောက်ပါး၊ ဂုဏ်ထူးဆောင်ဓမ္မပါရဂူ D.Litt နှစ်ပါး ဘွဲ့ရ ရဟန်းတော် စုစုပေါင်းအပါး ၁၇၀၀ အား ဘွဲ့အပ်နှင်းနိုင်ခဲ့ပြီး ၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်(ရန်ကုန်)၌ သင်တန်းသား ၃၅၁ ပါး တက်ရောက်ပညာသင်ယူလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ ချေးယူ၍ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်လိုသူများအနေဖြင့် ဝက်တစ်ယူနစ်လျှင် ကျပ်သိန်း ၃၅၀ ဝက်ကောင်ရေ ၁၀၀၊ အသားတိုးကြက်/ဘဲ တစ်ယူနစ်လျှင် ကျပ်သိန်း ၁၅၀ ကောင်ရေ ၃၀၀၀ နှုန်းဖြင့် ထုတ်ချေးပေးလျက်ရှိ

**နေပြည်တော် ဩဂုတ် ၁၆**

နေပြည်တော် ကောင်စီဝင် ဦးဇေယျာလင်းသည် ယမန်နေ့ နံနက်ပိုင်းက ဥတ္တရသီရိမြို့နယ် ရွှေနံ့သာရပ်ကွက်ရှိ သဒ္ဓါကြည်ဖြူ အိတ်မျိုးစုံ ချုပ်လုပ်ငန်းသို့ ရောက်ရှိပြီး တာဝန်ရှိသူများနှင့် တွေ့ဆုံကာ ပြည်ပထုတ်ကုန်များအစား ပြည်တွင်းထုတ်ကုန်များကို အစားထိုး သုံးစွဲခြင်းအပြင် နိုင်ငံတကာ အဆင့်မီသော အိတ်များ ချုပ်လုပ်၍ ပြည်ပသို့ တင်ပို့ရောင်းချနိုင်သည်အထိ ကြိုးစားသွားကြရန်နှင့် MSME အသင်းအဖွဲ့ဝင်များနှင့် ချိတ်ဆက်ဆောင်ရွက်သွားရန် မှာကြားသည်။



ယင်းနောက် ရွှေနံ့သာရပ်ကွက်သစ်ရှိ စာသင်ကျောင်း တည်ဆောက်မည့် မြေနေရာ အခြေအနေ၊ ဥတ္တရသီရိမြို့နယ် ဇလောင်းကျေးရွာ အဂ္ဂဂေဟာပန်းပုလုပ်ငန်းနှင့် မင်းကုန်းကျေးရွာအုပ်စု အောင်ချမ်းသာကျေးရွာ ဝါးကမ္ဘာ အဆင့်မြင့် ဝါးတူစက်ရုံသို့ သွားရောက်ကြည့်ရှုပြီး MSMEs ထုတ်ကုန်ပစ္စည်း ဈေးရောင်းပွဲတော်များတွင် ပန်းပုပစ္စည်းများ ခင်းကျင်းပြသ ရောင်းချနိုင်ရေး သက်ဆိုင်ရာ ဌာနများနှင့် ချိတ်ဆက် ဆောင်ရွက်သွားရန်၊ ဝါးနှင့်ပတ်သက်သည့် ကုန်ချောများ တိုးမြှင့်ထုတ်လုပ်နိုင်ရေးအတွက် နည်းပညာများရရှိရေး Bamboo ဝါးသမအသင်း၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ချိတ်ဆက် ဆောင်ရွက်သွားရန် မှာကြားသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဝင်သည် ဥတ္တရသီရိမြို့နယ် မရမ်းခုံကျေးရွာ စိုက်ပျိုးစီးပွား တောင်သူအသိပညာပေးစင်တာသို့ရောက်ရှိပြီး နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် ဆောင်ရွက်နေသည့် စိုက်ပျိုးရေးတောင်သူများ၊ မွေးမြူရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲသို့ တက်ရောက်ကာ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ ချေးယူ၍ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်လိုသူများအနေဖြင့် ဝက်တစ်ယူနစ်လျှင် ကျပ်သိန်း ၃၅၀ ဝက်ကောင်ရေ ၁၀၀၊ အသားတိုးကြက်/ ဘဲ တစ်ယူနစ်လျှင် ကျပ်သိန်း ၁၅၀ ကောင်ရေ၃၀၀၀ ဖြင့် ထုတ်ချေးပေးလျက်ရှိကြောင်း၊ သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့် ညီညွတ်ပါက သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်၍ လျှောက်ထားနိုင်ကြောင်း၊ စိုက်ပျိုးရေးနှင့်ပတ်သက်၍ တစ်ဧကပန်းတိုင်အထွက်နှုန်း ရရှိနိုင်ရေးအတွက် ဓာတ်မြေဩဇာတစ်ဆနှင့် သဘာဝမြေဩဇာသုံးဆ ရောစပ်၍ အချိန်ကိုက်အချိုးကျ သုံးစွဲသွားနိုင်ရေး ဆွေးနွေးပြောကြားပြီး နိုင်ငံ့စီးပွား မြှင့်တင်ရေး ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် တောင်ညိုအုပ်စုမှ တောင်သူ ၆၁ ဦးအတွက် သွင်းအားစု အာမိုယူရီးယား ဓာတ်မြေဩဇာများကို သတ်မှတ်နှုန်းထားအတိုင်း ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများ တက္ကသိုလ်ဝင်ခွင့်လျှောက်ထားရန် ကြေညာချက်

၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများသည် တက္ကသိုလ်ဝင်ခွင့်လျှောက်ထားနိုင်ရန်အတွက် မိမိတို့စာမေးပွဲဖြေဆိုခဲ့သော စာစစ်ဌာနကြီးကြပ်ရေးမှူးများ (အခြေခံပညာအထက်တန်းကျောင်းအုပ်ကြီးများ)ထံတွင် အမှတ်စာရင်း၊ အရည်အချင်းမှတ်တမ်းချုပ် ရမှတ်အဆင့်၊ တက္ကသိုလ်ဝင်ခွင့်လမ်းညွှန်စာအုပ်နှင့် တက္ကသိုလ်ဝင်ခွင့်လျှောက်ထားရမည့်ပုံစံစာအိတ်ကို ဩဂုတ်လ (၂၅) ရက် (သောကြာနေ့) မှစ၍ ကိုယ်တိုင်ထုတ်ယူကြရန်ဖြစ်ပါသည်။ အဆိုပါ တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာအိတ်ကို ဩဂုတ်လ (၂၅) ရက်မှ စက်တင်ဘာလ (၁၀) ရက်အထိ စနေနေ့၊ တနင်္ဂနွေနေ့နှင့် ရုံးပိတ်ရက်များ အပါအဝင် (ပိတ်ရက်မရှိ) အောက်ပါ တက္ကသိုလ်များတွင် လက်ခံမည်ဖြစ်ပါသည်-

(၁) မြစ်ကြီးနားတက္ကသိုလ်
(၂) လွိုင်ကော်တက္ကသိုလ်
(၃) ဘားအံတက္ကသိုလ်
(၄) ဟားခါးတက္ကသိုလ်
(၅) မုံရွာတက္ကသိုလ်
(၆) ရွှေဘိုတက္ကသိုလ်
(၇) စစ်ကိုင်းတက္ကသိုလ်
(၈) ထားဝယ်တက္ကသိုလ်
(၉) တောင်ငူတက္ကသိုလ်
(၁၀) ပြည်တက္ကသိုလ်
(၁၁) ပဲခူးတက္ကသိုလ်
(၁၂) မကွေးတက္ကသိုလ်
(၁၃) ပခုက္ကူတက္ကသိုလ်
(၁၄) မန္တလေးအဝေးသင်တက္ကသိုလ်
(၁၅) မိတ္ထီလာတက္ကသိုလ်
(၁၆) ကျောက်ဆည်တက္ကသိုလ်
(၁၇) မော်လမြိုင်တက္ကသိုလ်
(၁၈) စစ်တွေတက္ကသိုလ်
(၁၉) တောင်ကုတ်တက္ကသိုလ်
(၂၀) ရန်ကုန်အဝေးသင်တက္ကသိုလ်
(၂၁) တောင်ကြီးတက္ကသိုလ်
(၂၂) လားရှိုးတက္ကသိုလ်
(၂၃) ကျိုင်းတုံတက္ကသိုလ်
(၂၄) ပုသိမ်တက္ကသိုလ်
(၂၅) ဟင်္သာတတက္ကသိုလ်
(၂၆) မအူပင်တက္ကသိုလ်

သတ်မှတ်ရက်ကျော်လွန်မှ လျှောက်ထားသူများသည် အဆင့်မြင့်ပညာဦးစီးဌာန(ရန်ကုန်ရုံးခွဲ)၊ သထုံလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့သို့ ပေးပို့လျှောက်ထားရမည်။

အသေးစိတ်သိရှိလိုပါက အဆင့်မြင့်ပညာဦးစီးဌာန (ရန်ကုန်)၊သထုံလမ်း၊ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၁၇-၅၃၇၆၇၇၊၀၁၇-၅၂၅၆၁၂နှင့် ၀၁၇-၅၀၃၁၄၇ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိပါသည်။

## ကဝမြို့နယ်၌ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်လှုပ်ရှားမှုအခမ်းအနား ကျင်းပ

ကဝ ဩဂုတ် ၁၆

ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ်၌ ကျန်းမာရေးဦးစီးဌာနမှ ကြီးမှူးကျင်းပသော အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်လှုပ်ရှားမှု အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် မြို့နယ်ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ကျော်မိုးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့်



ကုသရေးဦးစီးဌာနမှူး ဒေါက်တာဆွေဇင်ဝင်းက ဩဂုတ်လ၏ပထမရက်သတ္တပတ်ကို မိခင်နို့စနစ်တကျတိုက်ကျွေးရေးရက်သတ္တပတ်၊ ဒုတိယရက်သတ္တပတ်ကို ငါးနှစ်အောက်ကလေးများနှင့်ကျောင်းသားလူငယ်များ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်၊ တတိယရက်သတ္တပတ်ကို ကိုယ်ဝန်ဆောင်နှင့်နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်၊ စတုတ္ထရက်သတ္တပတ်ကို အိုင်အိုဒင်းချို့တဲ့ရောဂါများ ပပျောက်ရေးရက်သတ္တပတ်အနေဖြင့် သတ်မှတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ အသက်ငါးနှစ်အောက်ကလေးငယ်များအား ဗီတာမင်အေနှင့် သံချဆေးတိုက်ကျွေးခြင်း၊ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များအား သံဓာတ်အားဆေးနှင့် ဗီတာမင်ဘီဝမ်းဆေးများပေးဝေခြင်းနှင့် လိုအပ်သောကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ပေးခဲ့သည်။ ထို့နောက် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ အသက်ငါးနှစ်အောက်ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ကြက်ဥ၊ ပဲနို့ စသည့်အာဟာရဖြည့်စွက်စာများ ထောက်ပံ့ပေးအပ်ခဲ့ပြီး လိုအပ်သည်များ ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)




## ဝန်းသိုမြို့နယ်၌ အခြေခံစားကုန်ပစ္စည်းများ ရောင်းချပေးလျက်ရှိ

ဝန်းသို ဩဂုတ် ၁၆

စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ်တွင် ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၏ စားဝတ်နေရေးအဆင်ပြေစေရန်အတွက် တန်ဖိုးသင့်အခြေခံစားကုန်ပစ္စည်းများကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးဝန်ထမ်းများက အပတ်စဉ်တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာနေ့များတွင် နံနက် ၆နာရီမှစတင်၍ ရောင်းချပေးလျက်ရှိသည်။

ထိုသို့ရောင်းချပေးလျက်ရှိရာ ယနေ့တွင်လည်း ဆန်၊ ဆီ၊ ကြက်ဥ အစရှိသည့် အခြေခံစားသောက်ကုန်ပစ္စည်းများကို အိမ်ထောင်စု ၃၀၀ အတွက် အိမ်ထောင်စု တစ်စုလျှင် ဒေသပေါက်ဈေး ငွေကျပ် ၄၀၀၀ နှုန်းတန်ဖိုးရှိ အခြေခံစားသောက်ကုန်များအား ၂၅ ရာခိုင်နှုန်းလျှော့ချ၍ ငွေကျပ် ၃၀၀၀ နှုန်းဖြင့် ရောင်းချပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## အင်းစိန်မြို့နယ်၌ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုအခမ်းအနား ကျင်းပ

ရန်ကုန် ဩဂုတ် ၁၆

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်၌ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းနှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှု၊ ငါးနှစ်အောက် ကလေးများအား ဗီတာမင်အေဆေး တိုက်ကျွေးခြင်းနှင့် ကိုယ်ဝန်ဆောင် မိခင်များအား အာဟာရပစ္စည်းများ ထောက်ပံ့ခြင်းအခမ်းအနားကို ယမန်နေ့ နံနက် ၁၁ နာရီက မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ဦးစွာ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဝင်းမြင့်သူက အဖွင့်အမှာစကားပြောကြားပြီး ဦးစီးအရာရှိ



ဒေါ်ခင်ခင်ဝင်းက အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှု၊ ရက်သတ္တပတ် အစီအစဉ်နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် သားဖွားဆရာမ ဒေါ်သဇင်က မွေးကင်းစမှ ခြောက်လအထိ ဗီတာမင်ဓာတ်များကြွယ်ဝစွာပါဝင်သည့် မိခင်နို့ချိုကိုသာ တိုက်ကျွေး သင့်ကြောင်းနှင့် သားဖွားဆရာမ ဒေါ်မိုးသူဇာက ဗီတာမင်အေဆေး တိုက်ကျွေးရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြား၍ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်မြတ်မူယာအုန်းက အသင်းလှုပ်ရှား ဆောင်ရွက်မှုများနှင့် ကိုယ်ဝန်ဆောင်မိခင်များအား အသိပညာပေး ဆွေးနွေးပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစိုးမင်းထွဋ်က နိဂုံးချုပ်အမှာစကား ပြောကြားခဲ့သည်။

အခမ်းအနားတွင် အင်းစိန်မြို့နယ်အတွင်းရှိ အသက်ငါးနှစ်အောက် ကလေးငယ် ၁၅ ဦးနှင့် ကိုယ်ဝန်ဆောင်မိခင် ၁၅ဦးတို့အား အာဟာရပစ္စည်း (ပဲနို့၊ ကွေကာအုပ်၊ ကြက်ဥ၊ ငှက်ပျောသီး၊ ပေါင်မုန့်နှင့် အိုင်အိုဒင်းဆား)များကို ထောက်ပံ့ပေးအပ်ခြင်းနှင့်ကလေးငယ်များအား ဗီတာမင်အေဆေးများနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ကိုယ်ဝန်ဆောင်အားဆေးများ တိုက်ကျွေးခဲ့ကြကြောင်း သိရသည်။

မြင့်ဦး

❖



ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့ ပြည်သူ့ဆေးရုံကြီးတွင် ဩဂုတ် ၁၆ ရက် နံနက် ၁၀ နာရီက ပြည်သူ့တိုက်ရိုက်အကျိုးပြုလုပ်ငန်းအဖြစ် မူဆယ်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး လှိုင်ကျော်မြင့်၏ ဦးစီးညွှန်ကြားမှုဖြင့် ဒုတိယခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူး မြင့်ဌေးပါ အရာရှိငါးဦး၊ အခြားတပ်ဖွဲ့ဝင် ၂၀ စုစုပေါင်း ၂၅ ဦးတို့ စုပေါင်းသွေးလှူဒါန်းခဲ့စဉ်။

ချယ်ရီမြေ(မူဆယ်)



## မိုးညှင်းတက္ကသိုလ်၌ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပ

မိုးညှင်း ဩဂုတ် ၁၆

ကချင်ပြည်နယ် မိုးညှင်းတက္ကသိုလ်တွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယနေ့ နံနက် ၁၀ နာရီတွင် တွေ့ဆုံခန်းမ၌ ကျင်းပသည်။

ဦးစွာ တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာမဥ္ဇူမင်းက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ဥပဒေအရာရှိ ဦးသန်းဌေးက အဂတိလိုက်စားမှု အဓိပ္ပာယ်ဖွင့်ဆိုချက်များ၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးနှင့်ပတ်သက်၍ နိုင်ငံတော်မှ ထုတ်ပြန်ထားသော ဥပဒေပုဒ်မများနှင့် ပြစ်မှုပြစ်ဒဏ်များ စသည်တို့ကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောခဲ့သော ခရိုင်ဥပဒေအရာရှိအား တက္ကသိုလ်ဒုတိယပါမောက္ခချုပ် ဒေါက်တာနိုင်နိုင်လတ်က ကျေးဇူးတင်အမှတ်တရလက်ဆောင်ပစ္စည်း ပေးအပ်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# လူမှုရေးဆိုင်ရာ အသိပညာမြင့်မားရေးမွမ်းမံသင်တန်း ဖွင့်ပွဲအခမ်းအနား ကျင်းပ




**နေပြည်တော် ဩဂုတ် ၁၆**

လူမှုရေးဆိုင်ရာ အသိပညာမြင့်မားရေး မွမ်းမံသင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၌ ကျင်းပသည်။

အခမ်းအနားတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက လူ့အဖွဲ့အစည်းတစ်ခု ဖွံ့ဖြိုးတိုးတက်ရန် နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးကဏ္ဍများသည် အရေးကြီးပါကြောင်း၊ လူမှုရေးကဏ္ဍသည် အလွန်ကျယ်ပြန့်ပြီး လူတစ်ဦးချင်း၏ ပညာရေး၊ ကျန်းမာရေး အရည်အသွေးကောင်းမွန်မှုအပြင် လူတစ်ဦးချင်း၏ ခံယူချက်၊ အတွေးအခေါ် စသည်တို့ မြင့်မားရန်နှင့် ရင်းနှီးချစ်ကြည်စွာ လက်တွဲဆောင်ရွက်နိုင်ရန် လိုအပ်ပါကြောင်း၊ ယုံကြည်မှုတည်ဆောက်ခြင်းသည် နိုင်ငံရေးကဏ္ဍတွင် မပါမဖြစ် အရေးကြီးပြီး အခြားကဏ္ဍများဖြစ်သည့် စီးပွားရေး၊ လူမှုရေး၊ အိမ်ထောင်ရေးတို့တွင်လည်း မဖြစ်မနေ တည်ဆောက်ထားရမည့် အခြေခံအချက်ဖြစ်ပါကြောင်း၊ ယုံကြည်မှုတည်ဆောက်ခြင်းသည် လူမှုရေးပညာရပ်၏ အဓိကကျသည့် အနှစ်သာရတစ်ရပ်ဖြစ်ပါကြောင်း ပြောကြားသည်။

လူမှုရေးဆိုင်ရာ အသိပညာမြင့်မားရေးမွမ်းမံသင်တန်းတွင် လူမှုရေး ပညာရပ်ဆိုင်ရာ သင်ခန်းစာများအပြင် ဆက်စပ်ဘာသာသာရပ်များဖြစ်သည့် အသင်းအဖွဲ့အလိုက် ပူးပေါင်းဆောင်ရွက်ခြင်း၊ ပဋိပက္ခစီမံခန့်ခွဲမှု၊ လူမှုကာကွယ်စောင့်ရှောက်ရေး၊ ဝန်ထမ်းစည်းမျဉ်းစည်းကမ်း၊ မသန်စွမ်းမှုတို့နှင့် စပ်လျဉ်းသည့် သင်ခန်းစာများကို ဩဂုတ် ၁၆ ရက်မှ ၁၈ ရက်အထိ ပို့ချသွားမည်ဖြစ်သည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်း ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုဆိုင်ရာနှင့် အရေးပေါ်ကယ်ဆယ်ရေးဆိုင်ရာ ညှိနှိုင်းရေးမှူး Mr. Martin Griffiths အား လက်ခံတွေ့ဆုံ



**စစ်တွေ ဩဂုတ် ၁၆**

ရခိုင်ပြည်နယ် သဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌ ဝန်ကြီးချုပ် ဦးထိန်လင်းသည် ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုဆိုင်ရာနှင့် အရေးပေါ်ကယ်ဆယ်ရေးဆိုင်ရာ ညှိနှိုင်းရေးမှူး Mr. Martin Griffiths ဦးဆောင်သောအဖွဲ့အား ယနေ့နံနက်ပိုင်းက ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

**ရင်းနှီးပွင့်လင်းစွာဆွေးနွေး**

တွေ့ဆုံစဉ် ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) မတိုက်ခတ်မီ ကြိုတင်ပြင်ဆင်မှုများ၊ မုန်တိုင်းလွန်ကာလ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများ၊ ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) အတွေ့အကြုံများအပေါ် အခြေခံ၍ ရခိုင်ပြည်နယ်အတွင်း ဘေးလွတ်ရာနေရာများ ဆောက်လုပ်ခြင်း၊ ကြိုတင်ပြင်ဆင်ခြင်း လုပ်ငန်းများ ပိုမို မြင့်တင်ဆောင်ရွက်နိုင်ရန်၊ လူသားချင်း စာနာမှုဆိုင်ရာ ကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်နေသော မိတ်ဖက်အဖွဲ့အစည်းများအနေဖြင့် လိုအပ်ချက်ရှိနေသူများထံသို့ အကူအညီပေးရာတွင် ပုံမှန်သွားရောက်ကူညီနိုင်ရေးအတွက် ခရီးသွားလာခွင့်တိုးမြှင့်နိုင်ရန်၊ လူမှုအသိုင်းအဝိုင်းနှစ်ခုကြား လူမှုသဟဇာတဖြစ်မှုနှင့် အသက်မွေးဝမ်းကျောင်းမှုဆိုင်ရာ အလုပ်အကိုင် အခွင့်အလမ်းများ တိုးတက်လာစေရန် စသည့်ကိစ္စများနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးနှင့် မြန်မာနိုင်ငံအခြေစိုက် ကုလသမဂ္ဂလူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးမှူး Mr. Ramanathan Balakrishnan၊ ရန်ကုန်မြို့ UNOCHA ရုံးအကြီးအကဲ Mr. Sajjad Mohammad Sajidနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# မိုးနဲမြို့နယ် နမ့်ဆလိုင်ချောင်း ပေါင်မြှင့်ခြင်းနှင့် သဲနုန်းတူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီး

**မိုးနဲ ဩဂုတ် ၁၆**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ်တွင် မိုးရာသီကာလရေကြီးပေါင်ကျော်မှုများ မဖြစ်ပေါ်စေရေးအတွက် နမ့်ဆလိုင်ချောင်း ပေါင်ပြန်လည်ပြုပြင်ခြင်းနှင့် ချောင်းသဲနုန်းတူးဖော်ခြင်းလုပ်ငန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့ရာ လုပ်ငန်းများအားလုံး ပြီးစီးသွားပြီဖြစ်ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းကို ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေကျပ် ၄၇ ဒသမ ၇၆ သန်းဖြင့် အလျားပေ ၆၀၀၀၊ ထိပ်ဝအကျယ် ၄၅ ပေ၊ အောက်ခြေအကျယ် ၂၅ ပေ၊ အနက် ၁၀ ပေကို တင်ဒါအောင်ဓနုမင်းသားကုမ္ပဏီလီမိတက်က တာဝန်ယူဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး လုပ်ငန်းများအားလုံး ပြီးစီးသွားပြီဖြစ်ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းပြီးစီးသွားသည့်အတွက် မိုးရာသီကာလ ရေကျော်ခြင်း၊ နှစ်စဉ် ရေကြီးရေလျှံမှုဖြစ်နိုင်သော လယ်မြေဧက ၃၀၀ ကျော်ကို ရေကြီးနစ်မြုပ်မှုမှ ကာကွယ်ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

**မျိုးညွန့်ရွှေ(မိုးနဲ)**



# လျှပ်စစ်သုံး ယာဉ်များနှင့် ဆိုင်ကယ်များ ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိ

**နေပြည်တော် ဩဂုတ် ၁၆**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Essential Motors Co., Ltd က တင်သွင်းလာသော BYD Atto 3 အမျိုးအစား လျှပ်စစ်သုံးယာဉ် ၁၆ စီး၊ Grand Sirius Co., Ltd က တင်သွင်းလာသော Neta V အမျိုးအစား လျှပ်စစ်သုံးယာဉ် အစီး ၂၀၊ Auto Top Power Co., Ltd က တင်သွင်းလာသော Faw Toyota bZ4X အမျိုးအစား လျှပ်စစ်သုံးယာဉ် လေးစီး စုစုပေါင်း လျှပ်စစ်သုံးယာဉ် အစီး ၄၀ နှင့် NCX Myanmar Co., Ltd က တင်သွင်းလာသော Wuyaung Honda အမျိုးအစား လျှပ်စစ်သုံးဆိုင်ကယ် ၄၈ စီးသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာရာ ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်းနှင့် အဆိုပါလျှပ်စစ်သုံးယာဉ်နှင့် လျှပ်စစ်သုံးဆိုင်ကယ်များ တင်သွင်းမှုအတွက် အကောက်ခွန် ကင်းလွတ်ခွင့်ပြုထားကြောင်း သိရသည်။ **သတင်းစဉ်**



# ခနုဖြူမြို့နယ်၌ ရိတ်သိမ်းခြွေလှေ့စက် မောင်းနှင်ထိန်းသိမ်းမှု အခြေခံသင်တန်းဖွင့်ပွဲ ကျင်းပ

**ခနုဖြူ ဩဂုတ် ၁၆**

ဧရာဝတီတိုင်းဒေသကြီး ခနုဖြူမြို့နယ်တွင် ရိတ်သိမ်းခြွေလှေ့စက်မောင်းနှင်ထိန်းသိမ်းမှု အခြေခံသင်တန်းဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၁၄ ရက် နံနက်ပိုင်းက အမှတ်(၃၃) စက်မှုလယ်ယာစခန်း၌ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂) ဦးစိန်မောင်ဝင်းက အဖွင့် အမှာစကားပြောကြားပြီး စက်မှုလယ်ယာဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသန်းဇော်ဦးက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ထို့နောက် မအူပင်ခရိုင် အမှတ်(၅) အလတ်စားစက်ပြင်အလုပ်ရုံ စက်ရုံမှူး ဦးစိုးနိုင်လင်းက သင်တန်းအထောက်အကူပြုစာအုပ်များကို သင်တန်းသားများအား ပေးအပ်သည်။ အဆိုပါသင်တန်းကို ဩဂုတ် ၁၄ ရက်မှ ၂၅ ရက်အထိ နံနက် ၈ နာရီမှ ညနေ ၄ နာရီအထိ သင်ကြားပို့ချမည်ဖြစ်ပြီး သင်တန်းသို့ သင်တန်းသား ၃၀ တက်ရောက်ကြကြောင်း သိရသည်။

**အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)**

**သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့**

# အိန္ဒိယနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးကြိုးပမ်းဆောင်ရွက်မည်ဟု ဝန်ကြီးချုပ်မိုဒီ ပြောကြား




နယူးဒေလီ ဩဂုတ် ၁၆

အိန္ဒိယနိုင်ငံသည် လက်ရှိအချိန်တွင်ကမ္ဘာ့လူဦးရေအများဆုံး နိုင်ငံတစ်နိုင်ငံ ဖြစ်လာကြောင်းနှင့် လူငယ်လူရွယ်ပညာတတ်များက နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရန် ဆောင်ရွက်နိုင်မည်ဟု မိမိမျှော်လင့်ကြောင်း ဩဂုတ် ၁၅ ရက်တွင် ကျင်းပသည့် (၇၆)နှစ်မြောက် အိန္ဒိယနိုင်ငံ လွတ်လပ်ရေးနေ့ အခမ်းအနားတွင် ဝန်ကြီးချုပ်မိုဒီက ပြောကြားသည်။

နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်သွားမည်ဟု ၎င်းက ထပ်လောင်းပြောကြားသည်။

အိန္ဒိယနိုင်ငံ၏ လက်ရှိလူဦးရေသည် တရုတ်နိုင်ငံထက်ပင်များပြားသည်ဟု ကုလသမဂ္ဂအဖွဲ့က ယခုနှစ်အစောပိုင်းတွင် ပြောကြားချက်ကို ကိုးကား၍ လူငယ်များအား နိုင်ငံဖွံ့ဖြိုးရေးအတွက် ကြိုးပမ်းဆောင်ရွက်ရန် ယခုကဲ့သို့ မိုဒီကတိုက်တွန်းပြောကြားခြင်းဖြစ်သည်။

ယနေ့မျက်မှောက်ကမ္ဘာသည် နည်းပညာထွန်းကားသည့် ကမ္ဘာဖြစ်လာပြီး အနာဂတ်ကာလတွင်လည်း နည်းပညာကသာ အရာရာကို လွှမ်းမိုးသွားမည်ဖြစ်သောကြောင့် အိန္ဒိယနိုင်ငံ၏ နည်းပညာများကို အသုံးချရန် အခန်းကဏ္ဍသစ်ရရှိလာမည်ဟု မိမိယုံကြည်ကြောင်း ၎င်းက မှတ်ချက်ပြုပြောကြားသည်။

အိန္ဒိယနိုင်ငံသည် ထွန်းသစ်စနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများကို ကိုယ်စားပြုပြီး ကမ္ဘာ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန် ပံ့ပိုးကူညီသွားမည်ဖြစ်ကြောင်း မိုဒီက ထပ်လောင်းပြောကြားခဲ့သည်။ အိန္ဒိယ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် စီမံဆောင်ရွက်ပေးရေး အဆင်သင့်ဖြစ်နေပြီဟု ၎င်းက ပြောကြားခဲ့ပြီး ယခုကဲ့သို့ ပြောကြားခြင်းသည် လာမည့်နှစ်တွင်ကျင်းပမည့်ရွေးကောက်ပွဲတွင် နိုင်ငံသားများ၏ ထောက်ခံမှုရရှိရန် ရည်ရွယ်ပြောကြားခြင်းဖြစ်သည်ဟုလည်း လေ့လာသူများက မှတ်ချက်ပြုခဲ့သည်။

ကိုးကား – အင်န်အိတ်ချ်ကေ၊ ဘာသာပြန် – စိုးသူရ




## အိန္ဒိယနိုင်ငံမှ နေလေ့လာရေးအာကာသယာဉ် ယခုလအတွင်း လွှတ်တင်မည်

နယူးဒေလီ ဩဂုတ် ၁၆

အိန္ဒိယနိုင်ငံမှ နေလေ့လာရေးအတွက် Aditya-L1 အာကာသယာဉ်ကို ယခုလအတွင်း လွှတ်တင်မည်ဖြစ်ကြောင်း အိန္ဒိယ အာကာသသုတေသနအဖွဲ့အစည်း၏ ထုတ်ပြန်ချက်ကို ကိုးကား၍ အောလ်အိန္ဒိယရေဒီယိုက ယမန်နေ့တွင် ပြောကြားသည်။

နေအဖွဲ့အစည်းကို လေ့လာရန် ယခုအာကာသယာဉ်အား ပထမဆုံးအကြိမ်လွှတ်တင်ခြင်းဖြစ်ပြီး နေအဖွဲ့အစည်းအတွင်း ရှိလေထု၊ နေအဖွဲ့အစည်းအတွင်းဖြစ်ပေါ်တတ်သည့် မုန်တိုင်းများနှင့် ၎င်းမုန်တိုင်းများ၏ ကမ္ဘာမြေကြီးအပေါ် သက်ရောက်မှုများကို လေ့လာရန်အာကာသယာဉ်အတွင်း ကိရိယာများကို သယ်ဆောင်သွားမည်ဟု ၎င်းရုပ်သံလွှင့်ဌာနက ထပ်လောင်းပြောကြားခဲ့သည်။

**နေကိုစဉ်ဆက်မပြတ် ကြည့်ရှုလေ့လာ**

၎င်းအာကာသယာဉ်သည် ကမ္ဘာမြေမှ ကီလိုမီတာ ၁ ဒသမ ၅ သန်းခန့် အကွာတွင်ရှိသော နေအဖွဲ့အစည်း ပတ်လမ်းသို့ ရောက်ရှိရန် ၁၀၉ ရက်ခန့် အချိန်ယူရမည်ဖြစ်ပြီး ၎င်းအာကာသယာဉ်သည် နေကိုစဉ်ဆက်မပြတ် ကြည့်ရှုလေ့လာသွားနိုင်မည် ဖြစ်သည်။

ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – စိုးသူရ

## ဉာဏ်ရည်တုဆိုင်ရာလုပ်ငန်းများတွင် နယူးယောက်တိုင်းမ်သတင်းစာ၏ ဆောင်းပါးများနှင့် ဓာတ်ပုံများထည့်သွင်းဖော်ပြခြင်းကို တားမြစ်

ဝါရှင်တန် ဩဂုတ် ၁၆

နယူးယောက်တိုင်းမ် သတင်းစာက ဉာဏ်ရည်တုဆိုင်ရာလုပ်ငန်းများတွင် ၎င်း၏ ဆောင်းပါးများနှင့် ဓာတ်ပုံများအသုံးပြုထည့်သွင်းဖော်ပြခြင်းကို တားမြစ်ကြောင်း ပြောကြားသည်။

ထိပ်တန်းအမေရိကန်သတင်းစာဖြစ်သည့် နယူးယောက်တိုင်းမ်သည် ၎င်း၏ ဝန်ဆောင်မှုစည်းမျဉ်းများကို ဩဂုတ် ၃ ရက်တွင် ပြန်လည်ပြင်ဆင်ခဲ့သည်။

ဉာဏ်ရည်တုစနစ် လေ့ကျင့်ပေးခြင်းအပါအဝင် မည်သည့်ဆော့ဖ်ဝဲလ်ပရိုဂရမ်ကိုမဆို ဖွံ့ဖြိုးတိုးတက်ရန်အတွက် ၎င်း၏ သတင်းဆောင်းပါးများ၊ ဓာတ်ပုံများအပါအဝင် အခြားသောအကြောင်းအရာများ အသုံးပြုခြင်းကို တားမြစ်ထားပြီး လိုက်နာမှုမရှိပါက တရားစွဲဆိုသွားမည်ဖြစ်ကြောင်း နယူးယောက်တိုင်းမ်သတင်းစာက ပြောသည်။

ထို့ပြင် ဉာဏ်ရည်တုစနစ် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ လေ့ကျင့်မှုအတွက် လိုအပ်သလိုဖြတ်တောက်အသုံးပြုမှုများကိုလည်း တားမြစ်ထားကြောင်း သိရသည်။

**စုဆောင်းလေ့ကျင့်ထား**

ဉာဏ်ရည်တုစနစ်သည် အသုံးပြုသူများကို ဝန်ဆောင်မှုပေးရာတွင် ပိုမိုတိကျမှုရှိစေရန် ဒေတာပမာဏအများအပြားကို စုဆောင်းလေ့ကျင့်ထားသည်။ သို့သော် သတင်းဆောင်းပါးများအပါအဝင် မူပိုင်ခွင့်ရထားသော ပစ္စည်းများကို ခွင့်ပြုချက်မရှိဘဲ အခြားသော ဝက်ဘ်ဆိုက်များမှလည်း ရယူနိုင်သည်ဟု ဉာဏ်ရည်တုနည်းပညာ အပေါ်ဝေဖန်သူများက ဆိုသည်။

တစ်ချိန်တည်းတွင် သည်ဝါလ်စထရိဂျာနယ်ကို ပိုင်ဆိုင်ထားသည့် နယူးကော့ပ်စ်မီဒီယာလုပ်ငန်းသည် ၎င်းပိုင်ဆိုင်သည့် သတင်းဆောင်းပါးများ၊ ဓာတ်ပုံများအပါအဝင် အခြားသောအကြောင်းအရာများကို ဉာဏ်ရည်တုနည်းပညာ ဖွံ့ဖြိုးတိုးတက်မှုအတွက် အသုံးပြုခွင့်ပေးရန် စဉ်းစားသုံးသပ်လျက်ရှိကြောင်း သိရသည်။

ကိုးကား – အင်န်အိတ်ချ်ကေ၊ ဘာသာပြန် – အောင်ကျော်ကျော်

## ဂျပန်နိုင်ငံ၌ အပူပိုင်းမုန်တိုင်းလန် ဝင်ရောက်တိုက်ခတ်မှုကြောင့် ဒေသခံ ၄၉ ဦး ထိခိုက်ဒဏ်ရာရရှိ

တိုကျို ဩဂုတ် ၁၆

ဂျပန်နိုင်ငံ၌ ဩဂုတ် ၁၅ ရက်က အပူပိုင်းမုန်တိုင်းလန် ဝင်ရောက်တိုက်ခတ်မှုကြောင့် အနည်းဆုံး ဒေသခံ ၄၉ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

၎င်းမုန်တိုင်း တိုက်ခတ်မှုကြောင့် နိုင်ငံအတွင်း မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့် အဆောက်အအုံများ ထိခိုက်ပျက်စီးခြင်းနှင့် မြေပြိုခြင်းတို့ဖြစ်ပွားခဲ့သည်။

နိုင်ငံအလယ်ပိုင်းနှင့် အနောက်ပိုင်းဒေသများမှ ဒေသခံများ ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး နေအိမ် ၁၄၁ လုံး ပျက်စီးခဲ့ကြောင်း သဘာဝဘေးစီမံခန့်ခွဲရေး အေဂျင်စီက မှတ်ချက်ပြုပြောကြားသည်။ ဆာဂျီချုခရိုင်ရှိ တော့တိုရီမြို့တွင် မိုးရေချိန် ၉၇ ဒသမ ၅ မီလီမီတာအထိ ရွာသွန်းခဲ့ပြီး ရေတိုက်စားမှုကြောင့် တံတားနှစ်စင်းပြိုကျကာ လမ်းများတွင်လည်း ရေလွှမ်းမိုးခဲ့သည်။



လမ်းပျက်စီးမှုများကို ချက်ချင်းပြုပြင်နိုင်မည်ဟု မျှော်လင့်ကြောင်း တော့တိုရီ ဒေသခံတစ်ဦးက ပြောကြားသည်။

တော့တိုရီစီရင်စုတွင် တိုင်ဖွန်းမုန်တိုင်းလန် တိုက်ခတ်မှုကြောင့် အိမ်ထောင်စု ၈၄၄ မှ လူ ၁၈၀၀ ကျော် သောင်တင်နေခဲ့ကြောင်း သိရသည်။

ဂျပန်နိုင်ငံအလယ်ပိုင်းတွင် ဩဂုတ် ၁၆ ရက်က မိုးသည်းထန်စွာရွာသွန်းမှုကြောင့် နိုင်ငံအနောက်တောင်ပိုင်းရှိ တိုကျိုနှင့် ဟာကာတာကြား ကျည်ဆန်ရထားပြေးဆွဲမှုကို ခေတ္တရပ်ဆိုင်းခဲ့ရပြီး ရထားဘူတာအများအပြားတွင် ခရီးသွားများသောင်တင်နေခဲ့ရာမှ နောက်ပိုင်းတွင် ရထားပြေးဆွဲမှုကို ပြန်လည်ဆောင်ရွက်ခဲ့သည်။ ဝါကာယာမာ၊ အိုဆာကာ၊ မိုင်၊ အေချီ၊ တိုကူရှီးမားနှင့် ရှီဇူအိုကာ အပါအဝင် တိုင်ဖွန်းမုန်တိုင်းဒဏ်ခံခဲ့ရသော စီရင်စုအများအပြားတွင် အိမ်ထောင်စု ငါးသောင်းခန့် လျှပ်စစ်မီးပြတ်တောက်ခဲ့သည်။

ကိုးကား – ဆင်ဟွာ
ဘာသာပြန် – စိုးသူရ

## ယခုနှစ် ပထမခုနှစ်လတာအတွင်း ကမ္ဘောဒီးယားနိုင်ငံသို့ လာရောက်သည့် နိုင်ငံခြားသားခရီးသည် သုံးသန်းကျော်ရှိ

ဖနောင်ပင် ဩဂုတ် ၁၆

ယခုနှစ် ပထမခုနှစ်လအတွင်း ကမ္ဘောဒီးယားနိုင်ငံသို့လာရောက်သည့် နိုင်ငံခြားသားခရီးသည်အရေအတွက် ၃၀၃၇၃၄၄ ဦး ရှိကြောင်း ကမ္ဘောဒီးယားခရီးသွားလုပ်ငန်းဝန်ကြီးဌာန၏ ယနေ့ထုတ်ပြန်သည့် အစီရင်ခံစာအရ သိရသည်။

အဆိုပါ အရေအတွက်သည် ယခင်နှစ် အလားတူကာလထက် ၇၄၃၄၅၉ ဦးခန့် ပိုမိုမြင့်တက်လာကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

ယခုနှစ် ဇန်နဝါရီလမှ ဇူလိုင်လအတွင်း ကမ္ဘောဒီးယားနိုင်ငံသို့ နိုင်ငံတကာခရီးသွားဝင်ရောက်မှုစာရင်းတွင် ထိုင်းနိုင်ငံသည် ထိပ်ဆုံးမှ ရပ်တည်နေပြီး ဗီယက်နမ်နှင့် တရုတ်နိုင်ငံတို့သည် ဒုတိယနှင့်တတိယ အများဆုံးနေရာတွင် ရပ်တည်လျက်ရှိကြောင်း အစီရင်ခံစာအရ သိရသည်။

အစီရင်ခံစာအရ ကမ္ဘောဒီးယားနိုင်ငံသို့ နိုင်ငံခြားသားခရီးသည် ၁၀၆၅၂၃၃ ဦး လေကြောင်းဖြင့် လာရောက်လည်ပတ်ခဲ့ပြီး ရေကြောင်း လမ်းဖြင့် ၁၉၇၂၁၁၁ ဦးရှိကြောင်း သိရသည်။

နိုင်ငံအတွင်းသို့ လာရောက်သည့် နိုင်ငံခြားသားခရီးသည် အရေအတွက် မြင့်တက်လာခြင်းကြောင့် ၂၀၂၃ ခုနှစ် နှောင်းပိုင်းကာလများတွင်လည်း နိုင်ငံခြားသားခရီးသွား ငါးသန်းခန့် လာရောက်နိုင်ဖွယ်ရှိကြောင်း ခရီးသွားလုပ်ငန်းဝန်ကြီး သွန်ခွန်က ပြောသည်။

၂၀၂၂ ခုနှစ်တွင် နိုင်ငံခြား ခရီးသွား ၂ ဒသမ ၂၇ သန်းသာ လာရောက်ခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ကိုးကား – ဆင်ဟွာ
ဘာသာပြန် – အောင်ကျော်ကျော်

# ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေးရက်သတ္တပတ်နှင့် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ ပြည်နယ်အဆင့် အထိမ်းအမှတ်အခမ်းအနား တောင်ကြီးမြို့၌ ကျင်းပ

တောင်ကြီး ဩဂုတ် ၁၆

၂၀၂၃ ခုနှစ်ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေးရက်သတ္တပတ်နှင့် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ ပြည်နယ်အဆင့် အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက် ၈ နာရီက တောင်ကြီးမြို့ ပြည်နယ်ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ပြောကြား

အခမ်းအနားတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးက အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များ သတ်မှတ်ဆောင်ရွက်ခြင်းကြောင့် ပြည်သူလူထုကိုယ်တိုင် စိတ်ဝင်တစား ပါဝင်ဆောင်ရွက်လာပြီး အာဟာရပြည့်ဝကျန်းမာစေသည့် အသိပညာ၊ အမူအကျင့်များ ပိုမိုကောင်းမွန်မှန်ကန်လာစေကာ ကလေးငယ်များနှင့် အမျိုးသမီးများ၏ ကျန်းမာရေးနှင့် အာဟာရအခြေအနေ ပိုမိုကောင်းမွန်မြင့်မားလာစေမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်နယ် ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမြင့်ကျော်က ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်နှင့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များလှုပ်ရှားမှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေးရက်သတ္တပတ်နှင့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုဗီဒီယိုကို ပြသသည်။

ထို့နောက် အသက်ငါးနှစ်အောက်ကလေးများအား အင်အားပြည့် ဗီတာမင်အေ ဆေးလုံးများကို ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးသန်းဦးလွင်နှင့်ဇနီး၊ တာဝန်ရှိသူများက တိုက်ကျွေးပေးကြ၍ ကလေးငယ်များအား ကြက်ဥ၊ ပဲပေါင်မုန့်၊ ငှက်ပျောသီး၊ ပဲနို့ Food Basket များ ပေးအပ်ပြီး ကိုယ်ဝန်ဆောင်မိခင်များအား အာဟာရဆေးပြားများ၊ ကြက်ဥ၊ ကုလားပဲ၊ အိုင်အိုဒင်းဆားများကို ရှမ်းပြည်နယ် အမျိုးသမီးရေးရာ နာယက၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၏ဇနီးနှင့် အဖွဲ့များ၊ တာဝန်ရှိသူများက ပေးအပ်ပြီး ပြခန်းများကို လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)





# မိုင်းတုံမြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် သိန်း ၃၀၀ လွှဲပြောင်းပေးအပ်

မိုင်းတုံ ဩဂုတ် ၁၆

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းတုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း မြစိမ်းရောင်ကျေးရွာစီမံကိန်း(Type-1) အကောင်အထည်ဖော် ဆောင်ရွက်မည့် မိုင်းဟန်ကျေးရွာအုပ်စု နားကောင်းမူး(လီဆူ)ကျေးရွာအား စီမံကိန်းရန်ပုံငွေများ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါမြို့နယ်ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ မိုင်းတုံမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလွင်မိုးက အဖွင့်အမှာစကားပြောကြားပြီး မိုင်းတုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကျော့ကျော့ခိုင်က မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေလွှဲပြောင်းပေးအပ်ပွဲ ကျင်းပရခြင်း၏ ရည်ရွယ်ချက်များ၊ စီမံကိန်းအကြောင်းအရာများ၊ အကျိုးကျေးဇူးများနှင့် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် ခရိုင်/မြို့နယ်အဆင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရေးလုပ်ငန်းအဖွဲ့ဝင်များက မြစိမ်းရောင်ကျေးရွာစီမံကိန်း (Type-1) အကောင်အထည်ဖော် ဆောင်ရွက်မည့် နားကောင်းမူး (လီဆူ)ကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်ထံသို့ အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် သိန်း ၃၀၀ ကို လွှဲပြောင်းပေးအပ်သည်။ ၂၂၂

# ရွှေကျင်မြို့နယ်၌ ကျောင်းကျန်းမာရေး အသိပညာပေးဟောပြောပွဲ ကျင်းပ

ရွှေကျင် ဩဂုတ် ၁၆

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ်တွင် ခုတင်(၁၀၀) ဆေးရုံအုပ် ဒေါက်တာသိန်းနိုင်လင်း၏ လမ်းညွှန်မှုဖြင့် ကျန်းမာရေးနှင့် အခြေခံပညာကျောင်းတို့ ပူးပေါင်း၍ ကျောင်းကျန်းမာရေး အသိပညာပေးဟောပြောပွဲကို ယမန်နေ့မွန်းလွဲ ၁ နာရီက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



သင်ကြားပြသ

အဆိုပါ ဟောပြောပွဲတွင် ရွှေကျင်မြို့နယ် ဒုတိယပညာရေးမှူး ဦးမြင့်သောင်းက ကျောင်းကျန်းမာရေးများ ဆောင်ရွက်ရခြင်း၏ အကြောင်းများကို ပြောကြားပြီး ရွှေကျင်မြို့နယ် ကျန်းမာရေး ဝန်ထမ်းများက သွေးလွန်တုပ်ကွေးရောဂါ နှိမ်နင်းရေးနှင့်ပတ်သက်၍ ဖုံး၊ သွန်၊ လဲ၊ စစ်၊ ခတ်၊ ထောင်၊ လောင်း၊ ဖွင့်၊ ရှင်း၊ မြှုပ်၊ ထည့် အကြောင်းအရာများ၊ ရွှေကျင်မြို့နယ် ဦးထွဋ်လင်းနောင် (ငှက်ဖျားကြီးကြပ်)က ခြင်မှတစ်ဆင့် ကူးစက်တတ်သည့် ရောဂါများ အကြောင်းကို ဟောပြောသည်။ ထို့နောက် ရွှေကျင်မြို့နယ် ခုတင်(၁၀၀) ပြည်သူ့ဆေးရုံမှ သွားဆရာဝန် ဒေါက်တာခင်ငြိမ်းခန့် ဦးဆောင်၍ ကျန်းမာရေး ဝန်ထမ်းများက ကျောင်းသား ကျောင်းသူများအား မိမိတို့၏သွားများ နည်းစနစ်မှန်ကန်စွာ သွားတိုက်နည်း၊ လက်ဆေးနည်းများကို သင်ကြားပြသပေးသည်။

ဆက်လက်ပြီး မြို့နယ်အတွင်းရှိ အခြေခံပညာ ကျောင်းများမှ ကျောင်းကျန်းမာရေး လှုပ်ရှားမှုများတွင် ဆုရရှိသည့် အထက(တပ်နယ်)၊ အထက(ရွှေကျင်)နှင့် အထက(ဇောတိ)ကျောင်းများအား တာဝန်ရှိသူများက ဆုများပေးအပ်ခဲ့ကြောင်း သိရသည်။

ထွန်းထွန်းဇော်(ပြန်/ဆက်)

# ကျောင်းကုန်းမြို့၌ ငါးသယံဇာတတိုးပွားစေရေး ကြေးတိုင်အင်းများအတွင်း ငါးမျိုးစိုက်ထည့်

ကျောင်းကုန်း ဩဂုတ် ၁၆

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် ကျုံဖားရိုးကျေးရွာအုပ်စုအတွင်းရှိ ကြေးတိုင်အင်းများအတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ယနေ့နံနက် ၉ နာရီက ကျင်းပသည်။ ငါးသယံဇာတများ ပေါများစေရေး၊ အင်းငါးထုတ်လုပ်မှု တိုးတက်လာစေရေးနှင့် ငါးရိက္ခာဖူလုံစေရေးတို့အတွက် ကြေးတိုင်အင်းများဖြစ်သည့် စခန်းကြီးအင်း၊ လဟာကြိုက်အင်း၊ မကျီးစင်အင်းများအတွင်းသို့ သုံးလက်မအထက် ငါးသိုင်းခေါင်းပွကောင်ရေ ၇၀၀၀၀ ငါးမျိုးစိုက်ထည့်ခဲ့သည်။

အဆိုပါ ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးဝင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ မြို့နယ်ဌာနဆိုင်ရာများ၊ မြို့နယ်ငါးလုပ်ငန်းဦးစီးမှူး ဦးဇော်လွင်နှင့် ဝန်ထမ်းများ၊ ကြေးတိုင်အင်းလုပ်သားများ တက်ရောက်ကြကြောင်း သိရသည်။



ဝင်းကြိုင်(ပြန်/ဆက်)

❖ ကျော့ဖုံးမှ

"တောင်သူတစ်ဦးချင်းအလိုက် နွေစပါးသီးနှံ ပန်းတိုင်အထွက်နှုန်း ရရှိစေဖို့အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သက်ဆိုင်ရာ နယ်မြေရှိ တာဝန်ခံကွင်းဝန်ထမ်းတွေက နွေစပါးစိုက်ပျိုးရေးနဲ့ ပတ်သက်တဲ့ တောင်သူအသိပညာပေးလုပ်ငန်းတွေကို တွန်းအားပေး ကူညီပံ့ပိုး ဆောင်ရွက်ပေးကြပါတယ်။ အခုဆိုရင် မဲဇလီရေလွှဲဆည်ရေနဲ့ စိုက်ပျိုးခဲ့တဲ့ နွေစပါးသီးနှံစိုက်ခင်း ဧက ၁၄၁၃၀ ကို ဩဂုတ် ၁၅ ရက်နေ့မှာ အောင်မြင်စွာ ရိတ်သိမ်းခြွေလှေ့ပြီးစီးပြီ ဖြစ်ပါတယ်" ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောသည်။

ပွင့်ဖြူမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများသည် စိုက်ပျိုးရေဖူလုံသည့်အတွက် စိုက်ပျိုးရေးလုပ်ငန်းကို တစ်နှစ်ပတ်လုံး အားထားစိုက်ပျိုးလုပ်ကိုင်ကြပြီး နွေသီးနှံစိုက်ပျိုးရာသီတွင် နွေစပါး၊ နွေနှမ်း၊ နေကြာ၊ ပဲတီစိမ်း၊ ဖူးစားပြောင်းသီးနှံ၊ အခြားဟင်းသီးဟင်းရွက် သီးနှံမျိုးစုံနှင့် ဘုရားပန်းမျိုးစုံတို့ကို စီးပွားဖြစ် စိုက်ပျိုးလုပ်ကိုင်ကြကြောင်း သိရသည်။

လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)

# ကန်ကြီးထောင့်မြို့နယ်၌ သစ်အခြေခံပရိဘောဂသင်တန်းဖွင့်ပွဲ ကျင်းပ

ကန်ကြီးထောင့် ဩဂုတ် ၁၆

ဧရာဝတီ တိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ်တွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန တိုင်းဒေသကြီး အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ကြီးမှူး၍ ခေတ်မီစံပြကျေးရွာရှိ ကျေးလက်နေပြည်သူများ၊ ဝင်ငွေတိုးရေးဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်း၊ သစ်အခြေခံပရိဘောဂသင်တန်းကို ယနေ့နံနက် ၁၀နာရီက အနောက်စုကြီး



ကျေးရွာအုပ်စု ဝါးဒူးကျေးရွာ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ညွှန်ကြားရေးမှူး ဦးအောင်ဖြိုးက အဖွင့်အမှာစကား ပြောကြားပြီး ဒုတိယညွှန်ကြားရေးမှူး ဒေါ်မဉ္ဇူဝင်းက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်း ပြောကြားသည်။ ထို့နောက် စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးက ခေတ်မီစံပြကျေးရွာရှိ ကျေးလက်နေပြည်သူများ ဝင်ငွေတိုးရေး ဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်းကို အနောက်စုကြီးကျေးရွာအုပ်စု ဝါးဒူးကျေးရွာရှိ စီမံကိန်းကော်မတီဝင်များသို့ လွှဲပြောင်းပေးအပ်ပြီး တက်ရောက်လာကြသူများက သင်ထောက်ကူပစ္စည်းများ လှည့်လည်ကြည့်ရှုသည်။

အဆိုပါ သင်တန်းသို့ သင်တန်းသား ၁၀ ဦး တက်ရောက်သွားမည်ဖြစ်ပြီး သင်တန်းကာလမှာ ဩဂုတ် ၁၆ ရက်မှ စက်တင်ဘာ ၁၄ ရက်အထိဖြစ်ပြီး သင်တန်းနှင့်ပတ်သက်သည့် မွမ်းမံသင်တန်းကို အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်အထိ ဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## " Music Travellers – 3" တေးဂီတဖျော်ဖြေပွဲ မြန်မာ့ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသမည်




နေပြည်တော် ဩဂုတ် ၁၆

ပြည်သူများ အပန်းပြေစေရန်၊ ပျော်ရွှင်စေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဖျော်ဖြေရေးအစီအစဉ်များကို တိုးမြှင့်တင်ဆက်လျက်ရှိရာ Friday Night Show အစီအစဉ် ဆန်းသစ်တင်ဆက်မှုအဖြစ် **" Music Travellers –3 " တေးဂီတဖျော်ဖြေပွဲ**ကို ဩဂုတ် ၁၈ ရက် သောကြာနေ့ ည ၁၀ နာရီခန့်တွင် MRTV–HD Channel မှ ထုတ်လွှင့်ပြသမည်ဖြစ်သည်။

အဆိုပါအစီအစဉ်ကို တေးသံရှင်ယုန်လေးက စီစဉ်ပြီး ချောင်းသာကမ်းခြေသို့ သွားရောက်၍ တေးသံရှင် ဝေလျှံ၊ ဆိုတေး၊ နေလင်းကျော်၊ မွန်ဆန်အောင်၊ သာထူးအောင်၊ ဂျင်းနီ၊ အခြားအနုပညာရှင်များစွာနှင့်အတူ ကမ်းခြေအလှအပများနှင့် ယှဉ်တွဲကာ သီဆိုဖျော်ဖြေတင်ဆက်ကြမည်ဖြစ်ကြောင်းနှင့် ဩဂုတ် ၂၀ ရက် တနင်္ဂနွေနေ့ နံနက် ၁၀ နာရီခွဲတွင် (Replay) ထပ်မံ ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## " ဟာသမြို့တော် " ရယ်စရာ စင်တင်ဟာသတစ်ခန်းရပ် အစီအစဉ် မြန်မာ့ရုပ်မြင်သံကြားမှ ဆက်လက်ထုတ်လွှင့်ပြသမည်

နေပြည်တော် ဩဂုတ် ၁၆

မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဖျော်ဖြေရေးအစီအစဉ်များကို တိုးမြှင့်တင်ဆက်လျက်ရှိရာ "ဟာသမြို့တော်" ရယ်စရာ စင်တင်ဟာသတစ်ခန်းရပ် အစီအစဉ်ကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ MRTV–HD Channel မှ အပတ်စဉ် စနေနေ့တိုင်း ထုတ်လွှင့်ပြသပေးလျက်ရှိသည်။

" ဟာသမြို့တော် " ရယ်စရာ စင်တင်ဟာသတစ်ခန်းရပ် အစီအစဉ်ကို ဟားစတိုင်လ် လူရွှင်တော်အဖွဲ့မှ စတားကောင်းထက် စီစဉ်ပြီး "ညားကိုညားစေရမည်" ခေါင်းစဉ်ဖြင့် တင်ဆက်မည်ဖြစ်ရာ စတားကောင်းထက်၊ ကောင်းမွန်၊ ဘာမီတွန်၊ ချမ်းမြေ့၊ ဦးတိမ်ညွန့်၊ မတူး၊ ဦးမိုးစီ၊ နိုင်မိုး၊ ခရမ်းနှင့် မေလွှာတို့က ပါဝင်ဖျော်ဖြေကြမည်ဖြစ်သည်။

အဆိုပါ အစီအစဉ်ကို MRTV–HD Channel မှ ဩဂုတ် ၁၉ ရက် စနေနေ့ ည ၈ နာရီ သတင်းအပြီးတွင် ထုတ်လွှင့်ပြသမည်ဖြစ်ပြီး ဩဂုတ် ၂၃ ရက် ဗုဒ္ဓဟူးနေ့ ညနေ ၆ နာရီ သတင်းအပြီးတွင်လည်း ထပ်မံထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## စဉ့်ကူးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများအား ထောက်ပံ့ပစ္စည်းများပေးအပ်

စဉ့်ကူး ဩဂုတ် ၁၆

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့က စဉ့်ကူးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် စဉ့်ကူးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စည်းရုံးရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းကျော်နိုင်က အမှာစကားပြောကြားပြီး ဝန်ထမ်းများက တာဝန်ထမ်းဆောင်ရာတွင် တွေ့ကြုံရသည့် အခက်အခဲများနှင့် လိုအပ်ချက်များကို တင်ပြကြရာ မြို့နယ်အုပ်ချုပ်ရေးမှူးက ပြန်လည်ရှင်းလင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် မြို့နယ် အုပ်ချုပ်ရေးမှူး ဦးထွန်းကျော်နိုင်က လက်ရှိတာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်း ၆၆ ဦးကိုလည်းကောင်း၊ မြို့နယ်မိသားစု စည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဒေါ်နန်းစံရွှေက မြို့ပေါ်နေ ဝန်ထမ်းမိသားစုဝင် ၃၃ ဦးကို လည်းကောင်း ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **မြို့နယ် (ပြန်/ဆက်)**

## သမဝါယမအသင်းသားတောင်သူများအား သွင်းအားစု၊ GW-11 စပါးမျိုးများနှင့် လယ်ယာသုံးစက်ကိရိယာများ ပေးအပ်

မိုးကောင်း ဩဂုတ် ၁၆

ကချင်ပြည်နယ် မိုးကောင်းမြို့နယ်အတွင်းရှိ မိုးစပါးစိုက်ပျိုးသည့် သမဝါယမအသင်းသားတောင်သူများသို့ တစ်ဧကအထွက်နှုန်းတိုးစေရန် သွင်းအားစုများပေးအပ်ခြင်း၊ ရေကြီးရေလျှံမှုကြောင့် ပျက်စီးဆုံးရှုံးသွားသော အသင်းသားတောင်သူများအတွက် GW–11 စပါးမျိုးများ ထောက်ပံ့ပေးခြင်းနှင့် စံပြကျေးရွာရှိ လယ်ယာဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်ရန် လယ်ယာသုံးစက်ကိရိယာပေးအပ်ပွဲ အခမ်းအနားကို မြို့နယ်သမဝါယမဦးစီးဌာန၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်ဘတ်ဂျက်ဖြင့် ဆောင်ရွက်သည့် အင်းပေါင်းကျေးရွာ ချမ်းမြေ့သာယာလယ်ယာစိုက်ပျိုးရေးနှင့် အထွေထွေသမဝါယမအသင်းရှိ အသင်းသား ၈၀ ၏ စိုက်ဧက ၄၀၀နှင့် နတ်ကြီးကုန်းရပ်ကွက် ပွင့်ဦးစိုက်ပျိုးရေးနှင့်အထွေထွေ သမဝါယမ အသင်းရှိ အသင်းသား ၂၀ ၏ စိုက်ဧက ၁၀၀ အတွက် ရွှေနဂါးပုလဲသာ ဓာတ်မြေဩဇာအိတ် ၅၀၀ နှင့် တက်တိုးပွင့်သီးကွန်ပေါင်းအိတ် ၅၀၀ တို့ကို ပေးအပ်ခဲ့သည်။ ထို့ပြင် ရေကြီးရေလျှံနစ်မြုပ်မှုကြောင့် ပျက်စီးဆုံးရှုံးသွားသော ထိုပူးကျေးရွာရှိ စိုက်ဧက ၁၁၀ အတွက် သမဝါယမဦးစီးဌာနမှ GW–11 မျိုးစပါး ၈၆ အိတ်၊ စိုက်ပျိုးရေးဦးစီးဌာနမှ ရက် ၉၀ မျိုးစပါး ၂၄ အိတ်ပေးအပ်ခြင်းနှင့် နန့်လှိုင်ခေတ်မီစံပြကျေးရွာရှိ ရတနာလှိုင် သမဝါယမအသင်းသို့ ပြည်ထောင်စုဘတ်ဂျက်မှ ပံ့ပိုးပေးအပ်သော ငွေကျပ်သိန်း ၁၂၀ တန်ဖိုးရှိ DS–3510 ထွန်စက်တစ်စီး လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံ့ကျေးရွာ ဂျာနယ်

ထွက်ရှိ



၁၅-၈-၂၀၂၃ ရက်နေ့ထုတ် အတွဲ (၂၀)၊ အမှတ် (၁၆) တွင်

- ခရီးသွားလုပ်ငန်း အထောက်အကူပြုသည့် အင်းလေးကန် ရေရှည်တည်တံ့စေရေး
- ယာသီးနှံများအတွက် အခြေခံစိုက်ပျိုးရေးပညာ
- စီးပွားဖြစ် ကောက်ရိုးမှိုစိုက်ပျိုးနည်း
- နေ့စဉ်ဟင်းချက်ရာတွင်ပါဝင်သည့် ခရမ်းချဉ်သီးစိုက်ပျိုးခြင်းအကြောင်း
- မွေးမြူရေးကြက် အရွယ်အစားအလိုက် အစာစပ်ရပုံ
- အပူပိုင်းဒေသ နို့စားနွားများ မွေးမြူခြင်းနှင့် အစာကျွေးမွေးခြင်း
- ဒိန်ချဉ်တစ်ခွက်၏ အကျိုးအာနိသင်
- ဆင်တုံးမနွယ်အစွမ်း စသည်တို့အပါအဝင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေး၊ သုတရသစုံလင်စွာဖြင့် ထွက်ရှိပြီဖြစ်ပါသည်။

တစ်စောင် (၂၅၀) ကျပ်

အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးများတွင် ဝယ်ယူရရှိနိုင်ပါသည်။

DKY Journal

ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ

■ **AFC Cup မှ**

ဆယ်လာနှင့် ဒေးဗစ်ထန်တို့၏ ကန်ချက်များကိုလည်း ဂိုးသမားကာကွယ်နိုင်ခဲ့သည်။ ပထမပိုင်းတွင် DPMM အသင်း ဂိုးပေါက်ခြိမ်းခြောက်မှုအချို့ပြုလုပ်နိုင်သော်လည်း ပထမပိုင်းအပြီးတွင် ဂိုးမရှိသရေကျနေသည်။ ဒုတိယပိုင်းတွင် ရန်ကုန်အသင်းက တိုက်စစ်အားမြင့်လာပြီး ဂိုးသွင်းခွင့်များပိုရလာသော်လည်း DPMM ဂိုးသမားလက်စွမ်းပြကာ ကွယ်နေသဖြင့် ဂိုးမရဖြစ်နေသည်။ ၇၇ မိနစ်တွင် ဖာရှက်နော်က အဝေးကန်ချက်ဖြင့် DPMM အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူခဲ့သော်လည်း တစ်မိနစ်အကြာတွင် ဗလင်စီယာက ခေါင်းတိုက်ပြီး ရန်ကုန်အသင်းအတွက် ချေပဂိုးပြန်သွင်းခဲ့သည်။ ယင်းနောက်ပိုင်းတွင် ရန်ကုန်အသင်းက ပိုမိုဖိအားပေးနိုင်ခဲ့ပြီး ပွဲပြီးခါနီးတွင် ဇော်ဝင်းသိန်းက အနိုင်ဂိုးသွင်းယူခဲ့သည်။

ရန်ကုန်ယူနိုက်တက်အသင်းသည် ယခုပွဲအနိုင်ရခဲ့သဖြင့် AFC Cup အာဆီယံဇုန်ခြေစစ်ပွဲ Play–off အဆင့်တက်ရောက်နိုင်ခဲ့ပြီး အင်ဒိုနီးရှားကလပ် မာကာဆာအသင်းနှင့် ဩဂုတ် ၂၃ ရက်တွင် အဝေးကွင်း ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**သတင်း–ကိုညီလေး၊ ဓာတ်ပုံ–သော်ကြီး**

❍ **အာဆီယံ ယူ–၂၃ မှ**

ယခုပြိုင်ပွဲတွင် အမာခံကစားသမားအချို့ မပါဝင်နိုင်ဘဲ ကလပ်အသင်းပွဲစဉ်များနှင့် တိုက်ဆိုင်နေသဖြင့် ရွေးချယ်နိုင်ခြင်းမရှိခဲ့ပေ။

ယခုပြိုင်ပွဲတွင် အသင်းစုစုပေါင်း ၁၀ သင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး အုပ်စု (က) တွင် ထိုင်း၊ ကမ္ဘောဒီးယား၊ ဘရူနိုင်း၊ မြန်မာ၊ အုပ်စု (ခ) တွင် တီမော၊ မလေးရှား၊ အင်ဒိုနီးရှား၊ အုပ်စု (ဂ) တွင် ဗီယက်နမ်၊ ဖိလစ်ပိုင်နှင့် လာအိုအသင်းတို့ ပါဝင်နေသည်။ ပြိုင်ပွဲကျင်းပမည့်ပုံစံအရ အုပ်စုသုံးခုမှ ထိပ်ဆုံးသုံးသင်းနှင့် ဒုတိယနေရာရအသင်းများအနက် အကောင်းဆုံးတစ်သင်းသာ ဆီမီးဖိုင်နယ်တက်ရောက်ခွင့်ရမည်ဖြစ်သည်။ **ကိုညီလေး**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဩဂုတ် ၁၆

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှ တစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့် ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄–ကနှင့် ပုဒ်မ ၅၀၅–က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှ တစ်ဆင့် အသိပေးသတင်း ထုတ်ပြန်ခဲ့ပြီး ဖြစ်ပါသည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၃ ခုနှစ် ဩဂုတ် ၁၅ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "Myo Min Soe" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် မာန်ပြေ(၃)ရပ်ကွက်နေ မျိုးမင်းစိုး(ခ) မျိုးကြီးအား နံနက် ၁ နာရီ ၁၅ မိနစ်တွင်လည်းကောင်း၊ "Kyaw Thet Naing" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် အနိုပ်တော် ရပ်ကွက်နေ ကျော်သက်နိုင်(ခ)ကျောက်ကြီးအား မွန်းလွဲ ၃ နာရီ ၁၀ မိနစ်တွင်လည်းကောင်း၊ "Nwe New Win" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ အောင်မြေသာစံမြို့နယ် ဒေါနဘွားရပ်ကွက်နေ နွယ်နွယ်ဝင်း(ခ)မနွယ်အား ညနေ ၄ နာရီတွင်လည်းကောင်း၊ "Win Pa Pa Phyo" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်၊ ၄/မြောက်ရပ်ကွက်နေ ဝင်းပပဖြိုးအား ညနေ ၅ နာရီ ၁၀ မိနစ်တွင်လည်းကောင်း သက်ဆိုင်ရာ ရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပဲနီပြားများ မန္တလေးဈေးကွက်အတွင်း အရောင်းအဝယ်ကောင်းမွန်

**မန္တလေး ဩဂုတ် ၁၆**

ပြည်တွင်းစားသုံးမှု များပြားလာခြင်းကြောင့် မြန်မာ့ထွက်ကုန်သီးနှံ ပဲနီပြားများ မန္တလေးဈေးကွက်အတွင်း ဈေးကောင်းရရှိကာ ယခုရက်ပိုင်းတွင် အရောင်းအဝယ်များသွက်လက်ကောင်းမွန်နေကြောင်း မန္တလေးပဲကုန်သည်များထံမှ သိရသည်။

**အရောင်းသွက်လျက်ရှိ**

လက်ရှိတွင် ပဲနီပြားများမှာ ဈေးကွက်အတွင်းသို့ နယ်စုံဒေသအသီးသီးတို့မှ ဝင်ရောက်နေကြောင်း၊ အဆိုပါ ပဲနီပြားများသည် ဈေးကွက်အတွင်း၌ ပေါ်ဦးပေါ်ဖျား တပေါင်းလအတွင်းက သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၆၀၀၀၀ နှုန်းသာရှိခဲ့ရာမှ ယခုအချိန်တွင် သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၃၂၀၀၀၀ ဈေးထိ ပေါက်ဈေးရှိနေပြီး ဈေးနှုန်းများမြင့်တက်ကာ အရောင်းသွက်လျက်ရှိကြောင်း မန္တလေးမြို့မှ စိုးဝင်းမြင့်ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့်က ပြောသည်။

"မန္တလေးဈေးကွက်မှာ ပဲနီပြားတွေ စံချိန်တင် ဈေးနှုန်းမြင့်တက်နေတယ်။ ပြည်တွင်းမှာ ကုလားပဲစားသုံးမှုပြီးရင် ပဲနီပြားကို အများဆုံးစားသုံးကြပါတယ်။ သိုလှောင်သူတွေ လက်ထဲမှာ လက်ကျန်နည်းနေပါပြီ။ နယ်တွေဘက်မှာလည်း မရှိသလောက် ဖြစ်သွားပါပြီ။ ဒါကြောင့် ဈေးကောင်းရရှိနေပါတယ်"ဟု ၎င်းက ပြောသည်။

အဆိုပါ ပဲနီပြားကို မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် အများဆုံး စိုက်ပျိုးကြပြီး ရောဝတီ၊ ချင်းတွင်းမြစ်ဝှမ်းနုန်းတင်မြေနုများတွင် ပိုမိုစိုက်ပျိုးကြကာ အောင်မြင်ဖြစ်ထွန်းကြကြောင်း၊ ပဲနီပြားသီးနှံသည် ဆောင်းသီးနှံအဖြစ် တစ်နှစ်လျှင် တစ်ရာသီသာ စိုက်ပျိုးကြကာ စိုက်ပျိုးစရိတ်သက်သာပြီး အထွက်နှုန်းကောင်းမွန်သည့်ပဲအမျိုးအစားဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**



# ရွှေပညာဒါန(အခမဲ့)ရွှေသင်တန်း အသိပညာပေး သင်တန်းအမှတ်စဉ်(၂၇)သင်တန်းဆင်းပွဲ ကျင်းပ

**ရန်ကုန် ဩဂုတ် ၁၆**

ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းကကြီးမှူး၍ ရွှေပညာဒါန(အခမဲ့)ရွှေသင်တန်း အသိပညာပေး သင်တန်းအမှတ်စဉ်(၂၇) ဆင်းပွဲအခမ်းအနားကို ဩဂုတ် ၁၄ ရက်က အသင်းရုံး ပန်းဘဲတန်းမြို့နယ် ရွှေဘုံသာလမ်း၌ ကျင်းပသည်။




အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း အထွေထွေအတွင်းရေးမှူး ဦးဝင်းမြင့်က အမှာစကား ပြောကြားသည်။

ထို့နောက် အသင်းဥက္ကဋ္ဌ ဦးမျိုးမြင့်နှင့် အမှုဆောင်များ၊ သင်တန်း ဆရာ ဆရာမများက သင်တန်းသား သင်တန်းသူ ၁၀၂ ဦးတို့အား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ကြသည်။

ရွှေပညာဒါန (အခမဲ့)ရွှေအသိပညာပေးသင်တန်း ကာလမှာ ၁၀ ရက်ကြာမြင့်ခဲ့သည်။ သင်တန်းတွင် ရွှေတူးဖော်ခြင်း ဘာသာရပ်ကို ဦးမျိုးမြင့် (သိန်းသန်းစိန်ရွှေရတနာဆိုင်)၊ ရွှေသန့်စင်ခြင်းကို အထွေထွေ အတွင်းရေးမှူး ဦးဝင်းမြင့်နှင့် ဆရာမ ဒေါ်သော်တာသန်း၊ ရွှေအပေါင်ခံခြင်းကို အမှုဆောင် ဦးအေးချို၊ ရွှေပန်းထိမ်ဘာသာရပ်ကို တာလီစိန်ရွှေရတနာဆိုင်မှ ဆရာဦးတင်မောင်စိုး၊ ရွှေဒင်္ဂါး၊ ငွေဒင်္ဂါးအကြောင်းကို ဦးမောင်သန်း (ရွှေဟသ်ာရွှေဆိုင်)၊ အသုံးချရွှေပညာကို ဆရာဦးအောင်ဆန်း (ဦးရဲမာန်အောင်)၊ ရွှေဆိုင် ဖွင့်လှစ်ခြင်းဘာသာရပ်ကို ဆရာမ ဒေါ်သီရိဆွေ (ဝိန့်စိန်ရွှေရတနာရွှေဆိုင်)၊ ရွှေဆိုင်ဖွင့်ရန် အခြေခံတွက်ချက်နည်းကို ဆရာဦးအေးမင်းကျော်(သိန်းသန်းစိန်ရွှေရတနာဆိုင်)၊ ကျောက်မျက်ပညာကို ကျောက်မျက်လုပ်ငန်းမှ ဦးတော်မီသိန်းနှင့် ဦးမောင်မောင်ဆန်းတို့က သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

၂၀၂၃ ခုနှစ် စက်တင်ဘာလတွင် ရွှေပညာဒါန(အခမဲ့)ရွှေသင်တန်း အသိပညာပေး သင်တန်း အမှတ်စဉ်(၂၈)ကို ဆက်လက်ဖွင့်လှစ် ပို့ချမည်ဖြစ်ကြောင်း သိရသည်။

**မျိုးမင်းသူရ**

# ကျောက်ဆည်ခရိုင် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုဆိုင်ရာ ကြီးကြပ်မှုဆပ်ကော်မတီ လုပ်ငန်းညှိနှိုင်းစည်းဝေး

**ကျောက်ဆည် ဩဂုတ် ၁၆**

မန္တလေး တိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ပတ်ဝန်းကျင် စီမံခန့်ခွဲမှုဆိုင်ရာ ကြီးကြပ်မှု ဆပ်ကော်မတီ (ပထမအကြိမ်) လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက ကျောက်ဆည်ခရိုင် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ရှင်းလင်းတင်ပြ**

လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် ကျောက်ဆည်ခရိုင် ပတ်ဝန်းကျင် စီမံခန့်ခွဲမှုဆိုင်ရာ ကြီးကြပ်မှုဆပ်ကော်မတီဥက္ကဋ္ဌ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်မျိုးသိန်းက ဒေသတွင်း ရပ်ကွက်/ကျေးရွာများ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို အကြံပြုဆွေးနွေးမှုများ ပြုလုပ်၍ အားလုံး ပူးပေါင်းဆောင်ရွက်ကြရန် အမှာစကားပြောကြားပြီး ကျောက်ဆည်ခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဆပ်ကော်မတီအတွင်းရေးမှူး ဦးမော်မော်ကိုက ပတ်ဝန်းကျင်စီမံခန့်ခွဲမှုဆိုင်ရာ ကြီးကြပ်မှုဆပ်ကော်မတီ ပေါ်ပေါက်လာပုံနှင့် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို Power Point ဖြင့် ရှင်းလင်းတင်ပြသည်။



**ဆွေးနွေးပြောကြား**

ဆက်လက်၍ ကျောက်ဆည်ခရိုင် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုဆိုင်ရာ ကြီးကြပ်မှုဆပ်ကော်မတီ အဖွဲ့ဝင်များက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ စွန့်ပစ်အမှိုက်စနစ်တကျ ခွဲခြားစွန့်ပစ်ရေး၊ လူတိုင်းအသိရှိရှိ စိမ်းလန်းစိုပြည်အမှိုက်ကင်းစင် သန့်ရှင်းသောမြို့ပြဖြစ်ရေး၊ ရပ်ကွက်၊ ကျေးရွာများ ဥပဓိရုပ်ကောင်းမွန်ရေး၊အမှိုက်စီမံခန့်ခွဲမှုစနစ်များ ကျေးရွာတိုင်းဆောင်ရွက်နိုင်ရေး အစီအစဉ်များကို ဆွေးနွေးပြောကြားသည်။

ထို့နောက် ကျောက်ဆည်ခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနမှ ကျောက်ဆည်ခရိုင် ကျောက်ဆည်၊ စဉ့်ကိုင်၊ မြစ်သားမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများထံ မီးခိုးမြူငွေ့ ညစ်ညမ်းမှု လျှော့ချရေးဆိုင်ရာနှင့် ပလတ်စတစ်စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုဆိုင်ရာ ပိုစတာများကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၇-၈-၂၀၂၃ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၂၆၀ | ၂၃၁၀ | ၂၃၀၅ | ၂၂၇၀ | ၂၃၁၀ | ၂၃၃၅ | ၂၃၂၀ | ၂၂၉၅ | ၂၃၉၅ | ၂၄၁၀ | ၂၃၀၀ | ၂၃၁၀ | ၂၃၅၀ | ၂၃၅၀ | ၂၃၅၀ | ၂၅၈၀ | ၃၂၂၀ |
| 95 Ron | ၂၃၇၅ | ၂၄၂၅ | ၂၄၂၀ | ၂၃၈၀ | ၂၄၂၀ | ၂၄၄၅ | ၂၄၃၀ | ၂၄၀၅ | ၂၅၀၅ | ၂၅၂၀ | ၂၄၁၅ | ၂၄၃၀ | ၂၄၆၀ | ၂၄၆၀ | ၂၄၆၀ | ၂၆၉၀ | ၃၃၂၀ |
| HSD (500 ppm) | ၂၃၈၅ | ၂၄၃၅ | ၂၄၃၀ | ၂၃၉၅ | ၂၄၃၀ | ၂၄၅၅ | ၂၄၅၀ | ၂၄၁၅ | ၂၅၃၅ | ၂၅၃၀ | ၂၄၂၅ | ၂၄၃၅ | ၂၄၇၀ | ၂၄၇၀ | ၂၄၇၅ | ၂၇၀၀ | ၃၃၂၀ |
| HSD (50 ppm) | ၂၄၆၀ | ၂၅၁၀ | ၂၅၀၅ | ၂၄၇၀ | ၂၅၀၅ | ၂၅၃၀ | ၂၅၂၅ | ၂၄၉၅ | ၂၆၁၅ | ၂၆၁၀ | ၂၅၀၀ | ၂၅၁၀ | ၂၅၄၅ | ၂၅၄၅ | ၂၅၅၀ | ၂၇၈၀ | ၃၃၈၀ |
| HSD (10 ppm) | ၂၄၆၀ | ၂၅၁၀ | ၂၅၀၅ | ၂၄၇၀ | ၂၅၀၅ | ၂၅၃၀ | ၂၅၂၅ | ၂၄၉၅ | ၂၆၁၅ | ၂၆၁၀ | ၂၅၀၀ | ၂၅၁၀ | ၂၅၄၅ | ၂၅၄၅ | ၂၅၅၀ | ၂၇၈၀ | ၃၃၈၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၁၅၂ | ၂၂၂၈ |
| 95 Ron | ၂၂၆၀ | ၂၃၃၈ |
| HSD (500 ppm) | ၂၂၇၀ | ၂၃၄၅ |
| HSD (50 ppm) | ၂၃၄၄ | ၂၄၂၀ |
| HSD (10 ppm) | ၂၃၄၄ | ၂၄၂၀ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## ဓာတ်ခွဲနမူနာစုစုပေါင်း ၅၀၁၄ ခု စစ်ဆေးပြီးစီး ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် လေးဦး တွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၁၆-၈-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ (၁၅-၈-၂၀၂၃) ရက်နေ့၊ ည(၈:၀၀)နာရီမှ (၁၆-၈-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၅,၀၁၄) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ်(၄)ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၀၈) ရာခိုင်နှုန်း ဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင်
စွမ်းအင်လည်းရ ပြည်လည်းလှ

# လုပ်ငန်းခွင်ပျော် အလုပ်တော်သော နိုင်ငံ့ဝန်ထမ်းကောင်းများသို့ . . .

မောင်မောင်လင်း

ဝန်ထမ်းတွေ လုပ်ငန်းခွင်ရွှင်လန်းတက်ကြွကျေနပ်မှု (Job Satisfaction) ရှိရှိနဲ့ တာဝန်ထမ်းဆောင်နိုင်ရေးဟာ အဲဒီဝန်ထမ်းနဲ့ ဌာနအကြား တရားဝင်လက်မှတ်ရေးထိုး ချုပ်ဆိုထားတာဖြစ်စေ၊ အလွတ်သဘောမျိုးဖြစ်စေ နှစ်ဦးနှစ်ဖက်အကြား သဘောတူထားရှိတဲ့ ဝန်ထမ်းတစ်ဦးအနေနဲ့ မိမိတာဝန်ထမ်းဆောင်လျက်ရှိတဲ့ အဖွဲ့အစည်းအပေါ်ထားရှိရမယ့် ကတိကဝတ် (Organizational Commitment) နဲ့ သက်ဆိုင်ရာဌာနဘက်ကလည်း မိမိဝန်ထမ်းရဲ့ တရားဝင်ရရှိရမယ့် အရာတွေနဲ့စပ်လျဉ်းပြီး ဘာတွေပြန်လုပ်ဆောင်ပေးလဲဆိုတဲ့ အကြောင်းနှစ်ရပ်က ထွက်ပေါ်လာတဲ့ အကျိုးရလဒ်ဖြစ်ပါတယ်။

ဝန်ထမ်းတစ်ဦးတစ်ယောက်အနေနဲ့ သော်လည်းကောင်း တရားဝင်ဖွဲ့စည်းပေးထားတဲ့အုပ်စု (Group) ဒါမှမဟုတ် အသင်း (Team) တစ်ခုဟာ အထက်ကပေးအပ်လာတဲ့ လုပ်ငန်းတာဝန်တွေကို အကျိုးရှိထိရောက်စွာနဲ့ ကျေပွန်စွာထမ်းရွက်နိုင်ရေးဟာ အဲဒီဌာနကို စီမံခန့်ခွဲနေတဲ့ အကြီးအကဲ၊ ခေါင်းဆောင်တွေရဲ့တာဝန်ပဲဖြစ်တယ်ဆိုတာကိုတော့ တာဝန်ယူမှု၊ တာဝန်ခံမှုစိတ်ဓာတ်မြင့်မားသူတွေအနေနဲ့ လက်ခံထားပြီးဖြစ်ရမှာဖြစ်ပါတယ်။

**အကျိုးရှိထိရောက်စွာတာဝန်ထမ်းဆောင်မှု**

ဒီနေရာမှာ စွမ်းရည်မြင့်မားပြီး အကျိုးရှိထိရောက်စွာ တာဝန်ထမ်းဆောင်မှု (Effectiveness and Efficiency) ဆိုတဲ့ ဝေါဟာရနဲ့ ပတ်သက်ပြီး အနည်းငယ်ရှင်းပြလိုပါတယ်။ အကျိုးရှိထိရောက်တဲ့ လုပ်ဆောင်နိုင်စွမ်း(Effectiveness) ဆိုတဲ့ဝေါဟာရကို ဖွံ့ဖြိုးတိုးတက်တဲ့ အနောက်တိုင်းနိုင်ငံတွေကဝန်ထမ်းဟာ ရွှင်လန်းတက်ကြွကျေနပ်စွာနဲ့ ရည်မှန်းချက်ပန်းတိုင်ကို ပေါက်မြောက်မှု (Goal Achievement and Employee Satisfaction)၊ တစ်နည်း ဝန်ထမ်းဟာ သူ့ကိုပေးအပ်လာတဲ့ တာဝန်ဝတ္တရားတွေကို ကျေနပ်ပျော်ရွှင်မှုရှိရှိနဲ့ ပြီးမြောက်အောင်မြင်တဲ့အထိ ကျေပွန်စွာထမ်းဆောင်သွားနိုင်တာပဲဖြစ်ပါတယ်။

စွမ်းရည်မြင့်မားမှု (Efficiency) ဆိုတဲ့ ဝေါဟာရကတော့ Scared Resources တွေဖြစ်တဲ့ အချိန်၊ ငွေကြေး၊ လူသားအရင်းအမြစ်၊ နည်းပညာစတဲ့ ရှားပါးပျောက်ဆုံး ကုန်ခန်းသွားနိုင်တဲ့ အရာတွေအပေါ် ခြိုးခြံချွေတာစွာ သုံးစွဲနိုင်မှုမျိုး၊ ဥပမာအားဖြင့် တစ်နေ့ သာမန်လူငါးယောက်လုပ်အားနဲ့ လုပ်ရမယ့်လုပ်ငန်းခွင်ကို လူလေးယောက်တည်းနဲ့ နည်းနည်းနဲ့ကျဲကျဲဝိုင်းသွားတာမျိုး။ အရင်ကလူငါးယောက်နဲ့ တစ်နေ့ လုပ်သွားတာကို အခုနေ့တစ်ဝက်နဲ့ အပြီးလုပ်နိုင်စွမ်းရှိတာမျိုး စတာတွေပဲဖြစ်ပါတယ်။ သတိထားရမှာကတော့ အဲဒီလိုလုပ်ဆောင်ရတဲ့အပေါ် ဝန်ထမ်းတွေကိုယ်တိုင် ကျေနပ်လက်ခံမှုရှိမှသာ Job Satisfaction ရဲ့ အနှစ်သာရမှ သွေဖည်မသွားမှာဖြစ်ပါတယ်။

**Job Satisfaction နဲ့ဆက်နွှယ်တဲ့သီအိုရီများ**

ဦးစီးခေါင်းဆောင်တွေအနေနဲ့ Job Satisfaction နဲ့ ဆက်နွှယ်တဲ့ အောက်ပါသီအိုရီတွေကို သိရှိထားဖို့ လိုအပ်မှာဖြစ်ပါတယ်–

(က) **Herzberg ၏ အကြောင်းရင်းခံနှစ်ချက် (Two Factors) သီအိုရီ**။ ဝန်ထမ်းတွေရဲ့ လုပ်ငန်းခွင်မှာရွှင်လန်းတက်ကြွကျေနပ်မှုရှိခြင်း (Job Satisfaction) ကို ရှေ့ဆောင်ပေးတဲ့အကြောင်းရင်းခံနဲ့ လုပ်ငန်းခွင်မှာ ရွှင်လန်းတက်ကြွကျေနပ်မှုမရှိခြင်းအကြောင်းရင်းခံနှစ်ရပ်ဟာ ကွဲပြားခြားနားမှုရှိနေပါတယ်။ Job Satisfaction အကြောင်းရင်းခံဟာ စေ့ဆော်ပေးမှုတွေ (Motivators) ကြောင့်ဖြစ်ပြီး Job Dissatisfaction အတွက်ကတော့ ကောင်းမွန်တဲ့ လုပ်ငန်းပတ်ဝန်းကျင် Hygiene (Maintenance) Factor ဟာ အကြောင်းရင်းခံဖြစ်ပါတယ်။ ဒါကြောင့် ကောင်းမွန်တဲ့လုပ်ငန်းပတ်ဝန်းကျင်ဖြစ်စေရေးအတွက် အရည်အသွေးကောင်းမွန်တဲ့ ကြီးကြပ်မှုစနစ်ထားရှိမှု၊ သင့်တင့်လျောက်ပတ်တဲ့ လုပ်ခလစာချီးမြှင့်မှု၊ သက်ဆိုင်ရာလုပ်ငန်းဌာနအလိုက် ပေါ်လစီတွေချမှတ်ထားရှိမှု၊ လုပ်ငန်းဌာနနဲ့ကိုက်ညီတဲ့ ရုပ်ဝတ္ထုပစ္စည်းတွေ ဖြည့်ဆည်းပေးထားမှု၊ အချင်းချင်းဆက်ဆံရေးကောင်းမွန်မှုနဲ့ လုပ်ငန်းခွင်လုံခြုံမှုစတဲ့ အရာတွေဟာ လုပ်ငန်းခွင်အတွင်း ရွှင်လန်းတက်ကြွကျေနပ်မှုရှိစေရေးအတွက် အနိမ့်ဆုံးနဲ့ မရှိမဖြစ်လိုအပ်ချက်တွေဖြစ်ပါတယ်။ ရာထူးတိုးမြှင့်ရရှိနိုင်တဲ့ အခွင့်အလမ်းရှိမှု၊ တစ်ကိုယ်ရေအရည်အသွေး၊ အရည်အချင်းတိုးတက်စေနိုင်မှု၊ အသိအမှတ်ပြုခြင်းခံရမှု၊ တာဝန်ယူရမှုနဲ့ ချီးမြှင့်ခံရမှု စတဲ့အရာတွေဟာ လုပ်ငန်းခွင်အတွင်း ရွှင်လန်းတက်ကြွကျေနပ်မှု ရရှိနိုင်ရေးအတွက် စေ့ဆော်ပေးမှုတွေပဲဖြစ်ပါတယ်။

(ခ) **Edwin Locke ၏တန်ဖိုး (Value) သီအိုရီ**။ လူတွေဟာ တစ်ခုခုရဖို့ လိုချင်တတ်ပြီး လိုနေတာရသွားရင် ပိုပြီးရွှင်လန်းတက်ကြွကျေနပ်သွားတတ်လို့ ရတာမလို၊ လိုတာမရဖြစ်ခဲ့ရင် ရွှင်လန်းတက်ကြွကျေနပ်မှု နည်းမယ်ဆိုတာ လူ့သဘောသဘာဝပါ။ ရရှိတာကို လိုချင်နေတာနဲ့ နုတ်လိုက်ရင် ကွာဟမှုဆိုတဲ့ရလဒ်ထွက်ပါတယ်။ အဲဒီကွာဟမှုနည်းလေ ရွှင်လန်းတက်ကြွကျေနပ်မှုပိုများလေဖြစ်လို့ ဝန်ထမ်းတစ်ဦးချင်းရဲ့ လိုအင်အပေါ် သက်ဆိုင်ရာဦးစီးခေါင်းဆောင်အနေနဲ့ သိရှိထားပါက ပိုမိုအကျိုးရှိမှာ ဖြစ်ပါတယ်။

(ဂ) **ပင်ကိုစိတ်အခံနဲ့ဆက်နွှယ်မှု (Dispositional) မိုဒယ်လ်**။ လူတစ်ဦးချင်းအလိုက် အလုပ်ခွင်ရွှင်လန်းတက်ကြွကျေနပ်မှုအပေါ် ကွဲပြားတဲ့စိတ်အခံရှိပါတယ်။ မိမိရရှိထားတဲ့အလုပ်နဲ့ စပ်လျဉ်းပြီး အပေါင်းလက္ခဏာဆောင်တဲ့ စိတ်အခံရှိသူနဲ့ အနုတ်လက္ခဏာဆောင်တဲ့ စိတ်အခံရှိသူ နှစ်မျိုးနှစ်စားရှိမှာဖြစ်ပါတယ်။ အမြွှာနှစ်ဦးကို ကွဲပြားတဲ့လုပ်ငန်းခွင်မှာ တာဝန်ထမ်းဆောင်စေပြီး သူတို့နှစ်ဦးရဲ့ လုပ်ငန်းခွင်ရွှင်လန်းတက်ကြွမှုအပေါ် ဆန်းစစ်ခဲ့ရာ အဆင့်တူညီမှုရှိတယ်လို့ Arvey ရဲ့ သုတေသနပြုမှုအရ ဖော်ထုတ်တွေ့ရှိခဲ့သလို ၁၉၆၉ ခုနှစ်မှ ၁၉၇၁ ခုနှစ်အတွင်း အလုပ်ပြောင်းလဲလုပ်ကိုင်ခဲ့သူ အမျိုးသား ၅၀၀၀ ရဲ့ လုပ်ငန်းခွင်ရွှင်လန်းတက်ကြွကျေနပ်မှုအဆင့်တွေဟာ သူတို့အချင်းချင်းအကြား ကွာဟမှုသိပ်မရှိဘူးဆိုတာကို Straw နဲ့ Ross ရဲ့ ဆန်းစစ်မှုမှာ တွေ့ရှိခဲ့ရတာနဲ့အညီ ဒီကိစ္စရပ်ဟာ လူတစ်ဦးချင်းရဲ့ပင်ကိုစိတ်အခံအပေါ် မူတည်နေတဲ့ မျိုးဗီဇဆိုင်ရာကိစ္စဖြစ်ပါတယ်။

(ဃ) **လူမှုသတင်းအချက်အလက်နည်းလမ်း (Social Information Processing) ဖြင့်ရယူမှုမိုဒယ်လ်**။ လူမှုပတ်ဝန်းကျင်နဲ့ လူမှုဆက်ဆံရေးအပေါ်မူတည်ပြီး လုပ်ငန်းခွင်မှာရွှင်လန်းတက်ကြွကျေနပ်မှုကို ဖြစ်ပေါ်စေနိုင်ပါတယ်။ လူမှုပတ်ဝန်းကျင်ရဲ့ လွှမ်းမိုးမှုနဲ့ပတ်သက်ပြီး ပြောရမယ်ဆိုရင် မိမိအနေနဲ့ လုပ်ငန်းခွင်ဟာ အသစ်အဆန်းပထမဆုံးလုပ်ရမယ့်အလုပ်ဆိုရင် လူမှုပတ်ဝန်းကျင်ရဲ့လွှမ်းမိုးမှု ပိုမိုခံနိုင်ရပါတယ်။ ဒါပေမဲ့ မိမိအနေနဲ့လုပ်ငန်းခွင်ဟာ အသစ်အဆန်းမဟုတ်နေဘူး၊ အတွေ့အကြုံရှိဖူးတယ်ဆိုရင် လူမှုပတ်ဝန်းကျင်ရဲ့လွှမ်းမိုးမှုဟာ မိမိရဲ့ Job Satisfaction နဲ့ ဆက်နွှယ်မှုအားနည်းသွားပါလိမ့်မယ်။

နောက်တစ်ချက်က မိမိရဲ့ပင်ကိုစရိုက်နဲ့ ပတ်သက်ပါတယ်။ မိမိဟာ လူမှုပတ်ဝန်းကျင်နဲ့ လိုက်လျောညီထွေမှုရှိဖို့အတွက် ကိုယ့်ရဲ့ အမူအကျင့်ကို ထိန်းသိမ်းတာ၊ ပတ်ဝန်းကျင်ကို အလွန်ဂရုစိုက်တတ်တဲ့ သူဆိုရင် လူမှုပတ်ဝန်းကျင်ရဲ့ လွှမ်းမိုးမှုကို ပိုမိုခံရနိုင်ပါတယ်။ ဒါပေမဲ့ ပတ်ဝန်းကျင်ကို ဂရုတစိုက်နဲ့ မိမိအမူအကျင့်တွေ လိုက်လျောညီထွေမှုရှိအောင် ပြုပြင်ပြောင်းလဲမှုနည်းတဲ့သူတွေအတွက်ကတော့ လူမှုပတ်ဝန်းကျင်လွှမ်းမိုးမှုနဲ့ Job satisfaction နဲ့ ဆက်နွှယ်မှု အားနည်းသွားပါလိမ့်မယ်။ လူမှုဆက်ဆံရေးအနေနဲ့ ပြောရမယ်ဆိုရင် လုပ်ငန်းခွင်အတွင်း တွေ့ရှိဆက်ဆံရသူအချင်းချင်းအကြား အပြုအမူနဲ့ စရိုက်လက္ခဏာ အလိုအလျောက်ကူးစက်တာမျိုး (Social Contagion) ရှိနေပါတယ်။ လူတစ်ဦးပျော်ရွှင်ရယ်မောနေရင် ကျန်ထိတွေ့ဆက်ဆံနေသူအားလုံးကို အပျော်တွေကူးစက်သွားမှု (Emotional Contagion) ဖြစ်ပေါ်လာသလို လုပ်ငန်းခွင်ဆိုင်ရာ အပြုအမူဟာလည်း အဲဒီနည်းအတိုင်း ကူးစက်တတ်တာနဲ့အညီ လုပ်ငန်းခွင်ဆိုင်ရာ စရိုက်လက္ခဏာဆိုးတွေဟာလည်း ကူးစက်လွယ်တတ်ပါတယ်။ ဒါကြောင့် စရိုက်လက္ခဏာဆိုးတွေရှိနေတဲ့ ဝန်ထမ်းတွေကိုလည်း ဌာနအကြီးအကဲအနေနဲ့ သိရှိဖို့လိုအပ်ပြီး ၎င်းတို့ကို ဘယ်လိုထိန်းကျောင်းပြုပြင်ရမလဲ၊ ဘယ်လိုစီမံခန့်ခွဲရမလဲဆိုတာတွေဟာလည်း အရေးကြီးလာပါတယ်။

**“လူမှုဆက်ဆံရေးအနေနဲ့ပြောရမယ်ဆိုရင် လုပ်ငန်းခွင်အတွင်း တွေ့ရှိဆက်ဆံရသူအချင်းချင်းအကြား အပြုအမူနဲ့ စရိုက်လက္ခဏာ အလိုအလျောက်ကူးစက်တာမျိုး (Social Contagion) ရှိနေပါတယ်။ လူတစ်ဦးပျော်ရွှင်ရယ်မောနေရင် ကျန်ထိတွေ့ဆက်ဆံနေသူအားလုံးကို အပျော်တွေကူးစက်သွားမှု Emotional Contagion ဖြစ်ပေါ်လာသလို လုပ်ငန်းခွင်ဆိုင်ရာအပြုအမူဟာလည်း အဲဒီနည်းအတိုင်း ကူးစက်တတ်တာနဲ့အညီ လုပ်ငန်းခွင်ဆိုင်ရာ စရိုက်လက္ခဏာဆိုးတွေဟာလည်း ကူးစက်လွယ်တတ်ပါတယ်။ ဒါကြောင့် စရိုက်လက္ခဏာဆိုးတွေရှိနေတဲ့ ဝန်ထမ်းတွေကိုလည်း ဌာနအကြီးအကဲအနေနဲ့ သိရှိဖို့လိုအပ်ပြီး ၎င်းတို့ကို ဘယ်လိုထိန်းကျောင်းပြုပြင်ရမလဲ၊ ဘယ်လိုစီမံခန့်ခွဲရမလဲဆိုတာတွေဟာလည်း အရေးကြီး”**

ဒါဆိုရင် လုပ်ငန်းခွင်ရွှင်လန်းတက်ကြွကျေနပ်မှုအဆင့်ကို တိုင်းတာဖို့လိုအပ်လာမှာဖြစ်ပါတယ်။ မိမိဝန်ထမ်းတွေရဲ့ အမူအကျင့်တွေကို စူးစမ်းလေ့လာခြင်း၊ အင်တာဗျူးလုပ်ကြည့်ခြင်းနဲ့ ဆန်းစစ်မေးခွန်းတွေ ဖြေကြားစေခြင်း စတဲ့နည်းလမ်းအမျိုးမျိုးကို အသုံးပြုနိုင်ပါတယ်။ ဒါပေမဲ့ လူတွေဟာ အရာအားလုံးကိုတော့ အမှန်အတိုင်း ပြောလိမ့်မယ်လို့မထင်ပါနဲ့။ သူတို့ရဲ့စာထဲမှာ မဖော်ပြထားတဲ့ အကြောင်းအရာကို မြင်ဖို့အရေးကြီးပါတယ်။ လိုရင်းကတော့ မိမိလက်အောက်ကဝန်ထမ်းတွေနဲ့ ထိတွေ့ရမယ်ဆိုတာကို လက်ခံထားဖို့ လိုအပ်ပါတယ်။ လူတစ်ဦးချင်းစီရဲ့ လုပ်ငန်းခွင်အပေါ် တုံ့ပြန်တဲ့ အပြုအမူဟာ လွန်စွာကွဲပြားခြားနားတာနဲ့အညီ ဝန်ထမ်းတစ်ဦးချင်းရဲ့ လုပ်ငန်းခွင်ရွှင်လန်းတက်ကြွကျေနပ်မှုအဆင့်ကို အကဲဖြတ်ဖို့ ခက်ခဲမှာပါ။ ဒါပေမဲ့ ဘာမှမလုပ်တာထက်စာရင် တစ်ခုခုလုပ်တာက အကျိုးရှိမှာမို့လို့ မင်နီဆိုးတားတက္ကသိုလ်က လုပ်ထားတဲ့ ရလဒ်မျိုးတွေအနက် အလားတူအခြေအနေမျိုးမှာ မိမိဝန်ထမ်းရဲ့ရလဒ်တွေကို နှိုင်းယှဉ်ချိန်ထိုးကြည့်တာမျိုးတွေ စမ်းသပ်လုပ်ဆောင်ကြည့်ပါ။

ဟားဗတ်တက္ကသိုလ်ရဲ့ လေ့လာဆန်းစစ်တွေ့ရှိချက်အရ အလယ်အလတ်အဆင့် အရာထမ်းအများစုဟာ အလုပ်ခွင်မှာ ပျော်ရွှင်မှုမရှိကြောင်း တွေ့ရှိထားပါတယ်။ ဘာကြောင့်ဆိုတာ မိမိလုပ်ငန်းဝန်းကျင်မှာ လေ့လာဆန်းစစ်ကြည့်ပါ၊ ယေဘုယျအနေနဲ့ ခေါင်းဆောင်မှုညံ့တာတွေ၊ ပြောင်းလွယ်ပြင်လွယ် မဖြစ်တာတွေ၊ ရေရှည်အသက်မွေးမှုလုပ်ငန်းနဲ့ ရာထူးတိုးတက်နိုင်မှု အခွင့်အလမ်းနည်းတာတွေ၊ လုပ်ငန်းနယ်ပယ်နဲ့သက်ဆိုင်တဲ့ကိစ္စရပ်တွေမှာ သူတို့ရဲ့အမြင်အပေါ် တန်ဖိုးထားခံရမှု မရရှိခြင်းမျိုးနဲ့ ယုံကြည်ကိုးစားခံရမှု နည်းပါးခြင်းစတဲ့ အချက်တွေကြောင့်ပဲဖြစ်ပါတယ်။

(ဆက်လက်ဖော်ပြပါမည်)

## ချင်းရွှေဟော်ကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအခြေအနေ

ချင်းရွှေဟော် ဩဂုတ် ၁၆

ချင်းရွှေဟော်ကုန်သွယ်ရေးစခန်း၏ ဩဂုတ် ၅ ရက်မှ ၁၅ ရက်အထိ လုပ်ငန်းဆောင်ရွက်မှုမှာ ပို့ကုန် အမေရိကန်ဒေါ်လာ ၁၆ ဒသမ ၇၂၇ သန်း၊ သွင်းကုန် အမေရိကန်ဒေါ်လာ ၃၂ ဒသမ ၄၄၅ သန်း ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၄၉ ဒသမ ၁၇၂ သန်း ဆောင်ရွက်နိုင်ခဲ့သည်။

အများဆုံးတင်ပို့ခဲ့သည့် ပို့ကုန်ပစ္စည်းများမှာ ရော်ဘာ ၇၅၄၅ ဒသမ ၃၅ တန်၊ ပဲယင်း ၂၃၃၈ တန်၊ ပဲတီစိမ်း ၁၇၁၈ ဒသမ ၂၅ တန်၊ မြေထောက်ပဲ ၉၃၅ ဒသမ ၀၀ တန်၊ ရော်ဘာကြွမ်း ၇၉၀ ဒသမ ၄၀ တန်၊ ပြောင်း ၁၅၀၃ ဒသမ ၂၅ တန်၊ ဆန်ကွဲ ၇၀၁ ဒသမ ၅၀ တန်၊ ပဲလွန်းဖြူ ၃၂၇ တန်၊ နှမ်းနက် ၁၀၁ တန်၊ စွန်တာနီပဲ ၂၂၁ တန် တင်ပို့နိုင်ခဲ့သည်။

အများဆုံးတင်သွင်းခဲ့သည့် သွင်းကုန်ပစ္စည်းများမှာ သံနှင့် သံမဏိဆောက်လုပ်ရေးပစ္စည်းများ၊ ဓာတ်မြေဩဇာ၊ ချည်ထည်များ၊ စက်နှင့်စက်ပစ္စည်းများ၊ ဇာနှင့်ဇာထိုးထားသောပစ္စည်းများ၊ လေအေးစက်များ၊ သံနှင့် သံမဏိလုပ်ငန်းသုံးပစ္စည်းများ၊ ဆေးဝါးပစ္စည်းများ၊ ပလတ်စတစ်ကုန်ကြမ်း ပစ္စည်းများ၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးနှင့်တပ်ဆင်ရေးပစ္စည်းများ တင်သွင်းနိုင်ခဲ့သည်။

## မောင်တောကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအခြေအနေ

မောင်တော ဩဂုတ် ၁၆

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဩဂုတ်လ လျာထားချက်မှာ ပို့ကုန် အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ သန်း၊ သွင်းကုန် အမေရိကန်ဒေါ်လာ သုည ဒသမ ၀၃၀ သန်း၊ ကုန်သွယ်မှုပမာဏ ဒေါ်လာ ၁ ဒသမ ၅၃၀ သန်းဖြစ်သည်။ ၂၀၂၃ ခုနှစ် ဩဂုတ် ၁ ရက် မှ ၁၅ ရက်အထိ အမှန်ဆောင်ရွက်နိုင်မှုမှာ ပို့ကုန် အမေရိကန်ဒေါ်လာ သုည ဒသမ ၇၆၂ သန်းဖြစ်ပြီး စုစုပေါင်း ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ သုည ဒသမ ၇၆၂ သန်း ဆောင်ရွက်နိုင်ခဲ့ပြီး လျာထားချက်အပေါ် ၄၉ ဒသမ ၈၀ ရာခိုင်နှုန်း ဆောင်ရွက်နိုင်ခဲ့သည်။

မောင်တောကုန်သွယ်ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ လယ်ယာထွက်ကုန်ပစ္စည်းများ၊ ရေထွက်ကုန်ပစ္စည်းများနှင့် စက်မှုကုန်ချောပစ္စည်းများကို အဓိကတင်ပို့လျက်ရှိပြီး ဩဂုတ် ၁၅ ရက်အထိ တင်ပို့ခဲ့သည့် ကုန်ပစ္စည်းများမှာ ချင်း(အစို) ၄၂၁ ဒသမ ၇၅ တန်၊ တညင်းသီး ၄၉ တန်၊ နနွင်းတက် ငါးတန်၊ ကွမ်းသီး နှစ်တန်၊ ထန်းလျက် နှစ်တန်၊ ငါးမြစ်ချင်း ၃၇၇ ဒသမ ၆၃၆ တန်၊ ငါးနီတူခြောက် ၃ ဒသမ ၅ တန်၊ ငါးကုန်းညိုခြောက် ၉ ဒသမ ၅ တန်၊ ငါးစုံလေးခြောက် ၆၇ ဒသမ ၅ တန်၊ ငါးခေါင်းပွ ၈ ဒသမ ၄၀၅ တန်၊ ဆီးယိုထုပ် ၅ ဒသမ ၅ တန်၊ ဆန်ကြာဆံ တစ်တန်၊ ထွန်းရွှေဝါလိမ်းဆေး သုံးတန်၊ သနပ်ခါးခဲ နှစ်တန်နှင့် မုန့်ဖတ်ခြောက် သုည ဒသမ ၅ တန် တင်ပို့ခဲ့သည်။

## သာယာဝတီခရိုင်၌ မိုးစပါးများ စိုက်ပျိုးပြီးစီး

သာယာဝတီ ဩဂုတ် ၁၆

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် အတွင်းရှိ မြို့နယ်များ၌ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွက် မိုးစပါးများ စိုက်ပျိုးပြီးစီးပြီဖြစ်သည်။



ခရိုင်အတွင်း မိုးစပါး စိုက်ပျိုးထားရှိမှုအနေဖြင့် သာယာဝတီမြို့နယ်၌ ၁၀၃၆၅၉ ဧက၊ လက်ပံတန်းမြို့နယ်၌ ၁၀၁၈၃၈ ဧက၊ မင်းလှမြို့နယ်၌ ၇၆၁၄၁ ဧက၊ မိုးညိုမြို့နယ်၌ ဧက ၄၈၈၆၀၊ အုတ်ဖိုမြို့နယ်၌ ၁၀၀၃၇၄ ဧကနှင့် ကြို့ပင်ကောက်မြို့နယ်၌ ၈၆၈၂၅ ဧကဖြစ်ရာ မိုးစပါးစိုက်ဧက စုစုပေါင်း ၅၁၇၆၉၇ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း၊ သာယာဝတီခရိုင်၌ မိုးစပါး စိုက်ပျိုးရန်လျာထားဧက ၅၁၇၅၁၀ ရှိသော်လည်း အမှန်စိုက်ဧကမှာ ၅၁၇၆၉၇ ဧကဖြစ်ရာ ၁၀၀ ဒသမ ၀၄ ရာခိုင်နှုန်း စိုက်ပျိုးနိုင်ခဲ့သဖြင့် လျာထားဧကအပေါ် ၁၈၇ ဧက ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း ခရိုင်မြေစာရင်းဌာန စာရင်းများအရ သိရသည်။

## ပေါက်ခေါင်းမြို့နယ်၌ ပဲနောက်သီးနှံများ စတင်ထွက်ပေါ်

ပေါက်ခေါင်း ဩဂုတ် ၁၆

ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ်၌ ပဲနောက်သီးနှံကို မိုးဦးကာလများတွင် ဧကအနည်းငယ်စိုက်ပျိုးထားရှိရာ စိုက်ပျိုးပြီး သုံးလအကြာ (မိုးလယ်ကာလ) တွင် စတင်ထွက်ရှိကြောင်း သိရသည်။



အထွက်နှုန်းအနေဖြင့် ပဲနောက်သီးနှံ တစ်ဧကလျှင် ၁၀ တင်းနှုန်းခန့်ထွက်ရှိရာ ယခင်နှစ်နှင့် နှိုင်းယှဉ်လျှင် အထွက်နှုန်းနည်းကြောင်း၊ ကုန်ကျစရိတ်အနေဖြင့် ကျပ် ၁၅၀၀၀၀-၂၀၀၀၀၀ ခန့် ကုန်ကျကြောင်း၊ ဈေးနှုန်းအနေဖြင့် ပဲနောက်တစ်တင်းလျှင် ပဲအရည်အသွေးအပေါ်မူတည်၍ အရည်အသွေးကောင်းလျှင် ကျပ် ၆၀၀၀၀ ခန့်ဖြင့်လည်းကောင်း၊ အရည်အသွေး အနည်းငယ်ညံ့လျှင် ကျပ် ၅၀၀၀၀ ခန့်ဖြင့်လည်းကောင်း နယ်ပွဲစားများက ဝယ်ယူလျက်ရှိကြောင်း သိရသည်။

သတင်းအရင်းအမြစ် - စီးပွား/ကူးသန်း

### ၁၆.၈.၂၀၂၃ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ်၊ မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါးဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ(ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ |
| ၁ | မြစ်ကြီးနား | ၄၀၀၀ | | ၁၃၀၀၀ | ၉၀၀၀ | ၂၂၀၀၀ | ၂၅၀၀ | ၉၀၀၀ | ၈၀၀၀ | ၅၀၀၀ | ၆၅၀၀ | ၁၀၀၀ | ၈၅၀၀ | ၇၀၀၀ | ၄၀၀၀ | ၃၅၀၀ | ၃၈၀၀ | ၁၂၀၀၀ | ၂၂၀၀၀ | ၁၈၀၀၀ | ၂၆၀၀၀ | ၁၅၀၀၀ |
| ၂ | လားရှိုး | ၃၉၀၀ | ၃၅၀၀ | ၁၄၀၀၀ | ၉၀၀၀ | ၂၂၀၀၀ | ၃၅၀၀ | ၇၀၀၀ | ၈၀၀၀ | ၃၀၀၀ | ၅၅၀၀ | ၁၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၃၅၀၀ | ၃၅၀၀ | ၁၂၅၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၃ | ကျိုင်းတုံ | ၃၆၀၀ | | ၁၆၀၀၀ | ၈၂၀၀ | ၁၉၅၀၀ | ၃၀၀၀ | ၉၀၀၀ | ၉၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၁၀၀၀ | ၈၅၀၀ | ၆၈၀၀ | ၄၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၁၄၀၀၀ | ၂၂၀၀၀ | ၂၄၀၀၀ | | ၁၂၀၀၀ |
| ၄ | တောင်ကြီး | ၃၂၀၀ | ၂၇၅၀ | ၉၀၀၀ | ၉၀၀၀ | ၂၂၀၀၀ | ၃၀၀၀ | ၇၅၀၀ | ၈၅၀၀ | ၄၅၀၀ | ၅၃၀၀ | ၆၀၀ | ၈၅၀၀ | ၆၅၀၀ | ၄၅၀၀ | ၃၅၀၀ | ၃၆၀၀ | ၁၃၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၂၅၀၀၀ | ၁၀၀၀၀ |
| ၅ | လွိုင်ကော် | ၃၈၀၀ | ၂၉၀၀ | ၁၇၀၀၀ | ၈၈၀၀ | ၃၈၀၀၀ | ၃၃၀၀ | ၁၀၀၀၀ | ၇၂၀၀ | ၅၅၀၀ | ၄၅၀၀ | ၈၀၀ | ၈၀၀၀ | ၆၈၀၀ | ၃၇၀၀ | ၃၅၀၀ | ၄၀၀၀ | ၁၄၀၀၀ | ၁၉၀၀၀ | ၁၈၀၀၀ | ၂၇၀၀၀ | ၁၀၀၀၀ |
| ၆ | ဘားအံ | ၂၇၀၀ | | ၁၁၀၀၀ | ၈၀၀၀ | ၁၆၀၀၀ | ၂၇၀၀ | ၉၀၀၀ | ၈၀၀၀ | ၅၅၀၀ | ၆၀၀၀ | ၈၀၀ | ၁၀၀၀၀ | ၆၅၀၀ | ၃၀၀၀ | ၃၂၀၀ | ၃၅၀၀ | ၁၀၅၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၂၃၀၀၀ | ၈၀၀၀ |
| ၇ | မော်လမြိုင် | ၂၉၀၀ | | ၁၅၆၀၀ | ၈၀၀၀ | ၁၇၀၀၀ | ၂၈၀၀ | ၁၂၀၀၀ | ၉၀၀၀ | ၇၀၀၀ | ၇၀၀၀ | ၈၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၄၀၀၀ | ၃၆၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၁၀၀၀၀ |
| ၈ | ထားဝယ် | ၃၅၅၀ | | ၁၇၅၀၀ | ၇၇၀၀ | ၁၈၀၀၀ | ၂၈၀၀ | ၉၅၀၀ | ၈၅၀၀ | ၄၈၀၀ | ၅၀၀၀ | ၈၀၀ | ၇၉၀၀ | ၆၅၀၀ | ၄၀၀၀ | ၃၈၀၀ | ၃၇၀၀ | ၁၃၅၀၀ | ၁၉၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | |
| ၉ | မြိတ် | ၃၁၀၀ | | ၁၆၀၀၀ | ၈၁၀၀ | ၁၈၀၀၀ | ၂၉၀၀ | ၁၀၀၀၀ | ၉၅၀၀ | ၄၄၀၀ | ၇၀၀၀ | ၈၀၀ | ၁၁၀၀၀ | ၆၉၀၀ | ၄၁၀၀ | ၄၀၀၀ | ၃၈၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၉၀၀၀ | ၂၄၀၀၀ | |
| ၁၀ | ရန်ကုန် | ၃၀၀၀ | ၂၇၀၀ | ၁၆၀၀၀ | ၅၄၀၀ | ၁၈၀၀၀ | ၂၈၀၀ | ၁၁၀၀၀ | ၉၀၀၀ | ၉၀၀၀ | ၅၀၀၀ | ၆၀၀ | ၇၅၀၀ | ၇၅၀၀ | ၅၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၉၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၁၁ | ပုသိမ် | ၂၉၀၀ | | ၁၄၀၀၀ | ၉၀၀၀ | ၁၇၀၀၀ | ၂၅၀၀ | ၈၀၀၀ | ၇၅၀၀ | ၅၀၀၀ | ၆၀၀၀ | ၃၀၀ | ၆၅၀၀ | ၅၈၀၀ | ၄၅၀၀ | ၃၂၀၀ | ၃၇၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၂၅၀၀၀ | ၈၀၀၀ |
| ၁၂ | စစ်တွေ | ၃၂၀၀ | ၃၀၀၀ | ၁၆၀၀၀ | ၁၀၀၀၀ | ၁၇၅၀၀ | ၂၈၀၀ | ၁၀၀၀၀ | ၁၀၀၀၀ | ၅၅၀၀ | ၇၅၀၀ | ၆၀၀ | ၈၂၀၀ | ၇၀၀၀ | ၃၀၀၀ | ၄၂၀၀ | ၄၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၂၆၀၀၀ | ၂၆၀၀၀ | |
| ၁၃ | ဟားခါး | ၅၂၀၀ | | ၁၈၅၀၀ | | ၃၀၀၀၀ | ၃၀၀၀ | ၈၀၀၀ | | | ၄၀၀၀ | ၁၀၀၀ | | ၇၀၀၀ | | ၄၀၀၀ | ၅၀၀၀ | ၁၈၀၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | | ၁၂၀၀၀ |
| ၁၄ | မုံရွာ | ၅၆၀၀ | | ၁၃၅၀၀ | ၉၉၀၀ | ၁၉၀၀၀ | ၂၃၀၀ | ၇၅၀၀ | ၈၅၀၀ | ၆၀၀၀ | ၅၀၀၀ | ၈၀၀ | ၇၈၀၀ | ၇၀၀၀ | ၄၀၀၀ | ၂၆၀၀ | ၄၀၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၇၀၀၀ | ၂၆၀၀၀ | ၈၀၀၀ |
| ၁၅ | မန္တလေး | ၄၀၀၀ | ၂၇၅၀ | ၁၅၀၀၀ | ၉၈၀၀ | ၂၂၀၀၀ | ၂၂၀၀ | ၇၂၀၀ | ၈၀၀၀ | ၅၀၀၀ | ၇၅၀၀ | ၈၀၀ | ၉၉၀၀ | ၆၈၀၀ | ၆၀၀၀ | ၂၈၀၀ | ၃၆၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၁၀၀၀၀ |
| ၁၆ | ပခုက္ကူ | ၄၀၀၀ | | ၁၄၀၀၀ | ၉၀၀၀ | ၁၈၀၀၀ | ၂၅၀၀ | ၁၂၀၀၀ | ၈၀၀၀ | ၇၀၀၀ | ၆၀၀၀ | ၆၀၀ | ၇၇၀၀ | ၇၇၀၀ | ၃၀၀၀ | ၃၀၀၀ | ၃၅၀၀ | ၁၂၀၀၀ | ၂၃၀၀၀ | ၁၇၀၀၀ | ၂၃၀၀၀ | ၇၅၀၀ |
| ၁၇ | မကွေး | ၃၈၀၀ | | ၁၄၅၀၀ | ၉၀၀၀ | ၁၈၀၀၀ | ၂၈၀၀ | ၇၅၀၀ | ၇၀၀၀ | ၆၀၀၀ | ၇၀၀၀ | ၁၀၀၀ | ၇၅၀၀ | ၈၀၀၀ | ၅၅၀၀ | ၃၂၀၀ | ၃၀၀၀ | ၁၄၀၀၀ | ၁၉၀၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | ၇၅၀၀ |
| ၁၈ | ပြည် | ၂၇၅၀ | | ၁၄၀၀၀ | ၁၀၀၀၀ | ၂၅၀၀၀ | ၂၇၀၀ | ၉၈၀၀ | ၉၅၀၀ | ၄၅၀၀ | ၆၅၀၀ | ၆၀၀ | ၇၀၀၀ | ၆၅၀၀ | ၄၀၀၀ | ၃၅၀၀ | ၃၅၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၁၃၀၀၀ |
| ၁၉ | ပဲခူး | ၂၉၀၀ | | ၁၄၀၀၀ | ၉၇၀၀ | ၁၆၀၀၀ | ၂၈၀၀ | ၈၀၀၀ | ၇၅၀၀ | | ၇၅၀၀ | ၄၅၀ | ၈၄၀၀ | ၆၂၀၀ | ၃၁၀၀ | ၃၁၀၀ | ၃၆၅၀ | ၁၁၀၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၆၅၀၀ |
| ၂၀ | ပျဉ်းမနား | ၃၄၀၀ | | ၁၅၀၀၀ | ၈၀၀၀ | ၁၉၀၀၀ | ၂၅၀၀ | ၇၈၀၀ | ၈၂၀၀ | ၄၂၀၀ | ၅၂၀၀ | ၄၀၀ | ၇၂၀၀ | ၆၅၀၀ | ၄၀၀၀ | ၃၀၀၀ | ၃၈၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၄၀၀၀ | ၂၄၀၀၀ | ၁၂၀၀၀ |
| ၂၁ | နေပြည်တော် | ၃၄၀၀ | | ၁၅၅၀၀ | ၈၀၀၀ | ၂၀၀၀၀ | ၂၆၀၀ | ၈၀၀၀ | ၈၂၀၀ | ၄၅၀၀ | ၅၄၀၀ | ၄၀၀ | ၇၅၀၀ | ၆၅၀၀ | ၄၂၀၀ | ၃၂၀၀ | ၃၈၀၀ | ၁၂၀၀၀ | ၁၈၅၀၀ | ၁၅၀၀၀ | ၂၄၀၀၀ | ၁၂၀၀၀ |
| ၂၂ | ကလေး | ၄၃၀၀ | ၄၂၀၀ | ၁၄၅၀၀ | ၉၅၀၀ | ၂၂၀၀၀ | ၂၅၀၀ | ၄၅၀၀ | ၇၀၀၀ | ၄၀၀၀ | ၅၀၀၀ | ၇၀၀ | ၈၃၀၀ | ၆၃၀၀ | ၄၀၀၀ | ၃၇၀၀ | ၃၃၀၀ | ၁၄၀၀၀ | ၂၀၀၀၀ | ၁၇၀၀၀ | ၂၈၀၀၀ | ၈၀၀၀ |

မှတ်ချက်။ (၁) ဧည့်မထဆန် တစ်ပြည်လျှင် ဟားခါးတွင် ၄၅၀ကျပ်၊ ပဲခူးတွင် ၁၀၀ကျပ်၊ စားအုန်းဆီ တစ်ပိဿာလျှင် လားရှိုးနှင့်စစ်တွေတွင် ၅၀၀ကျပ်၊ ပဲခူးတွင် ၂၀၀ကျပ်၊ ငရုတ်ခြောက် တစ်ပိဿာလျှင် ကျိုင်းတုံတွင် ၅၀၀ကျပ်၊ ကုလားပဲ တစ်ပိဿာလျှင် မြစ်ကြီးနားတွင် ၅၀၀ကျပ်၊ ပျဉ်းမနားနှင့်နေပြည်တော်တွင် ၃၀၀ကျပ်၊ မန်ကျည်းသီး တစ်ပိဿာလျှင် ရန်ကုန်တွင် ၁၀၀၀ကျပ်၊ အာလူး တစ်ပိဿာလျှင် စစ်တွေတွင် ၂၀၀ကျပ်၊ ကြက်သား တစ်ပိဿာလျှင် လားရှိုးတွင် ၅၀၀ကျပ် ဈေးတက်ခဲ့ပါသည်။

(၂) ဧည့်မထဆန်နှင့်ငစိန်ဆန် တစ်ပြည်လျှင် စစ်တွေတွင် ၅၀ကျပ်၊ ပဲဆီ တစ်ပိဿာလျှင် ပဲခူးတွင် ၅၀၀ကျပ်၊ စားအုန်းဆီ တစ်ပိဿာလျှင် မြစ်ကြီးနားတွင် ၅၀၀ကျပ်၊ ငရုတ်ခြောက် တစ်ပိဿာလျှင် စစ်တွေတွင် ၅၀၀ကျပ်၊ ကြက်သွန်နီ တစ်ပိဿာလျှင် စစ်တွေတွင် ၁၀၀ကျပ်၊ ကြက်သွန်ဖြူ(ရှမ်းစ) တစ်ပိဿာလျှင် စစ်တွေတွင် ၂၀၀ကျပ်၊ မန်ကျည်းသီး တစ်ပိဿာလျှင် မြိတ်တွင် ၅၀၀ကျပ် ဈေးကျခဲ့ပါသည်။

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က "မာရဝိဇယ"ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီးသာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေနေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

## ၁၆-၈-၂၀၂၃ ရက်နေ့အထိ အလှူငွေများထည့်ဝင်လှူဒါန်းထားသည့် အလှူရှင်ဘုရားဒါယကာ၊ ဒါယိကာမများစာရင်း

### နဝကမ္မ

| စဉ် | အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၄၉၂၁။ | ဦးရွှေဝင်းနှင့်ဇနီး ဒေါ်ကြည်ထွေး လမင်းပွဲရုံမိသားစုကောင်းမှု | ၃၀၀၀၀၀၀၀ |
| ၄၉၂၂။ | မိုးတိမ်ကမ္ဘာမိသားစုကောင်းမှု | ၁၁၇၀၀၀၀၀ |
| ၄၉၂၃။ | ဦးငွေလွင်နှင့်ဇနီး ဒေါ်ခင်ချိုအေးနှင့် သား၊ သမီးများဖြစ်ကြသော ဒေါက်တာရဲမင်းထွေးနှင့်ဇနီး ဒေါက်တာနှင်းအေးလွင်၊ မနှင်းအေးချမ်းမိသားစုကောင်းမှု | ၅၀၀၀၀၀၀ |
| ၄၉၂၄။ | တပ်ကြပ်ကြီးစာရေးသင်တန်းအမှတ်စဉ်(၁၀၁)မှ သူငယ်ချင်းများနှင့်မိသားစုများ (၂၉)နှစ်မြောက်နှစ်ပတ်လည်နေ့ အထိမ်းအမှတ်ကောင်းမှု | ၃၉၀၀၀၀၀ |
| ၄၉၂၅။ | ဦးမြင့်စိန်နှင့်ဇနီး ဒေါ်ခင်စောဝင်းမိသားစုကောင်းမှု | ၃၅၀၀၀၀၀ |
| ၄၉၂၆။ | ဦးလှအုန်းနှင့်ဇနီး ဒေါ်မြစန်းမိသားစုကောင်းမှု | ၃၀၀၀၀၀၀ |
| ၄၉၂၇။ | အင်းဝဘဏ် Customer (၁၅)ဦး မိသားစုကောင်းမှု | ၂၁၅၀၀၀၀ |
| ၄၉၂၈။ | ဆရာချစ်နိုင်(စိတ်ပညာ)မိသားစုကောင်းမှု | ၁၁၁၀၀၀၀ |
| ၄၉၂၉။ | ဦးမျိုးဝင်းနှင့်ဇနီး ဒေါ်အေးသိန်းမိသားစုကောင်းမှု | ၁၀၀၀၀၀၀ |
| ၄၉၃၀။ | အမည်မဖော်လိုသူအလှူရှင်တစ်ဦးကောင်းမှု | ၁၀၀၀၀၀၀ |
| ၄၉၃၁။ | ဦးသန်းဝင်းမိသားစုကောင်းမှု | ၁၀၀၀၀၀၀ |
| ၄၉၃၂။ | ဗိုလ်ကြီးထွန်းထွန်းဦးနှင့်ဇနီး ဒေါ်သန်းသန်းဌေး၊ (သား) ဗိုလ်ကြီးရဲစစ်ပိုင်နှင့်ဇနီး ဒေါ်မေဇော်ထက်၊ (မြေး) ပိုးအိမ့်သွန်း၊ သံသာချမ်းမြေ့၊ (သမီး) မဝင့်ဝါထွန်းမိသားစုကောင်းမှု | ၁၀၀၀၀၀၀ |
| ၄၉၃၃။ | ဦးအောင်ထွန်းခိုင်နှင့်ဇနီး ဒေါ်အေးသက် မိသားစုကောင်းမှု | ၁၀၀၀၀၀၀ |
| ၄၉၃၄။ | မိဘများနှင့်ဒေါ်နုနုဝင်းအားရည်စူး၍ ဗိုလ်ကြီးလှအောင်(ငြိမ်း)၊ (သားကြီး) ဗိုလ်မှူးငြိမ်းထက်အောင် နှင့်ဇနီး ဒေါ်စိမ့်လဲ့မိုး၊ (သားလတ်)ဗိုလ်ကြီးဟိန်းသူရအောင်နှင့်ဇနီး ဒေါ်ထားထားအိ၊ (သားငယ်) ဒေါက်တာဌေးမင်းအောင် မိသားစုကောင်းမှု | ၁၀၀၀၀၀၀ |

### နဝကမ္မ

| စဉ် | အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၄၉၃၅။ | ဦးအောင်ကျော်နှင့်ဇနီး ဒေါ်စီစီလှ မိသားစုတို့မှ ဦးပြည့်ဖြိုးမောင်၊ ကိုပြည့်ဖြိုးအောင် မွေးနေ့အလှူကောင်းမှု | ၁၀၀၀၀၀၀ |
| ၄၉၃၆။ | ဦးခင်မောင်ကြီးနှင့်ဇနီး ဒေါ်တင်စိန် သား၊ သမီး၊ မြေးတစ်စုကောင်းမှု | ၉၀၀၀၀၀ |
| ၄၉၃၇။ | ကာယပညာနှင့်အားကစားအခြေခံနည်းပြသင်တန်း အမှတ်စဉ်(၁၂) မိသားစုကောင်းမှု | ၇၅၁၀၀၀ |
| ၄၉၃၈။ | ကွယ်လွန်သူဦးလှမြင့်နှင့် မိုးဇော်အောင်ခိုင် တို့အားရည်စူး၍ ဒေါ်မျိုးသီဂီလှိုင် မိသားစုကောင်းမှု | ၆၀၀၀၀၀ |
| ၄၉၃၉။ | ဦးတင်ညိုနှင့်ဇနီး မစန္ဒာမိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၄၉၄၀။ | အမည်မဖော်လိုသူအလှူရှင်တစ်ဦးကောင်းမှု | ၅၀၀၀၀၀ |
| ၄၉၄၁။ | ဦးဆန်ထွန်းအောင် မိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၄၉၄၂။ | ကွယ်လွန်သူ ဗိုလ်မှူးတင်မောင်သန်း(ငြိမ်း) အားရည်စူး၍ ဇနီး ဒေါ်လှလှမြင့် သား၊ သမီးများကောင်းမှု | ၅၀၀၀၀၀ |
| ၄၉၄၃။ | ဗိုလ်ကြီးဒေါ်အားရင်(ငြိမ်း) မိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၄၉၄၄။ | General Terdsak Dumkhum မိသားစုကောင်းမှု | ၃၇၀၀၀၀ |
| ၄၉၄၅။ | ဒုတိယဗိုလ်မှူးကြီးပြည့်စုံအောင်နှင့်ဇနီး ဒေါ်အေးမြဖြိုးသာမိသားစုကောင်းမှု | ၃၁၀၀၀၀ |
| ၄၉၄၆။ | ဒုတိယဗိုလ်မှူးကြီးသန့်ဇင်နှင့်ဇနီး ဒေါ်ထားထားစိုး မိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၄၉၄၇။ | ဦးလှဝင်းနှင့်ဇနီး ဒေါ်လှလှသိန်းမိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၄၉၄၈။ | ပုသိမ်တက္ကသိုလ်မိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၄၉၄၉။ | ဦးသိန်းထွန်းဦးနှင့်ဇနီး ဒေါ်ချိုချိုအေးမိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၄၉၅၀။ | ဦးခင်ဝင်းနှင့်ဇနီး ဒေါ်ဝင်းမာမိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၄၉၅၁။ | နှစ်ဖက်သောမိဘများအားရည်စူး၍ ဦးမောင်မောင်မြင့်နှင့်ဇနီး ဒေါ်ဥမ္မာမြင့်မိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၄၉၅၂။ | ကွယ်လွန်သူ ဦးဆန်းမြင့်အားရည်စူး၍ ရေသန့်အလှူတော်ကောင်းမှု | ၃၀၀၀၀၀ |

### ပိဋကသုံးပုံကျမ်းစာအုပ်

| စဉ် | အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၄၉၅၃။ | ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ကောင်းမှု (အထူး Bibble Paper ကျမ်းစာအုပ် -၄၀ စုံနှင့် Creamy စက္ကူကျမ်းစာအုပ် -၄၀ စုံ) | ၁၂၈၀၀၀၀၀ |
| ၄၉၅၄။ | စစ်တက္ကသိုလ်အမှတ်စဉ်(၂၅) ကျောင်းဆင်းအရာရှိ မိသားစုများကောင်းမှု (အထူး Bibble Paper ကျမ်းစာအုပ် -၁ စုံနှင့် Creamy စက္ကူကျမ်းစာအုပ် -၁ စုံ) | ၃၂၀၀၀၀ |
| ၄၉၅၅။ | ဦးထိုက်သူ(C/E BSM စင်ကာပူ) နှင့်ဇနီး ဒေါ်မေသက်ထွန်း (ရတနာလျှမ်းစိန်ရွှေရတနာဆိုင်၊ ယုဇနပလာဇာ၊ ရန်ကုန်မြို့)၊ (သမီးကြီး) မဝေဒီပါထိုက်(ဓော္တစင်ကာပူ)၊ (သားငယ်) မောင်ပြည့်စုံထိုက်သူ(ဓော္တစင်ကာပူ)မိသားစုကောင်းမှု (အထူး Bibble Paper ကျမ်းစာအုပ် -၁ စုံနှင့် Creamy စက္ကူကျမ်းစာအုပ် -၁ စုံ) | ၃၂၀၀၀၀ |
| ၄၉၅၆။ | မိခင်ကြီး ဒေါ်မတင်အားရည်စူး၍ ဦးသာဆိုင်နှင့်ဇနီး ဒေါ်လှမူ၊ (သား) ဦးကျော်စိုးဦး၊ (သမီး)မမြင့်မြင့်ဝေမိသားစုကောင်းမှု (အထူး Bibble Paper ကျမ်းစာအုပ် -၁ စုံ) | ၂၀၀၀၀၀ |
| ၄၉၅၇။ | ဆက်သွယ်ရေးညွှန်ကြားရေးမှူးရုံးမှ အရာရှိ/အရာခံ/အကြပ်စစ်သည်မိသားစုများကောင်းမှု (Creamy စက္ကူကျမ်းစာအုပ် -၁ စုံ) | ၁၂၀၀၀၀ |
| ၄၉၅၈။ | ဦးအောင်သီဟ မိသားစုကောင်းမှု (Creamy စက္ကူကျမ်းစာအုပ် -၁ စုံ) | ၁၂၀၀၀၀ |
| ၄၉၅၉။ | ဒေါ်လဲ့လဲ့မေ (မရွှေမြိုင်၊ ပျဉ်းမနား) ရိုးမရတနာချည့်ရိပ်သာ မိသားစုကောင်းမှု (Creamy စက္ကူကျမ်းစာအုပ် -၁စုံ) | ၁၂၀၀၀၀ |
| ၄၉၆၀။ | (ဦးမြသန်း) နှင့်ဇနီး ဒေါ်အုန်းရင် မိသားစုကောင်းမှု (Creamy စက္ကူကျမ်းစာအုပ် -၁စုံ) | ၁၂၀၀၀၀ |
| ၄၉၆၁။ | နှစ်ဖက်သောမိဘများအား ဦးထိပ်ထားရည်စူး၍ ဦးကိုကိုကြီးနှင့်ဇနီး ဒေါ်အေးအေးစံ၊ (သား) မောင်မြတ်ထူးအောင်၊ (သမီး) မသက်ထားအောင် မိသားစုကောင်းမှု (Creamy စက္ကူကျမ်းစာအုပ် -၁ စုံ) | ၁၂၀၀၀၀ |

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော** ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅

**(ခ) ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆


**ပျောက်ဆုံးကြောင်း**

ဒေါ်ခင်လင်းလင်းထွန်း [၁၂/သကတ(နိုင်)၁၉၂၉၃၅]ကိုင်ဆောင်သော နိုင်ငံကူးလက်မှတ်-MF 078639 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

Ph: 09-771227282

**ဖခင်အမည်မှန်**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အ.ထ.က(၂)၊ Grade-8. C မှ မခင်စန္ဒာ၏ ဖခင်အမည်မှန်မှာ ဦးစိုးခိုင် [၁၄/ညတန(နိုင်)၁၂၉၉၁၄] ဖြစ်ပါကြောင်း။

**ပတ်စ်ပို့ပျောက်**

ကျွန်တော် မောင်ထွန်းမင်းလတ် [၅/ကနန(နိုင်) ၀၈၉၁၉၂] ၏ပတ်စ်ပို့နံပါတ်(MD-860894) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၉၄၄၀၁၃၆၉

**ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း**

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၉/ပုဗ္ဗသီရိအနောက်ရပ်၊ ဝဏ္ဏဒီပရပ်ကွက်မှ မြေဧရိယာ (၀.၁၁၀)ဧကရှိ ဦးကျော်ဌေးလွင် [၁၂/မဂဒ(နိုင်)၀၁၅၁၁၃]၊ အဖအမည် ဦးမြင့်သိန်း အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ်မြေကွက်အမှတ်(ပ-၂၂၃၄၉)ကို နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်- ၁၇၆၁/၂၀၂၀ (၆-၁၁-၂၀၂၀)ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဦးသောင်းကြည် [၇/သဝထ(နိုင်)၀၉၀၂၅၄] အဖအမည် ဦးမြင့်သိန်းမှ ဒေါ်ကျော့ကျော့ခင် [၁၂/မဂဒ(နိုင်)၁၂၈၉၀၅]နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## “အများသိစေရန် ကြေညာခြင်း”

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၁)၊ မြေကွက်အမှတ်(၁၉၆)၊ အလျား(၄၃) x အနံ(၆၀)ပေ၊ ဧရိယာ(၀.၀၅၉)၊ ကေ(၂၅၈၀)စတုရန်းပေရှိ နှစ်(၆၀)ဂရန်မြေအမျိုးအစားမြေကွက်ကြီး၏ တရားဝင်မခွဲမစိတ်ရသေးသော အလျား(၂၀) x အနံ(၆၀)အကျယ်ရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနတွင် ဦးညွှန့်လွင်(EC-၀၀၈၈၇၇)အမည်ပေါက်ကြောင်း ရောင်းချသူများဖြစ်ကြသော ဦးစိုးမိုး[၁၂/မရက(နိုင်)၁၂၆၂၀၅]၊ ဒေါ်စိမ့်ဝေထွန်း[၁၂/ဗတထ(နိုင်)၀၃၆၆၄၆]တို့မှ ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ မြေကွက်အပြီးအပိုင်အရောင်းအဝယ်စာချုပ်မှတ်ပုံတင်စာချုပ်အမှတ်-၁၆၀၆/၂၀၂၃ဖြင့် တရားဝင်လက်ရှိပိုင်ဆိုင်ပြီး ရောင်းချခြင်းဖြင့် စီမံခန့်ခွဲခွင့်ရှိကြောင်း ပြောဆိုကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်အေးအေးသန်း[၅/ဆလက(နိုင်)၀၀၁၄၇၂]က အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်၍ ဤမြေကွက်အရောင်းအဝယ်အပေါ်ကန့်ကွက်လိုပါက ဤကြေညာချက်ပါရှိသည့်နေ့မှစ၍(၁၄)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဆက်လက်လုပ်ကိုင်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သဲစုနွေး LL.B အထက်တန်းရှေ့နေ(စဉ်-၄၃၃၉၃)**
**အမှတ်(၅၀/ခ)၊ မဟော်သဓာ(၁)လမ်း၊ (၁၂)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်။ ဖုန်း-၀၉-၄၅၅၀၉၂၈၈၂**

## “အများသိစေရန်နှင့်ကန့်ကွက်နိုင်ကြောင်းကြေညာချက်”

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ မြေတိုင်းရပ်ကွက် (၁၄)၊ ဖိုးရာဇာ (၃) လမ်း၊ မြေကွက်အမှတ် (၈၇၇) ဟုခေါ်တွင်သော အကျယ်အဝန်း အလျား (၄၀) ပေ × အနံ (၆၀) ပေ မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုမြေယာဌာနတွင် ဒေါ်အေးအေးဝင်းအမည်ပေါက် ပါမစ်မြေကွက်ဖြစ်ပြီး အဆိုပါမြေကွက်ကြီးအနက်မှ (မြေကွက်အမှတ် - ၈၇၆ နှင့်ကပ်လျက်) အလျား×အနံ (၂၀×၆၀) ပေ ပါမစ်မူရင်း မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နှစ်ထပ်တိုက်အိမ် ရေ+မီး အပါအဝင် အိမ်ခြံမြေနှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို ဆက်စပ်စာချုပ်များဖြင့်ဝယ်ယူပိုင်ဆိုင်ထားသူ ဦးအေးတင် (၁၁/ကတန(နိုင်) ၀၈၄၅၇၅) မှ ၎င်းတရားဝင် လက်ရှိပိုင်ဆိုင်ပြီး ရောင်းချခွင့်ရှိကြောင်း၊ အရှုပ်အရှင်း ကင်းရှင်းကြောင်း ဝန်ခံကတိပြုလျှက် အပြီးအပိုင်လွှဲပြောင်း ရောင်းချရန် ကမ်းလှမ်းခြင်းကို ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်ချိုချိုထွေး (၁၂/ဒဂန(နိုင်)၀၁၆၅၉၅) မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရံငွေ ပေးချေထားပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်ရန်ရှိပါက (၂၄. ၈. ၂၀၂၃) ရက်နေ့ နောက်ဆုံးထားပြီး ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှု စာရွက်စာတမ်း မူရင်းအပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန် မရှိပါက အထက်ဖော်ပြပါ နှစ်ဦးသဘောတူအိမ်ခြံမြေအပြီးအပိုင် အရောင်းအဝယ်ကိုဥပဒေနှင့် အညီ ပြီးမြောက်အောင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ - **ဒေါ်ဝင့်ဝင့်ထွန်း (LL.B)** တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၈၀၆၉)
အမှတ် (၁၂/၁၈၉)၊ ရွှေပေါက်ကံမြို့သစ်၊ မြောက်ဥက္ကလာပမြို့နယ်။ ဖုန်း ၀၉-၂၆၁၁၀၁၁၃၄

## မော်တော်ယာဉ်ငှားရမ်းလိုခြင်း

Horizon Telecom International Co., Ltd. Yangon (ရုံးချုပ်)တွင် Fiber Installation လုပ်ငန်းအသုံးပြုရန်အတွက် အောက်ဖော်ပြပါ မော်တော်ယာဉ်များ လိုအပ်နေပါသောကြောင့် ငှားရမ်းလိုသည့် ပိုင်ရှင်များအနေဖြင့် ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

Small Pick-up [Hi jet /Suzuki Carry/Nissan Clipper/ Suzuki (R-)], Light Truck

(လုပ်ငန်းလိုင်စင်ပါရှိရပါမည်)

(၁၇-၈-၂၀၂၃)ရက်နေ့မှ (၃၁-၈-၂၀၂၃)ရက်နေ့ ရုံးချိန်အတွင်း အောက်ပါဖုန်းနံပါတ်များသို့ ၀၉-၉၄၆၃၁၀၉၈၉၊ ၀၉-၉၇၇၇၅၁၆၃၃၊ ၀၉-၉၇၇၇၅၁၆၄၂ ဆက်သွယ်နိုင်ပါသည်။

MS2 Tower, Kandawgyi Yeik Mon Complex, Dobe Street, Mingalartaungnyunt Township.

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးနိုင်လင်းဝေ [၁၂/စခန(နိုင်)၀၆၁၂၈၅] ပိုင်ဆိုင်သော MAEX အစုရှယ်ယာကတ်အမှတ် NO-416 အစုရှယ်ယာအစောင်ရေ 100 သည် ပျောက်ဆုံးသွားပါကြောင်း ကြေညာအပ်ပါသည်။

**Ph:09-5501281**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၇)၊ မြေကွက်အမှတ်(၁၃၃၉)၊ မြေကွက်တည်နေရာအမှတ်-၁၃၃၉၊ ချမ်းမြေ့သာစည်လမ်း၊ ၅၇-ရပ်ကွက်၊ဒဂုံတောင် ဒေါ်မိမိမွှေး (N/KGN-001237) အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား အမည်ပေါက်ဒေါ်မိမိမွှေး၏ ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး အထူးကိုယ်စားလှယ်လွှဲစာအမှတ်- ၁၁၄၂၇/၂၀၂၀ (၈-၉-၂၀၂၀) ရရှိသူ ဦးပြည့်ဖြိုးဇော် [၁၂/ဥကတ(နိုင်)၁၆၂၀၅၃]နှင့် အမည်ပေါက် ဒေါ်မိမိမွှေးထံမှ အရောင်းအဝယ် မှတ်ပုံတင်စာချုပ်အမှတ်-၈၄၈၂/၂၀၂၂(၂၅-၁၁-၂၀၂၂) ဖြင့်တရားဝင်မခွဲစိတ်ရသေးသော အမှတ်(၁၃၃၈) နှင့် ကပ်လျက်ဘက်အခြမ်းရှိ အကျယ်အဝန်း (၂၀x ၆၀)ပေအား ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်နီလာကြီးမြင့်[၁၂/စခန(နိုင်)၀၅၉၇၃၂]၏ ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး အထူးကိုယ်စားလှယ်လွှဲစာအမှတ်-၂၁၇၈၆/၂၀၂၂(၂၂-၁၁-၂၀၂၂)ရရှိသူဒေါ်အိမ့်ဖြူနိုင်[၁၂/ဒဂရ(နိုင်)၀၀၄၁၂၇]မှ အမြတ်ခွန်ပြေစာ၊ နှစ်(၆၀)ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အထူးကိုယ်စားလှယ်လွှဲစာ (၁၁၄၂၇/၂၀၂၀)ဖြင့် ကိုယ်စားလှယ်လွှဲသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ကိုယ်စားလှယ်လွှဲစာမရုပ်သိမ်းကြောင်း ကျမ်းကျိန်လွှာအမှတ်-၉၁၃/၂၀၂၂(၁၆-၁၂-၂၀၂၂)ဖြင့် ကျမ်းကျိန်ဆိုထားသည့် ကျမ်းကျိန်လွှာ (၁) စောင်၊ အထူးကိုယ်စားလှယ်လွှဲစာ (၂၁၇၈၆/၂၀၂၂)ဖြင့် ကိုယ်စားလှယ်လွှဲသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ကိုယ်စားလှယ်လွှဲစာ မရုပ်သိမ်းကြောင်း ကျမ်းကျိန်လွှာအမှတ်-၁၃၁/၂၀၂၂ (၂-၁၂-၂၀၂၂)ဖြင့် ကျမ်းကျိန်ဆိုထားသည့် ကျမ်းကျိန်လွှာ (၁)စောင်၊ SP ဦးပြည့်ဖြိုးဇော်မှ ကျန်ရှိသည့်အရောင်း မြေပုံမူရင်း (၂)ပုံ(၁)ချပ်သည် မိမိ၏လက်ဝယ်တွင် ပျောက်ဆုံးသည်မှာ မှန်ကန်ပါကြောင်း၊ ထို့ပြင်မြေကွက်၏ ကျန်ရှိသည့်တစ်ဝက်(၂၀x၆၀)ပေအား မိမိတို့မိသားစု ကိုယ်တိုင်အဆောက်အဦဆောက် လုပ်နေထိုင်ပါကြောင်း၊ တစ်ဆင့်လွှဲပြောင်းရောင်းချ ပေါင်နှံပေးကမ်း၊ လှူဒါန်းထားခြင်းမရှိ၊ အရှုပ်အရှင်းကင်းရှင်းပါကြောင်း၊ မြေကွက်နှင့်ပတ်သက်၍ ဖြစ်ပေါ်လာမည့်ပြဿနာအား မိမိမှတာဝန်ယူပါကြောင်း ကျမ်းကျိန်လွှာအမှတ်-၂၁၄၄/ ၂၀၂၃(၂၂-၆-၂၀၂၃)ဖြင့် ကျမ်းကျိန်ဆိုထားသည့် ကျမ်းကျိန်လွှာ(၁)စောင်တို့ တင်ပြ၍ SP ဒေါ်အိမ့်ဖြူနိုင်+၁ တို့၏ မြေတိုင်းလျှောက်ထားခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍(၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/ဟိုတယ်ဇုန်အရှေ့ရပ်၊ မြေကွက်အမှတ် (A-၁၃၄)၊ မြေဧရိယာ(၀.၂၂၉)ကေရှိ ဦးတင်ဝင်းအောင်(ဘ)ဦးမောင်မြ[၂/လကန(နိုင်)၀၂၀၈၁၆] အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ်မြေကွက်ကို ဦးတင်ဝင်းအောင်ထံမှ နေပြည်တော် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူး ကိုယ်စားလှယ်လွှဲအပ်စာအမှတ်-(၁၁၉၄/၂၀၂၃)(၅-၅-၂၀၂၃)ရရှိထားသူ ဦးဇော်လင်း(ဘ)ဦးဘိုကြီး[၁၂/မရက(နိုင်)၁၂၀၅၃၃]မှ ဦးရဲဝင့်ထွဋ်တင်(ဘ) ဦးတင်ညွှန့်[၂/ဒမဆ(နိုင်)၀၁၂၄၃၁] နှင့် အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေး**
**ကော်မတီ**

## သွေးသည် အသက်

## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန စီမံကိန်းရေးဆွဲရေးဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော ဒုတိယဦးစီးမှူးနှင့်အငယ်တန်းစာရေးရာထူးနေရာများအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ အမှုထမ်းရာထူး (၁၀၅) နေရာအတွက် လျှောက်လွှာခေါ်ယူခြင်းဖြစ်ပါသည်-

| | | |
|---|---|---|
| (က) | ဒုတိယဦးစီးမှူး (လစာနှုန်းကျပ် ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) | ကျား(၅၀)နေရာ<br>မ (၅၀)နေရာ |
| (ခ) | အငယ်တန်းစာရေး (လစာနှုန်းကျပ် ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | ( ၅ )နေရာ |

၂။ အထက်ဖော်ပြပါ ရာထူးနေရာများအတွက် လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) ၃၀-၉-၂၀၂၃ ရက်နေ့တွင် အသက်(၃၀)နှစ် ထက် မကျော်လွန်စေရ။

(ဂ) နိုင်ငံ့ဝန်ထမ်းဖြစ်ပါက ၃၀-၉-၂၀၂၃ ရက်နေ့တွင် အသက်(၃၅)နှစ်ထက် မကျော်လွန်စေရ။ (သက်ဆိုင်ရာဌာနအကြီးအကဲ၏ ခွင့်ပြုချက်ဖြင့် ဝန်ကြီးဌာနမှတစ်ဆင့် လျှောက်ထားရမည်။)

(ဃ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။

(င) ဒုတိယဦးစီးမှူးရာထူးအတွက် စီးပွားရေးနှင့်ဆက်နွှယ်သည့် ပညာရပ်ဆိုင်ရာ ဘွဲ့ရရှိသူဖြစ်ရမည်။

(B.Com, B.Econ(Stats),B.Econ(Eco), B.Act, B.B.M, B.B.A, B.P.S, B.Dev.S, B.P.A,……စသည့် စီးပွားရေးနှင့် ဆက်နွှယ်သည့်ဘွဲ့များ)

(အထက်ပါဘွဲ့အားလုံးအတွက် မဟာဘွဲ့ရသူများလည်း လျှောက်ထားနိုင်ပါသည်။)

(စ) အငယ်တန်းစာရေးရာထူးအတွက် ဘွဲ့တစ်ခုခုရရှိသူဖြစ်ရမည်။

(ဆ) ဒုတိယဦးစီးမှူးများသည် ဌာနတွင် အနည်းဆုံး(၅)နှစ် တာဝန်ထမ်းဆောင်နိုင်ပြီး ဒေသမရွေး သွားရောက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

အငယ်တန်းစာရေးများသည် ဌာနတွင် အနည်းဆုံး(၂)နှစ် တာဝန်ထမ်းဆောင်ရန်နှင့် ရုံးချုပ်နှင့် နေပြည်တော်အတွင်းရှိ စီမံကိန်းဦးစီးရုံးများတွင် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

(ဇ) ဒုတိယဦးစီးမှူးနှင့်အငယ်တန်းစာရေးရာထူးများအတွက် ကွန်ပျူတာ ကျွမ်းကျင်စွာ အသုံးပြုနိုင်သူဖြစ်ရမည်။

(ဈ) စီမံကိန်းရေးဆွဲရေးဦးစီးဌာနရှိ လက်ရှိ ရာထူးသက်(၂)နှစ်ပြည့်ပြီးသည့် အကြီးတန်းစာရေးနှင့် စာရင်းကိုင်(၃)များသည် ဌာနတွင်း သတ်မှတ်ပညာအရည်အချင်းနှင့် ကိုက်ညီပါက ဒုတိယဦးစီးမှူးရာထူးသို့ ဝင်ရောက်လျှောက်ထားနိုင်သည်။

၃။ လျှောက်ထားသူများသည် စာမေးပွဲဝင်ကြေး ကျပ် ၁,၀၀၀ (ကျပ်တစ်ထောင်တိတိ)ကို စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ ရုံးချုပ်နှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် စီမံကိန်းဦးစီးရုံး များ၏ ငွေစာရင်းအမှတ်များသို့ ပေးသွင်းရမည် ဖြစ်ပါသည်။ အောက်ဖော်ပြပါ သတ်မှတ်လျှောက်လွှာပုံစံဖြင့်သာ လျှောက်ထားရမည်-

(က) အမည်

(ခ) နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်

(ဂ) မွေးသက္ကရာဇ်

(ဃ) လူမျိုးနှင့်ကိုးကွယ်သည့်ဘာသာ

(င) ပညာအရည်အချင်းနှင့်အောင်မြင်သည့်ခုနှစ်

(စ) မိဘအမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့် ၎င်းတို့၏ အလုပ်အကိုင်

